# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**အောင်မြင်ခြင်းအကြောင်း**

အမျက်ထွက်သောသူကို မေတ္တာတရားဖြင့် အောင်နိုင်ရာ၏။ မကောင်းသောသဘောရှိသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန်ပြောသောသူကို အဟုတ်အမှန်ပြောဆိုခြင်းဖြင့် အောင်ရာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၂၂၃)

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၃ ရက်၊ သောကြာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၄၂)

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရက် ၁၀၀

တွေ့ဆုံမေးမြန်း-မင်းမင်းဇော်(သတင်းစဉ်) စာ-၁၆၊ ၁၇



# ကျပ်သန်း ၁၀၀၀ အကုန်အကျခံ၍ သဘာဝဘေးဒဏ်ခံနိုင်မည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံနှစ်လုံး ကိုကိုးကျွန်း၌ ဆောက်မည်



သဘာဝဘေးအန္တရာယ်အတွက် မုန်တိုင်းဒဏ်ခံအဆောက်အအုံနှစ်လုံးဆောက်လုပ်မည့် ကိုကိုးကျွန်းကို ဝေဟင်မှ တွေ့ရစဉ်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဖိုးလုံး**

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုကိုးကျွန်း၌ သဘာဝဘေးအန္တရာယ်ခံနိုင်မည့် ပြည်သူများခိုလှုံရာ မုန်တိုင်းဒဏ်ခံအဆောက်အအုံနှစ်လုံးကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျပ်သန်း ၁၀၀၀ အကုန်အကျခံကာ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကိုကိုးကျွန်းမှာ သဘာဝဘေးအန္တရာယ်ခံနိုင်မယ့် အဆောက်အအုံတွေကို တည်ဆောက်ပေးဖို့ ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အထူးစီမံကိန်းဖြစ်တဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ မြို့နယ်တွေနဲ့ကျေးရွာတွေရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်မှုအစီအစဉ်မှာ ထည့်သွင်းထားပြီးဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်ကပြောကြားသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❖

AUNG NAING SCHOOL OF ACCOUNTANCY
ဦးအောင်နိုင် (ရွှေတံဆိပ်ဆုရှင်-CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
U Aung Naing-LCCI(official page), ASA aung naing
LCCI Level - I, II, III
စာရင်းကိုင်သင်တန်းများ
for 2016, November Exam
ACCA, Dip IFR
ကျောင်းအပ်လက်ခံပြီ
LCCI Approved Centre
အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)။
Tel: 01-377610, 09-730 66231, 09-730 99752, 09-320 60060

မြန်မာ့အလင်း

# ပြည်သူ့အားကိုရယူ

ရခိုင်ပြည်နယ်ကြီး အလျင်အမြန် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

နိုင်ငံတော်သမ္မတရုံးက မေ ၃၀ ရက်တွင် "ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ"နှင့် လုပ်ငန်းကော်မတီလေးရပ်ဖြစ်သော (၁) လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ (၂) လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ (၃) ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ (၄) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့ကို အမိန့်ကြော်ငြာစာများ ထုတ်ပြန်ဖွဲ့စည်းကာ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်လျက်ရှိပြီဖြစ်သည်။

"ရခိုင်ပြည်နယ်သည် သံယဇာတအလွန်ပေါများ ကြွယ်ဝသည့် ပြည်နယ်ကြီးဖြစ်ပြီး ရေ၊ မြေ၊ သစ်တော၊ သဘာဝတွင်းထွက်သယံဇာတများ ပေါများကြွယ်ဝပါကြောင်း၊ ယင်းတို့ကို အကျိုးရှိရှိဖြင့် ပြည်ထောင်စုအစိုးရ၏ကွပ်ကဲမှုနှင့် ဒေသခံပြည်သူများ၊ အဖွဲ့အစည်းများကပါ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဆိုပါက ပြည်နယ်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရည်မှန်းထားသကဲ့သို့ အမျိုးသားရင်ကြားစေ့ရေးအတွက် အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ချစ်ခင်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှုတို့ဖြင့် ပေါင်းစည်းနေထိုင်လုပ်ကိုင်ပြီး တိုင်းပြည်အတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြဖို့ အလွန်အလေးထားပါကြောင်း၊ ယင်းသို့ အလေးထားဆောင်ရွက်နေခြင်းကို ဒေသခံတာဝန်ရှိသူများနှင့် ပြည်သူများကလည်း အားတက်သရောကူညီပံ့ပိုးပေးကြပါရန် ပြောလိုပါကြောင်း"ဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ဇွန် ၁ ရက်နေ့ ရခိုင်ပြည်နယ် မြေပုံမြို့နယ် ပြည်သူလူထုနှင့် တွေ့ဆုံပွဲ၌ ပြောကြားခဲ့သည်။

နိုင်ငံတစ်ခု သို့မဟုတ် ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ထိုနိုင်ငံ၊ ထိုဒေသနေပြည်သူတို့၏ အသိစိတ်ဓာတ်ရှိရှိ တက်တက်ကြွကြွ ပူးပေါင်းပါဝင်မှုတို့မရှိဘဲနှင့် အောင်မြင်မှုမရရှိနိုင်ကြောင်း နိုင်ငံတကာမှ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှု အတွေ့အကြုံများက ပြဆိုလျက်ရှိသည်။ စင်စစ်အားဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုဟူသည် လူကိုအခြေခံသည့်အလျောက် ပြည်သူလူထု၏ တစ်ခဲနက် ပူးပေါင်းပါဝင်ဆောင်ရွက်မှုမှာ မဖြစ်မနေလိုအပ်သည်။ သို့ဖြစ်သည့်အလျောက် ဦးဆောင်မှုနှင့် ပြည်သူလူထုတို့ ကင်းကွာနေခြင်း၊ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေခြင်းကဲ့သို့သော အခြေအနေမျိုး ဖြစ်ပေါ်မလာအောင် သတိကြီးစွာရှောင်ရှားပြီး ပြည်သူလူထုပါဝင်လာအောင်၊ မိမိတို့နေထိုင်ရာဒေသ မိမိတို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်မည်ဟူသော ပြည်သူလူထု၏တက်ကြွမှုအရှိန်အဟုန် (mass-dynamism) ကိုပါရရှိအောင် စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်သည်။ ပြည်သူများကလည်း စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။

ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေခံ မြေခံကောင်းတို့ ရှိပြီးဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဟူသည် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းသဖွယ် ခွဲခြား၍မရသော သဘောရှိသည်။ တည်ငြိမ်အေးချမ်းမှုမရှိဘဲနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်၍မရ။ ဒေသတည်ငြိမ်အေးချမ်းရေးကို လက်တွေ့ကျကျ ဖော်ဆောင်နိုင်သူများမှာ ဒေသခံပြည်သူများပင်ဖြစ်သည်။ ရေခံမြေခံကောင်းအပေါ်တွင် တည်ငြိမ်အေးချမ်းမှုကို ထူထောင်ထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ရခိုင်ဒေသ ဝပြောသာယာဖွံ့ဖြိုးတိုးတက်လာမည်မှာ ကေန်မလွဲ။ ။




## သောက်သုံးရေအခက်အခဲမရှိစေရန် ရေသန့်ဘူးများလှူဒါန်း

**ပျဉ်းမနား ဇွန် ၂**

ကျေးလက်ဒေသနေပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရေးအတွက် နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကူတို့ဆိပ်ကျေးရွာအုပ်စု ဇီးရိုင်းကျေးရွာများသို့ မေ ၃၀ ရက်က ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လွယ်ဟိန်းကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ Alpine သောက်ရေသန့် တစ်လီတာ ဘူးကတ် ၁၅၆၁ ကတ် တန်ဖိုးငွေကျပ် ၁၉၂၀၀၀၀ အား ပျဉ်းမနားထွေ/အုပ်ဝန်ထမ်းများနှင့် နေပြည်တော်ရုံးခွဲ Alpine သောက်ရေသန့်မှ မန်နေဂျာနှင့် ဝန်ထမ်းများက မော်တော်ယာဉ်များဖြင့် သွားရောက်လှူဒါန်းခဲ့ရာ ကျေးရွာနေပြည်သူများက လှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

## လယ်ယာသုံးစက်ကိရိယာများ အခမဲ့ကွင်းဆင်းပြုပြင်ပေး

**လယ်ဝေး ဇွန် ၂**

စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၇) စက်မှုလယ်ယာစခန်း လယ်ဝေးမြို့အနေဖြင့် တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများ မိုးသီးနှံအချိန်မီ စက်စွမ်းအားဖြင့် လုပ်ငန်းခွင်ဝင်ရောက်ဆောင်ရွက်နိုင်ရန်အတွက် စက်မှုလယ်ယာစက်ပြင်ဝန်ထမ်းများဖြင့် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ဇီးဖြူကုန်းကျေးရွာတွင် မေ ၂၆ ရက်မှစတင်၍ စက်ကိရိယာပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် လိုအပ်သော စက်အပိုပစ္စည်းတချို့အား ဌာနမှထောက်ပံ့ကူညီပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနတိုင်းဦးစီးမှူး ဦးကျော်စိုး၊ ဒက္ခိဏခရိုင် ဦးစီးဌာနမှူး ဦးဝင်းသန့်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသန်းဇော်ဦးတို့က လှည့်လည်ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ဗွက်အိုင်ဖြတ်၍သွားလာနေရသည့် ကျောင်းလမ်းအား အမြန်ဆုံးပြုပြင်ပေးရန် ကျောင်းသားမိဘများက လိုလား

ထင်သာမြင်သာ ပြုပြင်စရာ



မုံရွာမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းရှေ့တည့်တည့်တွင် မိုးရွာပြီဆိုလျှင် ဗွက်ထရေအိုင်ကာ လမ်းမှာလည်း ဆိုးဆိုးရွားရွားပျက်စီးနေပြီဖြစ်သောကြောင့် ကျောင်းတက်ကလေးငယ်များ၊ နေ့စဉ်သွားလာနေသူများ များစွာအခက်တွေ့နေသည်။

ရေအိုင်၍ ပျက်နေသောလမ်းသည် တရုတ်တန်းလမ်းဖြစ်ပြီး အမှတ် (၁) ကျောင်းပေါက်နှင့် တည့်တည့်တွင်ရှိသော ကျောင်းတက်ကျောင်းဆင်းတွင် အဓိကအသုံးပြုသော လမ်းဖြစ်ပြီး ကျောင်းရှေ့ကန့်လန့် တောင်နှင့်မြောက် ဖောက်ထားသော ဓမ္မာရုံလမ်းကို အဆင့်မြှင့်တင်ထားရာလမ်းမှာ ချောမွေ့သလို မြင့်လည်းမြင့်နေသောကြောင့် ကျောင်း၏ ရှေ့တည့်တည့်လမ်းဖြစ်သော တရုတ်တန်းလမ်းသို့ မိုးရွာလျှင်သော်လည်းကောင်း အနီးဝန်းကျင်မှ တစ်ခါတစ်ရံ ရေအသုံးပြုလျှင်သော်လည်းကောင်း ရေမှာရက်ပေါင်းကြာရှည်စွာ တင်ကျန်ဝပ်နေတတ်သည်။

ယခုလိုဖြစ်နေသည်မှာ ကာလအတန်ကြာနေပြီ ဖြစ်သော်လည်း ပြင်ဆင်မှုကို မည်သူကမျှ တာဝန်ယူဆောင်ရွက်ခြင်း မရှိသောကြောင့် သက်ဆိုင်ရာက အမြန်ဆုံးအဆင့်မြှင့်တင်ပေးရန် ဒေသခံများက လိုလားနေကြသည်။

**မျိုးဝင်းထွန်း ( မုံရွာ )**

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထူးဟောပြောပွဲကျင်းပမည်

**လှိုင်ကော် ဇွန် ၂**

မြန်မာ-ဂျပန်စင်တာနှင့် ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထူးဟောပြောပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲသို့ စိတ်ဝင်စားသူမည်သူမဆိုတက်ရောက်လေ့လာနိုင်ပြီး ဟောပြောပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ဖုန်း-၀၈၃-၂၁၀၀၅၊ ၂၁၄၉၇ သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၀.၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၆၂.၉၃ |
| ထိုင်း | တစ်ဘတ် | ၃၃.၃၀၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၁၇ |
| တရုတ် | တစ်ယွမ် | ၁၈၀.၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၀၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အမေရိကန်ကွန်ဂရက်မှ ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၂**



မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို အားပေးထောက်ခံသည့်အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အမေရိကန်ကွန်ဂရက်မှ ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များနှင့် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဒန်နီရယ်ဆူလဗန်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အမေရိကန် အထက်လွှတ်တော်အမတ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ အလန်မာရှယ်လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအဖွဲ့က ကျေးရွာ(၄)ရွာသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

**မင်းတပ် ဇွန် ၂** - ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအဖွဲ့က ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ်ရှိ လုံမန်းကျေးရွာ၊ လွိုဗန်းကျေးရွာ၊ ထီအောလ်ကျေးရွာနှင့် လောင်ထန်းတလန်ကျေးရွာများသို့ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ဇွန် ၂ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောက အဖွင့်အမှာစကားပြောကြားပြီးနောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ပရောဂျက်တာဝန်ခံ ဒေါ်နန္ဒာစုက နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ပစ္စည်းများ လှူဒါန်းမှုအခြေအနေနှင့် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာလေးရွာကိုယ်စား တက်ရောက်လာကြသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ပြီး၊ ယင်းပစ္စည်းများ အသုံးပြုပုံအသေးစိတ်ကို ရှင်းပြပေးခဲ့သည်။ ဆိုလာနှင့်ဆက်စပ်စ္စည်းများ စုစုပေါင်း ၁၇၆ စုံဖြစ်ပြီး တစ်စုံလျှင် တန်ဖိုးငွေကျပ် ၃၂၉၀၀၀ ရှိကြောင်း သိရသည်။

**လိန်းဟုန်းမာန်(ပြန်/ဆက်)**

*ကျောဖုံးမှ

၎င်းက "ကျွန်တော်နဲ့ ပတ်သက်ပြီး မီဒီယာတွေမှာ ရေးသားဖော်ပြထားတဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်လို့ ပုဂ္ဂိုလ်ရေးအရ ရှင်းလင်းရခြင်းဖြစ်ပါတယ်။ သူတို့ရေးသားဖော်ပြချက်တွေက ရောထွေးနေတယ်။ သူတို့အထင်နဲ့ သူတို့ရေးသားတာတွေ၊ စုံစမ်းမေးမြန်းခြင်း မရှိဘဲ ရေးသားမှုတွေ၊ အချက်အလက်မပြည့်စုံဘဲ ရေးသားဖော်ပြတာတွေဟာ ပုဂ္ဂိုလ်ရေးအရ အများကြီးထိခိုက်မှုတွေရှိတယ်"ဟု ပြောသည်။

သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးဟောင်း ဦးရဲထွဋ်က "ကျွန်တော်က တစ်သီးပုဂ္ဂလအနေနဲ့ လာတက်ခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အငြိမ်စား သမ္မတကြီးနဲ့ အတူတာဝန်ထမ်းဆောင်ခဲ့ပြီး အနုပညာဗဟိုဌာနနဲ့ပတ်သက်လို့ ကျွန်တော် ဖေ့စ်ဘွတ်ခ်မှာလည်း ရှင်းပြထားပါတယ်။ အခု ဘာတွေရှင်းလင်းတယ်ဆိုတာ သိချင်လို့ လာတက်ခြင်းဖြစ်ပါတယ်။ ဒီသတင်းစာရှင်းလင်းပွဲနဲ့ပတ်သက်လို့ ကျွန်တော့်အမြင်ကိုပြောရရင် ဒီကိစ္စတွေအားလုံးရဲ့ အခြေခံဟာ ကျောက်မျက် ဗဟိုကော်မတီနဲ့ ကျောက်မျက်လုပ်ငန်းရှင်များအသင်းဟာ လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ ပွင့်လင်း မြင်သာမှု အားနည်းခဲ့တဲ့အတွက် နားလည်မှုလွဲတယ်၊ ငွေပမာဏများတဲ့ လုပ်ငန်းတွေအတွက် ပွင့်လင်းမြင်သာဖို့လိုတယ်လို့ မြင်တယ်။

ဒီကိစ္စကိုပြန်ကြည့်ရင် ဒါဟာ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းအဖွဲ့ထဲမှာဖြစ်တဲ့ ပြဿနာဖြစ်တယ်။ တိုင်ကြားတယ်လို့ နာမည်ထွက်တဲ့ သူတွေမှာလည်း အသင်းရဲ့ အမှုဆောင်တွေအများကြီးပါတယ်။ ဖြစ်သင့်တာက အသင်းရဲ့အမှုဆောင်အစည်းအဝေးတွေ၊ သင်းလုံးကျွတ်အစည်းအဝေးတွေမှာ ဒီကိစ္စတွေကို စာရင်းရှင်းခိုင်းဖို့လိုတယ်။ မရှင်းရင် တိုင်သင့်ရင် တိုင်ရမယ်"ဟု ပြောသည်။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးစိုးနိုင်က "ကျွန်တော်က ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်ကို စတင်တည်ထောင်ခဲ့တဲ့ သူတွေထဲက အသင်းချုပ်ဖြစ်မြောက်ရေး ကော်မတီအတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့တယ်။ အဲဒီလိုတည်ထောင်ခဲ့ပြီးမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဆိုတာ ဖြစ်လာတာပါ။ အရင်က ကျောက်မျက်ရတနာပြပွဲကုန်ကျငွေတွေကို နိုင်ငံတော်က အကုန်အကျခံရတယ်။ နောက်ကျောက်မျက်လုပ်ငန်းရှင်များအသင်း ပေါ်ပေါက်လာတဲ့အခါ ကုန်ကျငွေတွေအတွက် ညှိနှိုင်းသတ်မှတ်ထားတဲ့ အခွန်ကောက်ပါတယ်။ အခုတစ်ရာခိုင်နှုန်းကောက်ပါတယ်။ အဲဒီလိုကောက်လို့ရတဲ့ ငွေကြေးသန်း ၈၀ ကျော်ကို ကျောက်မျက်ရတနာပြပွဲခန်းမကြီးတွေ၊ သင်တန်းကျောင်းတွေ၊ ဂိုဒေါင်တွေ၊ ရွှေကြာပင်ခန်းမတွေ ဆောက်ခဲ့ပါတယ်။ အလှူငွေတွေနဲ့ပတ်သက်လို့ကတော့ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းသာမက ကျောက်မျက်ရတနာ ဗဟိုကော်မတီကလည်း ထိန်းသိမ်းပါတယ်။ ၂၀၀၆ ခုနှစ်ကတည်းက စတင်ရရှိခဲ့တဲ့ငွေတွေကို ဘယ်လိုသုံးစွဲခဲ့တယ်ဆိုတာတွေနဲ့ပတ်သက်ပြီး ကျောက်မျက်ဗဟိုကော်မတီကနေ ကျောက်မျက်အသင်းသူ၊ အသင်းသားတွေ၊ သတင်းမီဒီယာတွေကို ရှင်းလင်းမပြခဲ့တဲ့အတွက် အခုလိုပြဿနာပေါ်လာရခြင်းဖြစ်တယ်" ဟု သူ၏အမြင်ကို ပြောပြသည်။

ပြည်ထောင်စု ဝန်ကြီးဟောင်း ဒေါက်တာ မြင့်အောင်က "ကျွန်တော်က အခု ဘယ်ပါတီဝင်မှ မဟုတ်ပါဘူး။ သမ္မတဟောင်း ဦးသိန်းစိန်က အခု ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌဖြစ်တယ်။ ဒီလိုရေးသားဖော်ပြမှုတွေဟာ ပါတီကိုသိက္ခာချတာ၊ ပါတီကို ထိုးနှက်တာလို့ထင်တယ်။ ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်တာဖြစ်တယ်။ ဒါတွေကို ဥပဒေကြောင်းအရ အရေးယူဖို့ သင့်တယ်လို့မြင်တယ်။ မမှန်မကန်တာ မဟုတ်တာကိုတော့ မဟုတ်ကြောင်း၊ မမှန်ကြောင်း၊ ဥပဒေကြောင်းအရ တုံ့ပြန်ရမှာဖြစ်တယ်။ မတုံ့ပြန်ရင် အမှားက အမှန်လိုဖြစ်သွားမယ်။ ဒါကြောင့် ဥပဒေကြောင်းအရအရေးယူသင့်တယ်၊ တုံ့ပြန်သင့်တယ်လို့ ပုဂ္ဂိုလ်ရေးအရမြင်ပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်တဲ့နေရာမှာ မီဒီယာတွေအနေနဲ့ ဝေဖန်သုံးသပ် ပံ့ပိုးကူညီကြရမှာ ဖြစ်ပါတယ်။ ပွဲဆူအောင်၊ သိက္ခာကျဆင်းအောင်၊ နစ်နာအောင်မလုပ်သင့်ပါဘူး။ တိုက်ရိုက်လုပ်သူတွေ၊ အားပေးကူညီသူတွေ၊ ပံ့ပိုးသူတွေနဲ့ အဖွဲ့အစည်းတွေကို အရေးယူသင့်တယ်လို့ ပုဂ္ဂိုလ်ရေးအရမြင်ပါတယ်။ ကျွန်တော်က မည်သူ့ရဲ့တိုက်တွန်းချက်၊ စေ့ဆော်ချက်မှမပါဘဲ အခုလို ရှင်းလင်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်နဲ့ ပတ်သက်တယ်ဆိုတာတွေကို ဘာလုပ်ရမယ်ဆိုတာ ကျွန်တော်စဉ်းစားသွားမယ်။ မီဒီယာတွေအနေနဲ့ လုပ်ငန်းရှင်တွေပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတွေကိုပဲဖြစ်ဖြစ် အချိန်မရွေးမေးမြန်းစုံစမ်းနိုင်ပါတယ်"ဟု ပြောသည်။

ပြည်ထောင်စု ဝန်ကြီးဟောင်း ဦးရဲထွဋ်ကလည်း "အခုဟာက အုပ်ချုပ်မှုအာဏာအရလုပ်ပိုင်ခွင့်ရှိတဲ့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ဆီကို တိုင်တာ မဟုတ်ဘူး။ လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ သတ္တုနဲ့ ဆိုင်တဲ့ကော်မတီတွေ၊ တိုင်ကြားစာနဲ့ပတ်သက်တဲ့ ကော်မတီတွေကို တိုင်ကြားတာမဟုတ်ဘဲနဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက ထုတ်ခံရတဲ့ သူတွေများများပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေရေးရာနဲ့ အထူးကိစ္စရပ်များ ကော်မရှင်ကို တိုင်ကြားတယ်ဆိုတာကတော့ အသင်းရဲ့ကိစ္စထက် ပိုပြီးနက်နဲတဲ့ နိုင်ငံရေးအကြောင်းအရာတွေများရှိမလားလို့ စဉ်းစားစရာ ဖြစ်ပါတယ်။

ဒီလိုဖြစ်တာကိုပြန်ကြည့်ရင် ပြည်ခိုင်ဖြိုးပါတီရဲ့ ဥက္ကဋ္ဌတာဝန်ယူထားတဲ့ နိုင်ငံတော် သမ္မတဟောင်း ဦးသိန်းစိန်ကို ပုဂ္ဂိုလ်ရေးအရ ရည်ရွယ်ထိုးနှက်တဲ့ ကိစ္စတွေအများကြီးပါတာကို တွေ့ရမှာဖြစ်တယ်။ ဥပမာ ရွှေလယ်တော ကော်ဖီဆိုင်ကိစ္စပေါ့။ ဒါဟာလည်း ဆင်တွေကြားထဲမှာ ယုန်ဝင်ဖမ်းတာနဲ့တူနေတယ်လို့မြင်တယ်။ ဒါတွေဟာ အများကြီး စဉ်းစားစရာ ကောင်းပါတယ်။

သတင်းမီဒီယာဆိုတာ ထူးခြားတဲ့ သတင်းတွေ၊ ပြည်သူတွေသိသင့်တယ်ဆိုတဲ့သတင်းတွေရေးသားတင်ပြရမှာ မီဒီယာရဲ့တာဝန်ပါ။ ဒီလိုရေးသားတင်ပြတဲ့အခါ အခြားသူတွေရဲ့ နိုင်ငံရေးအကျိုးအမြတ်အလို့ငှာ အသုံးချခံဘဝတွေ မဖြစ်ဖို့လိုတယ်လို့ ထင်တယ်။ သတင်းတစ်ခုကြားရင် သတင်းရဲ့နောက်ကြောင်းရာဇာဝင်ကို ပြန်လည်စိစစ်စေချင်ပါတယ်။

ဒီနေ့သတင်းစာရှင်းလင်းပွဲကတော့ သူတို့အနေနဲ့ဒီကိစ္စမှာ အဂတိလိုက်စားတာ မရှိဘူး၊ တာဝန်အတိုင်း မှန်မှန်ကန်ကန်လုပ်တယ်ဆိုတာ ပြောသွားတာတွေ့ရတယ်။ သို့သော်တိကျတဲ့ အချက်အလက်တွေကို အခုထက်ပိုပြီး ထုတ်ပြန်ပေးနိုင်မယ်ဆိုရင် ပြည်သူတွေပိုပြီး ရှင်းလင်းသွားမှာဖြစ်တယ်။ ဘဏ်မှာ ငွေစာရင်းရှိတယ်ဆိုရင် ငွေစာရင်းကို ဘဏ်ကနေ တောင်းပြီးထုတ်ပြန်ပေးသွားရင် ပိုရှင်းလင်းသွားမှာဖြစ်တယ်"ဟု ဆိုသည်။

အနုပညာဗဟိုဌာနတွေဆောက်တယ်ဆိုတာ ဗဟိုကော်မတီနဲ့မဆိုင်ပါဘူး။ အကျိုးတူ လုပ်ငန်းရှင်တွေက သမ္မတဟောင်းကို လှူတာမဟုတ်ပါဘူး။ ဆောက်လုပ်ရေးဝန်ကြီးဌာန အကောင့်ထဲကို လွှဲပေးတာဖြစ်တယ်။ သမ္မတဟောင်းကတစ်ဆင့် သွားတာလည်း မဟုတ်ဘူး။ အသင်းရန်ပုံငွေ၊ ဗဟိုကော်မတီရန်ပုံငွေလည်း မဟုတ်ဘူး။ အလှူရှင်က ပုဂ္ဂလိကဆန်ဆန် လှူတဲ့ သီးသန့်အလှူငွေဖြစ်တယ်။ ဒါတွေကို အစည်းအဝေးခေါ်ယူရှင်းပြရင် အားလုံးရှင်းသွားမှာဖြစ်တယ်။ ကျွန်တော်သိရသလောက်ကတော့ ဘယ်သူမှ အလွဲသုံးစားမလုပ်ကြပါဘူး။ စာရင်းဇယားတွေ ရှိပေမယ့် ပွင့်လင်းမြင်သာစွာရှင်းလင်းမှုတွေမရှိလို့ အခုလိုဖြစ်ရတာပါဟု အသင်း ဗဟိုအလုပ်အမှုဆောင် ဦးစိုးနိုင်က ရှင်းပြသည်။

ကျောက်မျက်ရတနာ ပြပွဲဗဟိုကော်မတီရန်ပုံငွေဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် တိုင်ကြားစာကို ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သူများတွင် တစ်ဦးအပါအဝင်ဖြစ်သည့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်ကြီးက ဒီနေ့ ဒီနေရာမှာ သတင်းစာရှင်းလင်းသလို ရန်ကုန်မှာလည်း ရှင်းလင်းနေပါတယ်။ အလုပ်အမှုဆောင် ၁၅ ဦးလက်မှတ်ထိုး တိုင်ကြားတယ်။ "ဒီနေ့ ရှင်းလင်းသွားတာတွေမှာ အားနည်းချက်၊ အားသာချက်တွေတွေ့ရတယ်။ ရှင်းလင်းတဲ့သူတွေအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ စစ်ကိုင်းမြို့ကျောက်မျက်ရတနာ အသင်းမှာ ဇွန်လ ၇ ရက်တွင် တရားဝင် သတင်းစာရှင်းလင်းသွားမယ်။

ငွေ ၉၃ သန်းဟာ ဘာကြောင့်၊ CSR ရန်ပုံငွေသုံးတာ၊ ဘာကြောင့်၊ ဘယ်အစည်းအဝေး ခွင့်ပြုချက်နဲ့ သုံးတယ်၊ ဘယ်အတွက်ဘာပေ့ါ။ အမှန်တရား ရဲ့နောက်ကွယ်မှာ ဘယ်အရာမှ ဖုံးလို့ မရပါဘူး။ ကိုယ့်သမိုင်းကို ကိုယ်ကိုတိုင် ရေးကြရတာဖြစ်ပါတယ်။ ရိုးသားပွင့်လင်းမှုမရှိလို့ တိုင်ကြားရတာဖြစ်တယ်။ ခေါင်းဆောင်ဆိုတာ ရိုးသားပွင့်လင်းရမှာဖြစ်တယ်။ အမှန်တရားပေါ်စေချင်တယ်"ဟု ပြောကြားခဲ့သည်။

**မောင်ဖိုးဇော်**



မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ရန်ပုံငွေ သုံးစွဲခြင်းနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်

# စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂**


စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်အစိုးရက ချီးမြှင့်ခဲ့သည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသော ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဗိုလ်ချုပ်ကြီး လူအေးနှင့် တပ်မတော်အရာရှိကြီးများအား ဇေယျကျော်ထင်ဘွဲ့ကို ပေးအပ်ချီးမြှင့်သည်။

ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းသည် နိုင်ငံသူ နိုင်ငံသားများ အားကျဂုဏ်ယူစေရန်၊ စိတ်ဓာတ်ရေးရာ မြှင့်တင်နိုင်စေရန်၊ မိမိနိုင်ငံနှင့် မိမိလူမျိုးကို ကာကွယ်စောင့်ရှောက်လိုစိတ် ပြည့်ဝလာစေရန်၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကိုသယ်ပိုးဆောင်ရွက်လိုစိတ်များ ပွားများလာစေရန်၊ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်ကြရာတွင် စံနမူနာပြဖြစ်စေရန်စသည့် ရည်ရွယ်ချက်ပေါင်းများစွာဖြင့် ဂုဏ်ပြုခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယနေ့အခမ်းအနားတွင် ပြောကြားခဲ့သည်။ **(ယာပုံ)**

ယနေ့ချီးမြှင့်အပ်နှင်းခဲ့သည့် ဇေယျကျော်ထင်ဘွဲ့သည် စစ်ဘက်ဆိုင်ရာတွင် ကောင်းမွန်စွာ အမှုထမ်းဆောင်ခြင်းအတွက်ပေးအပ်ချီးမြှင့်သော စွမ်းဆောင်မှုဆိုင်ရာဘွဲ့တစ်ခုဖြစ်ပြီး နိုင်ငံတော်အစိုးရက ၂၀၁၆ ခုနှစ် မတ် ၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၆ ဖြင့် ထုတ်ပြန်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ရာတွင် နိုင်ငံတော်အနေဖြင့် သင်္ဂဟဘွဲ့၊ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ဟူ၍ အမျိုးအစားသုံးမျိုးခွဲခြား ချီးမြှင့်ပေးလျက်ရှိကြောင်း၊ စွမ်းရည်သတ္တိဆိုင်ရာဘွဲ့နှင့် တံဆိပ်များ ချီးမြှင့်ခံရသော နိုင်ငံ့သားကောင်း တပ်မတော်သား အရာရှိ၊ စစ်သည်များကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်တိုင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဇေယျာသီရိဗိမာန်၌ ဘွဲ့၊ တံဆိပ်များ အပ်နှင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**





# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်ကွန်ဂရက်မှ Armed Services Committee အဖွဲ့ဝင်ဖြစ်သူ Senator Mr. Daniel Sullivan နှင့် အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေး ကြိုးပမ်းလုပ်ဆောင်နေမှုနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# Doctor of Science(D.Sc) ဘွဲ့ရရှိခဲ့သည့် အရာရှိများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်

နေပြည်တော် ဇွန် ၂

**ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ တက္ကသိုလ်အသီးသီးမှ Doctor of Science (D.Sc) ဘွဲ့ရရှိခဲ့ကြသည့် မြန်မာ့တပ်မတော်မှ ဗိုလ်မှူး ရဲဇော်ထွေး၊ ဗိုလ်မှူး တင်ဖုန်းကျော်နှင့် ဗိုလ်မှူး ဟိန်းဝင်းဇော်တို့ သုံးဦးကို ယနေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။**

ဗိုလ်မှူး ရဲဇော်ထွေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ MUCTR (D.I Mendeleyev University of Chemical Technology of Russia)၌ Doctor of Chemical Science ဘွဲ့ကို ငါးနှစ်အတွင်း ပထမဆုံးရရှိသူအဖြစ် လည်းကောင်း၊ ဗိုလ်မှူး တင်ဖုန်းကျော်သည် MAI (Moscow Aviation Institute) ၌ Doctor of Technical Science ဘွဲ့ကို ၁၄ နှစ်အတွင်း ပထမဆုံးရရှိသူအဖြစ် လည်းကောင်း၊ ဗိုလ်မှူး ဟိန်းဝင်းဇော်သည် MATI (Russian State University of Aviation Technology)၌ Doctor of Design Construction & Manufacture of Aircraft ဘွဲ့ကို လေးနှစ်အတွင်း ပထမဆုံးရရှိသူအဖြစ် လည်းကောင်း ထူးချွန်စွာ ရရှိခဲ့ခြင်းကြောင့် ယခုကဲ့သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ D.Sc ဘွဲ့ ရရှိခဲ့ကြသော အရာရှိသုံးဦးသည် သင်တန်းတက်ရောက်စဉ် ကာလအတွင်းကလည်း အစ္စရေးနိုင်ငံ၊ ဘီလာရုစ်နိုင်ငံ၊ အီးယူနိုင်ငံများ၊ ဂျပန်နိုင်ငံနှင့် ရုရှားနိုင်ငံဒေသအတွင်းရှိ တက္ကသိုလ်များသို့ သွားရောက်၍ သုတေသနစာတမ်းများကို နိုင်ငံတကာနှင့်ယှဉ်၍ ဖတ်ကြားတင်သွင်းခဲ့ပြီး ယင်းတက္ကသိုလ်များမှ ပေးအပ်သော ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့များ၊ ဘာသာရပ်ဆိုင်ရာ ရွှေတံဆိပ်ဆုများကို ရရှိခဲ့ကြောင်းနှင့် ယခုရရှိသော D.Sc ဘွဲ့များကို သက်ဆိုင်ရာတက္ကသိုလ်များ၌ နှစ်ကာလကြာရှည်စွာ ခက်ခဲပင်ပန်းစွာ ကြိုးစားအားထုတ်၍ နိုင်ငံတကာမှ သင်တန်းသားများနှင့်ယှဉ်၍ ခက်ခက်ခဲခဲ ကြိုးစားအားထုတ်ကာ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**(မြဝတီ)**



ဗိုလ်မှူး ရဲဇော်ထွေး



ဗိုလ်မှူး တင်ဖုန်းကျော်



ဗိုလ်မှူး ဟိန်းဝင်းဇော်

❖ ***ရွှေဖုံးမှ***

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် (ဆဋ္ဌမနေ့) အစည်းအဝေးတွင် ကိုကိုးကျွန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း လွှတ်တော်သို့ အဆိုတင်သွင်းမေးမြန်းသော ကိုကိုးကျွန်းမြို့နယ်၌ မုန်တိုင်းဒဏ်ခံအဆောက်အအုံများဆောက်လုပ်ပေးရန် ရှိ မရှိ၊ ရှိပါကမည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်၊ မရှိပါက မည်သည့်အတွက်ကြောင့် ဆောက်လုပ်ပေးနိုင်ခြင်းမရှိသည်ကို သိရှိလိုပါကြောင်း မေးမြန်းမှုတွင် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်က အထက်ပါအတိုင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့် မိုင် ၂၆၀ ကျော်ဝေးသော ကိုကိုးကျွန်းမြို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရ စည်ပင်သာယာရေးညွှန်ကြားရေးမှူး ဦးကြည်တင် ဦးဆောင်သောအဖွဲ့သည် ပြီးခဲ့သည့် မေ ၁၀ ရက်က အရေးကြုံလာ၍ ပြည်သူများ ခိုလှုံနိုင်ရန် မုန်တိုင်းဒဏ်ခံအဆောက်အအုံများဆောက်လုပ်ပေးမှုနှင့်ပတ်သက်၍မြေပြင်သို့ ကွင်းဆင်းလေ့လာချက်များပြုလုပ်ခဲ့ပြီးဖြစ်သည်။ ထိုမြေပြင် လေ့လာတွေ့ရှိချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခဲ့ရာ ပြည်သူ ၃၀၀ ကျော် ခိုလှုံနိုင်မည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ နှစ်လုံးတည်ဆောက်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အတည်ပြုခဲ့ပြီး ယခုဘတ်ဂျက်အတွင်းမှာပင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းမုန်တိုင်းဒဏ်ခံအဆောက်အအုံနှစ်လုံးအတွက် လျာထားငွေမှာ ရှက်တာတစ်လုံးလျှင် ငွေကျပ်သန်း ၅၀၀ စီဖြင့် စုစုပေါင်းငွေကျပ်သန်း ၁၀၀၀ အကုန်အကျခံ တည်ဆောက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံရဲ့ လုံခြုံရေးအရအရေးကြီးပြီးတော့ အစွန်ဆုံးကျွန်းတစ်ကျွန်းလည်းဖြစ်တဲ့ ကိုကိုးကျွန်းမြို့နယ်မှာ ဘေးအန္တရာယ်စီမံကိန်းအပါအဝင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဒေသခံပြည်သူလူထုအတွက် လုံခြုံစွာခိုလှုံနိုင်ရန်ဆိုင်ကလုံးမုန်တိုင်းဒဏ်ခံအဆောက်အအုံတွေတည်ဆောက်ပေးဖို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဖွဲ့အနေနဲ့ ပြီးခဲ့တဲ့လက မြေပြင်ကို သွားရောက်လေ့လာပြီးပါပြီ။ အခုနှစ်ဘတ်ဂျက်အတွင်းမှာပဲ အကောင်အထည်ဖော် တည်ဆောက်ပေးမှာပါ”ဟု တိုင်းဒေသကြီးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

ကိုကိုးကျွန်းသည် ကပ္ပလီပင်လယ်ပြင်၌တည်ရှိပြီး ရန်ကုန်မြို့နှင့် ရေမိုင် ၂၆၀ ကျော်ကွာဝေးကာ လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲသည့် ကျွန်းတစ်ကျွန်းဖြစ်သည်။ ကိုကိုးကျွန်းမြို့ပေါ်၌ ပြည်သူများနေထိုင်သည့် ရပ်ကွက်နှစ်ခုရှိပြီး စုစုပေါင်းလူဦးရေတစ်ထောင်ကျော်နေထိုင်ကာ အဓိကရေလုပ်ငန်းနှင့် စိုက်ပျိုးမွေး မြူရေးလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေထိုင်လျက်ရှိသည်။ အဆိုပါ ကျွန်းပတ်ပတ်လည်တွင် ကျောက်ဆောင်၊ ကျောက်စူးများရှိခြင်းကြောင့် သင်္ဘောဆိုက်ကပ်ရန် မလွယ်ကူသဖြင့် လမ်းပန်းဆက်သွယ်ရေးမှာ ကျွန်းပေါ်နေပြည်သူများအတွက် အခက်အခဲများစွာ ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။ ကိုကိုးကျွန်းသည် မြန်မာနိုင်ငံ၏ အစွန်ဆုံး၌တည်ရှိပြီး နိုင်ငံလုံခြုံရေးအတွက် အရေးကြီးဆုံးကျွန်းတစ်ကျွန်းဖြစ်သည်။

**(မြန်မာ့အလင်း)**

# နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏အမျိုးသားလုံခြုံရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားအပေါ် ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ယင်းအချက်ကို အလေးအနက်ထား




**နေပြည်တော် ဇွန် ၂**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမသို့ ရောက်ရှိကြရာ ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီလေးခု ဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်နယ်တွင်းရှိ တာဝန်ရှိသူများနှင့် ပြည်သူများက ရရှိလာသည့်အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ပြီး တစ်ဦးမှစ၍ အားလုံးတွင် တာဝန်ရှိကြောင်းကို နားလည်ထားကြရန်လိုကြောင်း၊ မိမိကဏ္ဍအလိုက် ဥပဒေ၊ စည်းကမ်းနှင့်အညီ မိမိ၏ လုပ်ပိုင်ခွင့်အတွင်းမှ အလုပ်လုပ်ကြရန်လိုကြောင်း၊ အားလုံးက ပြောင်းလဲမှုပေါ်တွင် လိုက်လျောညီထွေဖြစ်အောင် လိုက်ပါလုပ်ဆောင်ကြရန်နှင့် အချင်းချင်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် **(အပေါ်ယာပုံ)**က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအလိုက် အရေးကြီးသည့်ကိစ္စရပ်များကို သုံးသပ်ကာဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တရားဥပဒေ စိုးမိုးရေးနှင့် ဥပဒေကို လေးစားလိုက်နာကြရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်နယ်တစ်ခု တည်းအတွက်သာမကဘဲ တစ်နိုင်ငံလုံးအတွက် အလွန်အရေးပါကြောင်း၊ ပြည်နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေနှင့်အညီ နေထိုင်ကြရန်နှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ကြရန် အထူးအရေးကြီးပါကြောင်း၊ ဘေးပယောဂနှင့် အဖျက်အမှောင့်များကို သတိပြုကြရန်နှင့် ပြည်နယ်အတွင်း နေထိုင်ကြသူအားလုံးကို တစ်ပြေးညီဆက်ဆံ၍ အားလုံးအတွက် မျှမျှတတဆောင်ရွက်ပေးသွားပြီး အားလုံးအပေါ် မေတ္တာစေတနာထားကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်တိုင်းပြည်လုံး တည်ငြိမ် အေးချမ်းရန် လိုအပ်ပါကြောင်း။

ခေတ်အဆက်ဆက် အစိုးရတိုင်းကလည်း ပြည်တွင်းငြိမ်းချမ်းရေးကို အထူး အလေးထားဆောင်ရွက်ခဲ့ကြပါကြောင်း၊ ယနေ့အစိုးရလက်ထက်တွင်လည်း နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ ပါတီအဖွဲ့အစည်းများနှင့် တာဝန်ရှိသူအားလုံးကလည်း အပစ်အခတ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးညီလာခံကြီး ဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေပါကြောင်း၊ ယင်းညီလာခံကြီး၏ ရလဒ်များမှတစ်ဆင့် မိမိတို့ အားလုံးမျှော်မှန်းတောင့်တနေသည့် ဖက်ဒရယ်ကို အခြေခံသော ဒီမိုကရေစီ နိုင်ငံတော်ကြီးကို ထူထောင်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိ အကြီးအကဲများ ဆောင်ရွက်ပေးရုံနှင့် မလုံလောက်ပါကြောင်း၊ ဒေသအတွင်း နေထိုင်ကြသည့် ပြည်သူပြည်သားအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးသား အကျိုးစီးပွားအပေါ် ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ရှိသကဲ့သို့ နိုင်ငံတိုင်းသည်လည်း နိုင်ငံတကာဥပဒေ၊ ကျင့်ဝတ် ကျင့်ထုံး အစဉ်အလာ အလေ့အကျင့်ကောင်းများကို ထိန်းသိမ်းလိုက်နာရန် တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ယင်းအချက်ကို အလေးအနက်ထားပါကြောင်း၊ လက်ရှိပကတိအခြေအနေကောင်းမွန်တိုးတက်ရန် အတိတ်က ဖြစ်ပျက်ခဲ့ခြင်းများကို သင်ခန်းစာရယူပြီး ပစ္စုပ္ပန်တွင် တက်ညီလက်ညီ ကြိုးပမ်းတည်ဆောက်ကြမည်ဆိုပါက အနာဂတ်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တွေ့မြင်ခံစားရမည်ဖြစ်ကြောင်း၊ ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုနှင့် အခက်အခဲမျိုးစုံ ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ သို့သော် စိုးရိမ်ပူပန်ရန် မလိုကြောင်း၊ ဒေသခံပြည်သူများ၏ရှေ့တွင် အစိုးရအဖွဲ့တာဝန်ရှိသူအားလုံးက မားမားမတ်မတ် ရပ်တည်သွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက အစိုးရအပေါ် ယုံယုံကြည်ကြည်ခိုင်မြဲစွာ လက်တွဲပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရခိုင်ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းပြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံသားအားလုံး မျှော်မှန်းထားသည့် ဖက်ဒရယ်ကို အခြေခံသော ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရခိုင်ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိ အကြီးအကဲများ ဆောင်ရွက်ပေးရုံနှင့် မလုံလောက်၊ ဒေသအတွင်းနေထိုင်ကြသည့် ပြည်သူပြည်သားအားလုံး ပူးပေါင်းဆောင်ရွက်ရန်လို**

**နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားအပေါ် ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ရှိသကဲ့သို့ နိုင်ငံတိုင်းသည်လည်း နိုင်ငံတကာဥပဒေ၊ ကျင့်ဝတ် ကျင့်ထုံး အစဉ်အလာအလေ့အကျင့်ကောင်းများကို ထိန်းသိမ်းလိုက်နာရန် တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ယင်းအချက်ကို အလေးအနက်ထား**

**လက်ရှိပကတိအခြေအနေကောင်းမွန်တိုးတက်ရန် အတိတ်က ဖြစ်ပျက်ခဲ့ခြင်းများကို သင်ခန်းစာရယူပြီး ပစ္စုပ္ပန်တွင် တက်ညီလက်ညီ ကြိုးပမ်းတည်ဆောက်ကြမည်ဆိုပါက အနာဂတ်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တွေ့မြင်ခံစားရမည်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဖွဲ့စည်းပေါ်ပေါက်လာခြင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရခိုင်ပြည်နယ် အရေးကိစ္စသည် မိမိတို့၏ အမျိုးသားရေးနှင့် နိုင်ငံတကာမှ မြင်သည့်ပုံရိပ်အပေါ် များစွာ သက်ရောက်မှုရှိနေသည့်အတွက် များစွာ အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရခိုင်ပြည်နယ်အတွင်းရှိ အလုပ်သမားကိစ္စဆိုင်ရာများနှင့်စပ်လျဉ်း၍ ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းများ၊ သစ္စာစီမံချက်ဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများ၏ ကိုင်ဆောင်ခွင့် လက်မှတ်ထုတ်ပေးသွားမည့်အခြေအနေများနှင့် ကျောင်းသား ကျောင်းသူများကို ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကတ်ပြားထုတ်ပေးနိုင်ရန် လုပ်ဆောင်သွားမည့် အစီအစဉ်များ၊ တည်ဆဲဥပဒေများအတိုင်း ပြည်သူလူထုကို မျက်နှာမူကာ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရှိဖြင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက သတ်မှတ်မူဝါဒများကို ဖြေလျှော့ပြီး တစ်နိုင်ငံလုံးတွင် ကျောင်းအဆင့်တိုးခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုပညာသင်နှစ်သာမက နောင်လာမည့် ပညာသင်နှစ်များတွင် မြစ်ကူးချောင်းခြား သွားလာနေရသည့် ဒေသများမှ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ယူမှုအဆင်ပြေချောမွေ့စေရန်အတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ပိုမိုဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သင်ကြား၊ သင်ယူမှုအပိုင်းနှင့် ပညာရေးအရည်အသွေးမြင့်မားလာစေရန် ဆရာ ဆရာမများ၏ ဘာသာရပ်ဆိုင်ရာ သင်ကြားပို့ချမှုအရည်အသွေးမြင့်မားလာရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျောက်ဖြူဒေသအတွင်း ရောဂါဘယကင်းဝေးစေရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များအပေါ် မဟာဗျူဟာ၊ နည်းဗျူဟာများဖြင့် ရေရှည်စောင့်ရှောက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့အစိုးရသည် ပြည်သူ့အသံကိုနားထောင်ကာ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်၊ အစိုးရအဖွဲ့၊ ပြည်သူလူထုနှင့် တပ်မတော်တို့ကပါ ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးကို များစွာအထောက်အကူဖြစ်လာစေမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက လုံခြုံရေးဆိုင်ရာလုပ်ငန်းများနှင့် စည်းကမ်းလိုက်နာမှု ဆိုင်ရာများတွင် ပြည်သူလူထုကပါ ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်အလိုက် ကော်မတီအသီးသီးက ကဏ္ဍအလိုက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ကညင်တော IDP စခန်းသို့ရောက်ရှိပြီး အိမ်ထောင်စုများ၏ လူမှုစီးပွားအခြေအနေများကို ကြည့်ရှုကာ ကျောင်းသုံးဗလာစာအုပ်များနှင့် ထီးများ ပေးအပ်ခဲ့ပြီး မီးဘေးသင့်ပြည်သူများအတွက် ပြန်လည်နေရာချထားပေးရန် ပြင်ဖြူမော်ကျေးရွာတွင် တည်ဆောက်ထားသည့် အိမ်ရာများအား သွားရောက်ကြည့်ရှုကြပြီး အိမ်ထောင်စုဝင်များနှင့် ရင်းနှီးစွာ တွေ့ဆုံသည်။

ထို့အတူ ယနေ့ နံနက် ၈ နာရီခွဲကလည်း ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ကျောက်တစ်လုံး IDP စခန်းသို့ ရောက်ရှိကြပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအသီးသီး၏ လုပ်ကိုင်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများ၊ ရည်ရွယ်ချက်များနှင့် ဆက်လက်အကောင်အထည်ဖော်လုပ်ဆောင်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် IDP စခန်းမှ တာဝန်ရှိသူတစ်ဦးက နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် အခြားလိုအပ်ချက်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ပြည်သူများကပါ ပြည်နယ်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ယုံကြည်မှုရှိရှိဖြင့် ဘက်ပေါင်းစုံမှ တွေးခေါ် ချိန်ဆကာ လက်တွေ့ကျကျ မှန်မှန်ကန်ကန် လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် သံတွဲမြို့သို့ ရောက်ရှိပြီး ဒွာရဝတီခန်းမ၌ မြို့မိမြို့ဖများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် သံတွဲခရိုင် အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက ဒေသဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ဝန်ကြီးဌာနအလိုက် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြောကြားကြသည် ။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်များမှ စည်ပင်သာယာရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ဒေသအတွက် လိုအပ်ချက်များ၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လိုသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ပြည်သူများ၏စိုးရိမ်သောကကို ပြေပျောက်စေမည့် ဗဟိုဘဏ်မှ စိုက်စရိတ်ချေးငွေ

**ကျော်ဝင်းတင်**

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စိုက်စရိတ် ဘီလီယံ ၅၀၀ ထုတ်ချေးခြင်းနှင့်ပတ်သက်၍ မေလ ၂၃ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စု လွှတ်တော်အစည်းအဝေး ၂၄ ရက်မြောက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၏ စိုက်စရိတ်အတွက် ဗဟိုဘဏ်က ထုတ်ချေးမည့် ငွေကျပ် ဘီလီယံ ၅၀၀ ကို ငွေစက္ကူရိုက်နှိပ်ထုတ်ချေးသွားမည်ဟူသည့် ရှင်းလင်းချက်အရ ပြည်သူများအကြား ငွေကြေးဖောင်းပွမှုဖြစ်ပေါ်လာမည်ကို ကြောက်ရွံ့နေကြကြောင်း ကြားသိနေရပါသည်။**

ကျွန်တော့်မိတ်ဆွေအချို့ကလည်း ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း မေးမြန်းနေကြပါသည်။ ၎င်းတို့မေးမြန်းသည့် အဓိကအချက်မှာ တိုင်းပြည်၌ အသုံးစရိတ်လိုတိုင်း ဗဟိုဘဏ်က ငွေစက္ကူရိုက်နှိပ်ထုတ်ပေးသည့် နည်းနှင့်သာ ဖြေရှင်းလျှင် ငွေကြေးဖောင်းပွမှုကို အားပေးသလိုဖြစ်မနေဘူးလား ဟူသည့် မေးခွန်းပင်ဖြစ်ပါသည်။ အလားတူမေးခွန်းကို မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်းတွင် ကျွန်တော်သင်တန်းပို့ချတိုင်း သင်တန်းသားများမေးလေ့ရှိသည့် မေးခွန်း ဖြစ်ပါသည်။ ကျွန်တော်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးလုပ်ငန်းစီမံခန့်ခွဲမှုဌာနတွင် နှစ်ပေါင်း ၁၅ နှစ်တိုင် ဒုတိယညွှန်ကြားရေးမှူးအဆင့်မှ ဒုတိယညွှန်ကြားရေး မှူးချုပ်အဆင့်ထိ ငွေကြေးဆိုင်ရာ ကိစ္စအဝဝစီမံခန့်ခွဲမှုတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဘဏ်သင်တန်းကျောင်းတွင်လည်း ငွေကြေးလုပ်ငန်းစီမံခန့်ခွဲမှု ဘာသာရပ်ကို ယနေ့တိုင် သင်ကြားပို့ချလျက်ရှိသောကြောင့် ယခုကဲ့သို့ မေးမြန်းကြခြင်းဖြစ်ပါသည်။ သင်တန်းကျောင်းတွင် မေးမြန်းခြင်းအတွက် သင်တန်းခန်းမတွင်ပင် ဖြေရှင်းနိုင် သော်လည်း ယခုစိုက်ပျိုးစရိတ်ဘီလီယံ ၅၀၀ ထုတ်ချေးခြင်းကိစ္စနှင့် ငွေကြေးဖောင်း ပွခြင်းဖြစ်လာမည်ကို စိုးရိမ်ခြင်းကိစ္စမှာ ပြည်သူများစိတ်ဝင်စားသည့်ကိစ္စဖြစ်၍ ဤဆောင်းပါးကို ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

တောင်သူလယ်သမားများအား နိုင်ငံတော်အစိုးရကိုယ်စား ဗဟိုဘဏ်က ငွေထုတ်ချေးခြင်းမှာ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းစတင်သည်မှ သီးနှံပေါ်သည်အထိ ကာလတွင်းလိုအပ်သောလယ်ယာသုံးပစ္စည်းများ ဝယ်ယူရန်နှင့် အခြားအထောက်အကူပြု အသုံးအဆောင်ဝယ်ယူမှုစရိတ်စက အစုစုကို အထောက်အကူဖြစ်စေရန် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် တောင်သူလယ်သမားများ၏ ဝယ်လိုအားကို တိုးမြှင့်ပေးခြင်းသာဖြစ်သဖြင့် ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေရန် အကြောင်းလုံးဝမရှိပါ။ တိုင်းပြည်တစ်ပြည်၏ ငွေကြေးဖောင်းပွမှုဆိုသည်မှာ ပြည်သူများအနေဖြင့် မည်သည့်ကုန်ပစ္စည်းမဆို ဝယ်ယူသုံးစွဲရာတွင် ဈေးကြီးပေးဝယ်ရခြင်း၊ မိမိဝယ်လို သောပစ္စည်းကို အလွယ်တကူဝယ်ယူမရရှိနိုင်ခြင်း လက္ခဏာများပါရှိနေပါသည်။ ကျွန်တော်တို့နိုင်ငံတွင် မည်သည့်ကုန်ပစ္စည်းမဆိုအချိန်မရွေး ဝယ်ယူရရှိနိုင်ပါသည်။ ဇိမ်ခံမော်တော်ယာဉ်၊ လယ်ယာသုံးယာဉ်အမျိုးမျိုးမှအစ အခြေခံစားကုန်ထိ အလွယ်တကူဝယ်ယူသုံးစွဲနိုင်သည့် အခြေအနေရှိသည်ဖြစ်ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ စိုက်စရိတ် ဘီလီယံ ၅၀၀ ထုတ်ချေးခွင့်ပြုသည်ဆိုခြင်းမှာ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းနှင့် ပတ်သက်သော အသုံးစရိတ်၊ ဝယ်လိုအားကို ကုန်ထုတ်သွင်းအားစုအဖြစ် တိုးမြှင့် ဖြည့်ဆည်းပေးခြင်းသာ ဖြစ်ပါသည်။

ထိုကဲ့သို့ ထုတ်ချေးဖြည့်ဆည်းရာတွင်လည်း ဘဏ်လုပ်ထုံးလုပ်နည်းအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းသို့ ဘီလီယံ ၅၀၀ ကို ထုတ်ယူခွင့်ငွေစာရင်းတင်ထားပေးခြင်းသာ ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ငွေထုတ်ပေးရန် အဆိုပြုမှသာလျှင် အဆိုပါခေါင်းစဉ်မှ ထုတ်ပေးရမည်ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကလည်း မြို့နယ်၊ ကျေးရွာအလိုက် တောင်သူလယ်သမားများ ယမန်နှစ်က ထုတ်ချေးငွေပြေကျေမှုရှိမှသာလျှင် ချေးငွေအသစ်ထုတ်ပေးခြင်းဖြစ်၍ ယခုချေးငွေသစ်ထုတ်ပေးနေချိန်တွင်လည်း ယမန်နှစ်ချေးငွေမှ ပြန်ဆပ်ငွေများရှိနေမည်ဖြစ်ရာ လယ်ယာဖွံ့ဖြိုးရေးဘဏ်က လိုသလောက်သာထုတ်ယူခြင်းရှိမည်ဖြစ်၍ နိုင်ငံတော်က သတ်မှတ်သည့် ချေးငွေဘောင်ထက်လျော့နည်းနိုင်ပါသည်။ ယခင်နှစ်များ အတွေ့အကြုံအရ ခွင့်ပြုချေးငွေပမာဏထက် လျော့နည်းလေ့ရှိကြောင်း တွေ့ရပါသည်။ သို့ဖြစ်၍ ဗဟိုဘဏ်အနေဖြင့်လည်း ဘီလီယံ ၅၀၀ ကို ချက်ချင်းရိုက်နှိပ်ထုတ်ပေးရန် မလိုအပ်ဘဲ ဗဟိုဘဏ်၏အရန်ငွေနှင့် ဘဏ်များကအပ်နှံထားသော (reserve) အရန်ငွေများကလည်း ထုတ်ပေးနိုင်ပါသဖြင့် ငွေကြေးဖောင်းပွမှုဖြစ်မည်ကို စိုးရိမ် စရာမလိုပါ။ ဗဟိုဘဏ်များက ငွေစက္ကူရိုက်နှိပ်သုံးစွဲခြင်းကို အကျဉ်းချုံး တင်ပြလိုပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဗဟိုဘဏ်တိုင်းသည် တိုင်းသူပြည်သားများ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ရောင်းဝယ်ဖောက်ကားရာ တွင်လည်းကောင်း၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်းကောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံ၍ ငွေပေးငွေယူ ဆောင်ရွက်ရာတွင်လည်းကောင်း လွယ်ကူချောမွေ့စေရန် နိုင်ငံသုံးငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေဖြန့်ဖြူးပေးရပါသည်။

ထိုသို့ ငွေစက္ကူများရိုက်နှိပ်ထုတ်ဝေရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် စီးပွားရေး တောင့်တင်းသောနိုင်ငံများသည် အခြားစီးပွားရေး တောင့်တင်းသော ဖွံ့ဖြိုးပြီးနိုင်ငံ၏ အစိုးရ (သို့) အစိုးရအသိအမှတ်ပြုအဖွဲ့အစည်းနှင့် contract စာချုပ် ချုပ်ဆို၍ ငွေစက္ကူရိုက်နှိပ်ရယူကြပါသည်။ ဤနည်းဖြင့်ရရှိသော ငွေစက္ကူများကို (Hard currency) ငွေမာဟုခေါ်၍ ယင်းအတွက် ရွှေ (သို့) နိုင်ငံခြားသုံး ငွေမာတစ်မျိုးမျိုး အပေါင်ပေးရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ မိမိနိုင်ငံရှိ အစိုးရနှင့် ငွေကြေး အာဏာပိုင်အဖွဲ့များက စနစ်တကျ စီမံချက်ချမှတ်ညှိနှိုင်းရေးဆွဲ၍ မိမိနိုင်ငံ၌ ပင် ငွေစက္ကူများ ပုံနှိပ်ထုတ်ဝေရယူကြပါသည်။ ဤငွေအမျိုးအစားကို (fiat currency) အပေါင်ပစ္စည်း ကျောထောက်နောက်ခံမထားသောငွေဟုခေါ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သို့ စိုက်စရိတ် ဘီလီယံ ၅၀၀ ထုတ် ချေးခွင့်ပြုသည်ဆိုခြင်းမှာ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းနှင့် ပတ်သက်သော အသုံးစရိတ်၊ ဝယ်လိုအားကို ကုန်ထုတ်သွင်းအားစုအဖြစ် တိုးမြှင့် ဖြည့်ဆည်းပေးခြင်းသာဖြစ်**

ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် စီးပွားရေးတောင့်တင်းသော ဖွံ့ဖြိုးဆဲနိုင်ငံများသည် (Hard Currency)ငွေမာရယူသုံးစွဲကြရာတွင် ငွေစက္ကူအကြီး (Larger denomination) ကိုသာ Contract စာချုပ်နှင့် ချုပ်ဆိုထုတ်ဝေကြပြီး အသုံးများသည့်(Small denomination)တန်ဖိုးငယ် ငွေစက္ကူ ဥပမာ ၅၀/တန်နှင့်အောက်ကို အပေါင်ပစ္စည်းမထားဘဲ (Fiat currency)အဖြစ် မိမိနိုင်ငံအစိုးရအစီအစဉ်နှင့် ရိုက်နှိပ်ထုတ်ဝေသုံးစွဲကြပါသည်။ ငွေစက္ကူသုံးစွဲခြင်းနှင့်ဆက်စပ်၍ ငွေကြေးဖောင်းပွခြင်း inflation နှင့်ငွေကြေးကျုံ့ခြင်း deflation တို့မှာ ငွေမာသုံးစွဲသည့်နိုင်ငံဖြစ်စေ Fiat currency သုံးစွဲသည့်နိုင်ငံဖြစ်စေ တွေ့ကြုံခံစားကြရပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၄၀ (င) နှင့်ပုဒ်မ ၆၂ တို့အရ ဗဟိုဘဏ်က နိုင်ငံအတွင်းလိုအပ်သောငွေစက္ကူများရိုက်နှိပ်ရယူ ဆောင်ရွက်ပုံအကျဉ်းမှာ -

(က) ဘဏ္ဍာနှစ်တစ်နှစ်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ခန့်မှန်းတွက်ချက်ရရှိသည့်ဘတ်ဂျက်လိုငွေပမာဏ။

(ခ) တောင်သူလယ်သမားများသို့ စိုက်စရိတ်ထုတ်ချေးမည့်ခန့်မှန်းငွေပမာဏ (လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန/ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှရရှိသည်)

(ဂ) တိုင်းပြည်၏ ဘတ်ဂျက်နှစ်တစ်နှစ်အတွင်း ပြည်သူများက ဘဏ်များသို့လာရောက်လဲလှယ်သည့်ဟောင်းနွမ်း၊ စုတ်ပြဲ၊ စွန်းထင်း၊ မီးလောင်၊ ခြနှင့် ပိုးကိုက် အစရှိသည့် (unfit) ချွတ်ယွင်းငွေစက္ကူများအား ဗဟိုဘဏ်က စုစည်းလက်ခံ၍ဖျက်ဆီးခဲ့ရခြင်းအတွက် တန်ဖိုးအစားထိုးရသည့် ပမာဏ။

(ဃ) နိုင်ငံခြားငွေလဲလှယ်ခြင်း(Foreign Exchange) တွင် မိမိနိုင်ငံက တရားဝင်လဲလှယ်ရန် အဓိကသတ်မှတ်ပြဋ္ဌာန်းထားသည့် နိုင်ငံခြားသုံး ငွေကြေး ဥပမာ အမေရိကန် ဒေါ်လာ၊ ယူရို၊ စင်ကာပူ ဒေါ်လာများသည် အကြောင်းအမျိုးမျိုးကြောင့် ယင်းတို့၏ Exchange rate ငွေလဲလှယ်နှုန်း အပြောင်းအလဲရှိတတ်သည့်အတွက် မိမိနိုင်ငံ၏ (purchasing power) ဝယ်လိုအားလည်း ပြောင်းလဲသွားနိုင်သည်ဖြစ်ရာ ယင်းအတွက် နိုင်ငံတွင်း လှည့်လည်သုံးစွဲငွေပမာဏတိုးတက်လာနိုင်မှုအား ချိန်ထိုးနိုင်ရန် Correlation coefficient method နည်းဖြင့် တွက်ချက်ခန့်မှန်းသည့်ပမာဏ။

(င) ဗဟိုဘဏ်အရန်ဆောင်ငွေခန့်မှန်းပမာဏ (ယင်းအဆောင်ငွေမှာ ဘတ်ဂျက်နှစ်တစ်နှစ်အတွက်လိုအပ်သော ခန့်မှန်းတွက်ချက်စုစုပေါင်း ပမာဏ၏ ၅% မှ ၂၀% ထိထားရှိကြသည်)

အထက်ပါနည်းငါးနည်းဖြင့်ရရှိသော ခန့်မှန်းစုစုပေါင်းပမာဏမှ ဗဟိုဘဏ်ရှိ အသင့်သုံးနိုင်သော ငွေသားလက်ကျန်ပမာဏနှင့် ဘဏ်များက အပ်နှံထားသော မရွေးချယ်ရသေးသော ငွေစက္ကူများမှ ဘဏ္ဍာနှစ်အတွင်း ရွေးချယ်ရနိုင်သည့် ပမာဏနှစ်ရပ်ပေါင်းကိုနုတ်ပြီး အသားတင်ကျန်သော ပမာဏနှင့် ဗဟိုဘဏ် သုသေတနဌာနမှ သီအိုရီအရ တွက်ချက်ထားသော ခန့်မှန်းဘတ်ဂျက်လိုအပ်ငွေပမာဏတို့အား နှိုင်းယှဉ်သုံးသပ်ရပါသည်။ (ယင်းနှစ်နည်းမှာ ကွာဟမှုအနည်းငယ်သာရှိပါသည်။) အဓိကအားဖြင့် လက်တွေ့ကျသည့် အထက်ပါတွက်ချက်နည်း ငါးနည်းမှရရှိသည့် ပမာဏကိုသာ အတည်ယူ၍ ပြည်ထောင်စုလွှတ်တော်၌ တင်ပြအတည်ပြုချက်ရယူရပါသည်။ ဤသည်မှာ ဗဟိုဘဏ်အနေဖြင့် ဘတ်ဂျက်နှစ်တစ်နှစ်အတွက် ငွေပမာဏ မည်မျှလိုသည်ကို ခန့်မှန်းတွက်ချက်မှုဖြစ်ပါသည်။

အစိုးရများက မိမိနိုင်ငံရှိ ပြည်သူများအတွင်း အသုံးအစွဲကျပ်တည်းခြင်း၊ လုပ်ငန်းရင်းနှီးရန် ချေးငွေလိုအပ်ခြင်းအပါအဝင် ဝယ်လိုအားကျဆင်းမှုဖြစ်ပေါ်နေပါက တစ်နည်းအားဖြင့် (deflation)ငွေကျုံ့ခြင်းဖြစ်နေပါက သက်ဆိုင်ရာ ဗဟိုဘဏ်များမှတစ်ဆင့် ငွေစက္ကူများ ထုတ်ဝေဖြည့်တင်းပေးရပါသည်။ လောလောဆယ်အားဖြင့် ဗြိတိန်နိုင်ငံတွင် ယူရိုဇုန်မှ ခွဲထွက်ရေး(သို့) ဆက်လက်ပူးပေါင်းရေး အကျပ်အတည်းကြောင့် တိုင်းပြည်ဝယ်လိုအား ကျဆင်းနေသဖြင့် အင်္ဂလန်ဗဟိုဘဏ်က နိုင်ငံသုံး ပေါင်စတာလင်များ ထုတ်ဝေဖြည့်တင်းရန်စီစဉ်နေကြောင်း အင်္ဂလန်ဗဟိုဘဏ် မူဝါဒရေးရာအဖွဲ့မှ မကြာသေးမီက ကြေညာသွားခဲ့ပါသည်။ ဤသည်မှာ တိုင်းပြည်၌ ဖြစ်ပေါ်နေသော ငွေကြေးလည်ပတ်မှုအားနည်း၍ စီးပွားရေး နေးကွေးနေမှုအတွက် စီးပွားရေးလုပ်ဆောင်ချက်များ သွက်လက်လာစေရန် (demand) ဝယ်လိုအားနှင့် (Supply) ရောင်းလိုအားကို (equilibrium) အားမျှခြေရှိနေရန် စီစဉ်ပေးခြင်းပင် ဖြစ်ပါသည်။ အစိုးရကိုယ်စား ဗဟိုဘဏ်များက ငွေကြေးဖောင်းပွမှုလျှော့ချနည်း မှာ Interest Rate အတိုးနှုန်းကို လိုအပ်သလို ထိန်းညှိပြဋ္ဌာန်းပေးခြင်း၊ (Demand and supply) ဝယ်လိုအား၊ ရောင်းလိုအား ထိန်းညှိပေးခြင်း၊ နိုင်ငံတွင်း လှည့်လည်သုံးစွဲငွေ (Currency in circulation) တစ်နည်းအားဖြင့် ပြည်သူများလက်ဝယ်ရှိ ငွေကြေးများကို ကုန်ထုတ်လုပ်ငန်း၊ ကူးသန်းရောင်းဝယ်မှုလုပ်ငန်း စသည်တို့တွင် ဘဏ်များမှတစ်ဆင့် စုဆောင်းခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းတို့ ဆောင်ရွက်လာရန် ဆွဲဆောင်အခွင့်အလမ်းပေးခြင်း၊ တစ်နည်းအားဖြင့် Velocity of Money ငွေကြေး လည်ပတ်နှုန်းအားကောင်းစေရန် ဖန်တီးဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ Exchange rate နိုင်ငံခြားသုံးငွေကြေးလဲလှယ်မှု စီမံထိန်းညှိပေးသည့်နည်းမှာ နိုင်ငံတကာတွင် Monitoring Basic Export &Import with Policy Band System) Policy Band စနစ်ဖြင့် သွင်းကုန်နှင့် ပို့ကုန်အခြေခံအား ကြီးကြပ်သည့်စနစ်ဖြင့် inflation ကို ထိန်းညှိ၍ ကုန်ဈေးနှုန်း တည်ငြိမ်ရန် ဆောင်ရွက်ပေးကြရပါသည်။

(Velocity of Money)ငွေကြေးလည်ပတ်နှုန်းသည် ငွေကြေးဖောင်းပွမှု (Inflation)နှင့် ငွေကြေးကျုံ့မှု (Deflation) နှစ်မျိုးစလုံးအတွက် အရေးပါလျက်ရှိနေပါသည်။ ဘဏ်များနှင့် လုပ်ငန်းများ၏ ဆက်သွယ်မှုဖြင့် ကုန်စည်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအပါအဝင် စဉ်ဆက်မပြတ်ဖြစ်ထွန်းနေစေရန် လိုအပ်သော ငွေကြေးချေးငှားမှု၊ ပြန်ဆပ်မှု၊ ထပ်မံချေးငှားမှု စသည့် ငွေသွင်းငွေထုတ်စီးဆင်းမှုလုပ်ငန်းစဉ် ချောမွေ့နေရန် လိုအပ်သကဲ့သို့ စားသုံးသူများ၏ ဝယ်ယူစားသုံးမှု၊ နိုင်ငံခြားတိုင်းပြည်များနှင့် ကုန်သွယ်နိုင်မှုတို့ကလည်း ဟန်ချက်ညီညီ ဖြစ်ထွန်းနေရန်လိုကြောင်း တွေ့ရမည်ဖြစ်ပါသည်။

အကယ်၍ ဘဏ်များနှင့် လုပ်ငန်းများဆက်သွယ်မှု၊ တစ်နည်းအားဖြင့် ချေးငွေရရှိလည်ပတ်မှုအားနည်းခြင်းကြောင့် လုပ်ငန်းအချို့ မလည်ပတ်နိုင်ခြင်း၊ ကုန်ပစ္စည်းအရည်အသွေးမီ မထုတ်လုပ်နိုင်ခြင်းတို့ ဖြစ်ပေါ်ပါက စားသုံးသူများ၏ ဝယ်ယူစားသုံးမှု (Purchasing power)ကျဆင်းသွားသကဲ့သို့ စားသုံးသူများ လက်ဝယ်စုငွေ များပြားလာတတ်သည်ဖြစ်ရာ ငွေကြေးလည်ပတ်မှု ကျဆင်းသွားနိုင်ပါသည်။ ထို့ကြောင့် (Inflation) ငွေကြေးဖောင်းပွမှုသည် (Supply of Money) တိုင်းပြည်ရှိ စုစုပေါင်းငွေပမာဏတိုးတက်လာမှု တစ်နည်းအားဖြင့် ဗဟိုဘဏ်မှ ငွေထုတ်ပေးမှုသက်သက်ကြောင့်မဟုတ်ဘဲ ငွေကြေးလည်ပတ်မှု (Velocity) အလုံအလောက်မရနိုင်မှုကြောင့်လည်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်စရိတ်မြင့်မားလာရာမှ (Inflation) ငွေကြေးဖောင်းပွမှု ဖြစ်လာနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေဘီလီယံ ၅၀၀ ထုတ်ချေးရာတွင် ဗဟိုဘဏ်က မူလဘတ်ဂျက်ရေးဆွဲစဉ်ကပင် ထည့်သွင်းရေးဆွဲပြီးသည့် **Budget allotment (မူလဘတ်ဂျက်ခွင့်ပြုငွေ) သို့မဟုတ် အရန်ငွေထဲမှ** ဦးစားပေးထုတ်ချေးနိုင်ပြီး ယင်းနှင့်မလုံလောက်ပါက ရိုက်နှိပ်ထုတ်ချေးရမည်ဆိုပါကလည်း Velocity of Money Theory အရ တောင်သူလယ်သမားများအတွက် ထုတ်လုပ်စရိတ် အထောက်အကူပြု ဝယ်လိုအားမြှင့်တင်ပေးသည့် ကုန်ထုတ်လုပ်မှု သွင်းအားစုသာ ဖြစ်သဖြင့် ငွေကြေးဖောင်းပွမှုကို လုံးဝမဖြစ်ပေါ်နိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ စာသင်ကျောင်းဆောင်လှူ

**မိတ္ထီလာ ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဇရပ်ကုန်းအုပ်စု သဘွတ်ကုန်းကျေးရွာ အမှတ်(၁၈၁) အခြေခံမူလတန်းကျောင်းအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ဇွန် ၁ ရက်က အလျား ပေ ၉၀၊ အနံ ၂၄ ပေ နှင့် အမြင့် ၁၃ ပေရှိ တစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်၊ အလျား ၂၃ ပေ၊ အမြင့် ၁၀ ပေရှိ ရေဂါလန် ၁၅၀၀၀ ဆံ့ ရေလှောင်ကန်တစ်ကန်နှင့် ရေလောင်းအိမ်သာနှစ်လုံးတို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ မေ ၂၀ ရက်က မိတ္ထီလာမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များရှိ ကျေးရွာခုနစ်ရွာ မီးလင်းစေရေးအတွက် တောင်ကြီးမြို့ အောင်မြေဘုံစံ ဘုန်းတော်ကြီးကျောင်း၌ အလှူငွေကျပ်သိန်း ၁၀၀ ကို မိတ္ထီလာ နှင့် ကျောက်ပန်းတောင်းမြို့နယ်များရှိ ရွာဦးကျောင်းဆရာတော်များထံ လှူဒါန်းသည်။

အဆိုပါအလှူငွေများဖြင့် မိတ္ထီလာမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များရှိ ရွာဦးကျောင်းဆရာတော်များက ဦးစီးကား ကျေးရွာခုနစ်ရွာရှိ အိမ်ခြေ ၂၀၀၀ ကျော်အတွက် မီးလင်းရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများတွင် နိုင်ငံရေးပြစ်မှုနှင့် နိုင်ငံရေးအကျဉ်းသားဆိုသည့် စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိ

**နေပြည်တော် ဇွန် ၂**
နိုင်ငံရေးပြစ်မှုနှင့် နိုင်ငံရေးအကျဉ်းသားဆိုသည့် စကားရပ်များကို တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို မတွေ့ရှိရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများတွင် ဖော်ပြပါရှိခြင်း မရှိသဖြင့် နိုင်ငံရေးပြစ်မှုနှင့် နိုင်ငံရေးအကျဉ်းသားဆိုသည့် စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ပေးရန် အစီအစဉ် မရှိပါကြောင်း ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြောကြားသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **ယခုအစိုးရသစ်လက်ထက်တွင် နိုင်ငံရေးပြစ်မှု၊ နိုင်ငံရေးအကျဉ်းသား စသည့်ဝေါဟာရများအတွက် စကားရပ် အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားစဉ် ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **ဝေါမြို့နယ်ရှိ ပြန်လည်အပ်နှံလယ်မြေများကို သီးစားဖြင့် လုပ်ကိုင်ခဲ့ရသည့်ကိစ္စ၊ ပန်းညိုကျေးရွာအုပ်စုပိုင်ကွင်းအမှတ် ၁၂၀၄ ကွင်းရှိ စားကျက်မြေဧက ၁၀၀ ကျော်ကို မည်သို့ စီမံဆောင်ရွက်ပေးမည်တို့ကို** သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် တပ်ဖွဲ့ပိုင် သက်သာစိုက်ပျိုးရေးအဖြစ် သက်ဆိုင်ရာဒေသအာဏာပိုင်များမှ ခွဲဝေပေးထားသော မြေဧက ၁၀၀ အား စွန့်လွှတ်သွားရန် ညွှန်ကြားချက်အရ ပဲခူးခရိုင် ရဲတပ်ဖွဲ့မှ မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၊ ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်အပ်နှံခဲ့ပြီး ဖြစ်ပါကြောင်း။

မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီသို့ ပြန်လည်အပ်နှံခဲ့သော်လည်း အကျိုးတူလုပ်ကိုင်သည့် တောင်သူခြောက်ဦးသည် စားကျက်မြေအတွင်း ဆက်လက်ကျူးကျော်ဆောင်ရွက်လျက်ရှိပြီး မူလမြေပိုင်ရှင်များ မဟုတ်ပါကြောင်း၊ ဆက်လက်ပြီး ကျူးကျော်လုပ်ငန်းများ ဆောင်ရွက်နေပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စားကျက်မြေအဖြစ်မှ နုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်းကိစ္စများကို လိုအပ်သည့်အချက်များနှင့်ကိုက်ညီပါက အဆင့်ဆင့်တင်ပြကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝေါမြို့နယ် ပန်းညိုကျေးရွာအုပ်စုပိုင် ကွင်းအမှတ် ၁၂၀၄ ရှိ စားကျက်မြေဧက ၁၀၀ မှာ မူလစားကျက်မြေအဖြစ်သာ တည်ရှိနေဆဲဖြစ်ကြောင်း၊ စားကျက်မြေအတွင်း ကျူးကျော်များ ဖယ်ရှားရေးကို ဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။


ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုး

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ **ကျောက်ဖြူမြို့၏ မြစ်ကမ်းပါး မြေထိန်းနံရံများတွင် ဖြစ်ပေါ်နေသည့် ကိစ္စရပ်များ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ကျောက်ဖြူမြို့နယ်၏ မြစ်ကမ်းပါးထိန်းနံရံဖြစ်သော တောင်ရင်းတောင်ခြေမှ ပြင်ဖြူမော်ထိ ၄ ဒသမ ၆၃ မိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှလည်းကောင်း၊ အမှတ်(၁)ဆိပ်ကမ်းမှ ဂေါက်ကလပ်ထိ ပေ ၅၀၀၀ နှင့် သာသနာ ၂၅၀၀ မှ ခမရ ၅၄၂ ရှေ့ထိ ပေ ၁၂၅၀ ကို လမ်းဦးစီးဌာနမှ လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်လျက် ရှိပါကြောင်း၊ မြစ်ကမ်းပါးမြေထိန်းနံရံအပြင်ဘက် မြစ်ကမ်းခြေများကို မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေအရ ခရိုင်ဝန်သို့မဟုတ် ၎င်းက အခွင့်အာဏာအပ်နှင်းထားသည့် အခြားအရာရှိက နှစ်စဉ်စီမံချက်ထားခွင့်ရှိပြီး နိုင်ငံတော်အစိုးရက စီမံခန့်ခွဲနိုင်သောမြေကို နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

မြစ်ကမ်းနားသို့ ဝင်ထွက်သွားလာရန် လမ်းလိုလျှင်လည်း လမ်းပေါက်များပိတ်နေသည့် အဆောက်အအုံများအား ဥပဒေနှင့်အညီ စီမံဆောင်ရွက်နိုင်ပြီး ထိုကဲ့သို့ စီမံဆောင်ရွက်ရန်အတွက် တာဝန်ရှိသူများ ပူးပေါင်းပြီး ဥပဒေနှင့်အညီ နည်းလမ်းရှာဖွေ ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း။

ကျောက်ဖြူမြို့ သန်ပန်ချောင်းရပ်ကွက်၊ မြစ်နားတန်းရပ်ကွက်နှင့် ပိုက်ဆိပ်ရပ်ကွက်များရှိ မြစ်ကမ်းခြေတွင် ဆောက်လုပ်ထားသည့် အဆောက်အအုံများသည် သက်ဆိုင်ရာမှ ဥပဒေနှင့်အညီ တရားဝင်ခွင့်ပြုချက်များဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံများ ရှိသကဲ့သို့ ယခင် ခေတ်ကာလအဆက်ဆက်ကတည်းကပင် ဒေသနေပြည်သူလူထုအချို့မှ ၎င်းတို့၏ စားဝတ်နေရေး၊ ဘဝရပ်တည်ရေးအတွက် တရားဝင်ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဆောက်လုပ်နေထိုင်သော အဆောက်အအုံများလည်း ရှိပါကြောင်း။

၎င်းတို့နေထိုင်သည့် မြစ်ကမ်းသဲသောင်မြေဧရိယာအား မြေသားခိုင်မာမှု ရှိ/မရှိ စိစစ်ပြီး မြေသားခိုင်မာမှုရှိပါက နိုင်ငံတော်အစိုးရက စီမံခန့်ခွဲနိုင်သည့်မြေအဖြစ် အသုံးပြုခွင့်ရရှိရေး စိစစ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း၊ ကျောက်ဖြူမြို့ မြစ်ကမ်းသာယာလှပရေးအတွက် ပင်လယ်ကမ်းခြေပတ်လမ်းမြေထိန်းနံရံများ ပြုလုပ်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ပလက်ဖောင်းများ ပြုလုပ်ခြင်း၊ Flower Box များ၊ မြေယာရှုခင်းအလှများ ပြုလုပ်ခြင်းတို့ကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရန်ပုံငွေလျာထားဆောင်ရွက်သွားရန် အစီအစဉ်ရှိသည်ကို သိရှိရပါကြောင်းဖြင့် ဖြေကြားသည်။

**နိုင်ငံရေးပြစ်မှုနှင့် နိုင်ငံရေးအကျဉ်းသားဆိုသည့် စကားရပ်များကို တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို မတွေ့ရှိရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများတွင် ဖော်ပြပါရှိခြင်းမရှိသဖြင့် နိုင်ငံရေးပြစ်မှုနှင့် နိုင်ငံရေးအကျဉ်းသားဆိုသည့် စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ပေးရန် အစီအစဉ်မရှိ**

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း”**ကို လက်ခံရရှိကြောင်းကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည်။

**(သတင်းစဉ်)**

# သစ်တောပြုန်းတီးခြင်းနှင့် အတန်းအစားလျော့ကျခြင်းအတွက် မျိုးဆက်ပင်များမရှိသည့်နေရာများတွင် ကျွန်းပင်ထုတ်လုပ်မှုကို ရပ်ဆိုင်းမည်

**နေပြည်တော် ဇွန် ၂**
၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ သစ်ထုတ်လုပ်ခြင်း လုံးဝရပ်ဆိုင်းရန် စီမံဆောင်ရွက်နေကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ယနေ့အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား လျော့ကျခြင်းအတွက် မျိုးဆက်ပင်များမရှိသည့်နေရာများတွင် ကျွန်းပင်ထုတ်လုပ်မှုကို ရပ်ဆိုင်းမည်ဖြစ်ပြီး သစ်မထုတ်မီ သစ်တောသယံဇာတစာရင်းကောက်ယူမည် ဖြစ်ကြောင်း၊ ကျန်ရှိသည့် သစ်တောများ ထိခိုက်ပျက်စီးမှုမဖြစ်စေရေး မြန်မာ့သစ်လုပ်ငန်းက အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ပြောသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဒေါ်ခင်ဆွေလွင်၏ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်း ကျွန်းအပါအဝင် သစ်များထုတ်ယူနေခြင်းကို ရပ်ဆိုင်းရန် ရှိ၊ မရှိနှင့် ရပ်ဆိုင်းရန် မရှိပါက ပွင့်လင်းမြင်သာသော အစီအစဉ်ဖြင့် ထုတ်လုပ်ရန် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။


ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

ဒေါ်ခင်ဆွေလွင်က မေးခွန်းမေးမြန်းရာတွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် လဲပုံအုပ်စုရှိ ရင်ကွဲတောင်သစ်တောကြိုးဝိုင်းနှင့် ကြက်မောက်တောင်သစ်တောကြိုးဝိုင်းမှ သစ်များကို သစ်ထုတ်လုပ်ရေးမှ နှစ်ပေါင်း ၃၀ ခန့် ထုတ်ယူခဲ့ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ကုမ္ပဏီများက ထုတ်ယူကြပါကြောင်း၊ ဒေသခံများ ကန့်ကွက်သည့်ကြားက လျစ်လျူရှုလျက် ဘိုးဘွားပိုင်ပစ္စည်းသဖွယ် ထုတ်ယူကြောင်း၊ ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင် ကိုမန်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ခံစားခဲ့ရပြီး မုန်းချောင်းဘေးဝဲယာရှိ ကျေးရွာများ ရွာလုံးကျွတ်နီးပါး ရေထဲပါခြင်း၊ လယ်ယာမြေများ ပျက်စီးခြင်းနှင့် စားဝတ်နေရေး လူမှုဒုက္ခများကို ပြင်းထန်စွာခံစားခဲ့ရကြောင်း လွှတ်တော်သို့ တင်ပြခဲ့သည်။

ယင်းအပေါ် ပြည်ထောင်စုဝန်ကြီးက ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ၆၈ ခရိုင်တွင် ရေးဆွဲအတည်ပြုပြီး ခရိုင်အလိုက်နှစ်စဉ် သစ်ထုတ်လုပ်နိုင်မည့် ကျွန်း၊ သစ်မာပင်ထောင်အရေအတွက်အား စနစ်တကျတွက်ချက်သတ်မှတ်ပြီးဖြစ်ကြောင်း။


ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်

သစ်တောသယံဇာတများ ရေရှည်တည်တံ့တိုးပွားရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု သက်သာစေရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို ထည့်သွင်းစဉ်းစား၍ နှစ်စဉ်တောထွက်ပမာဏ (Annual Allowable Cut-AAC) ဘောင်အတွင်းမှ သစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကျွန်းနှင့် သစ်မာများကို သတ်မှတ်ထားသည့် ခွင့်ပြုမှုထက် လျော့ချထုတ်လုပ်ခဲ့ပါကြောင်း၊ ၂၀၁၄ ဧပြီ ၁ ရက်မှစ၍ ပြည်ပသို့ သစ်အလုံးလိုက် တင်ပို့ခြင်းကိုလည်း ရပ်ဆိုင်းခဲ့ပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် နှစ်စဉ်ထုတ်လုပ်နိုင်မည့် တောထွက်ပမာဏဘောင်အတွင်းမှ စနစ်တကျထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်း၌ ယခုနှစ်မိုးရာသီတွင် ကျွန်းစိုက်ခင်းဧက ၅၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ ဒေသခံများပူးပေါင်းပါဝင်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၂၇၃ ဧကကိုလည်း တည်ထောင်ခွင့်ပြုပြီးဖြစ်ကြောင်း ဖြေကြားသည်။

ယနေ့ အစည်းအဝေး၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြတောင်-ရွှေကူလမ်းပိုင်းတွင် ကျောက်လမ်း ၃၄ မိုင် ၄ ဖာလုံကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ရန်နှင့် ပေ ၅၀ အောက် သံကူကွန်ကရစ်တံတားများ တည်ဆောက်ရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၏ ODA LOAN ချေးငွေဖြင့်လည်းကောင်း၊ ဘဏ္ဍာနှစ်အလိုက်ရန်ပုံငွေတင်ပြတောင်းခံ၍ လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) မှ ဦးသိန်းလွင်၏ မေးမြန်းချက်အပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရွှေကူ-စင်းခန်းလမ်းပိုင်းကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၂ ပေအကျယ် ကတ္တရာခင်းခြင်း၊ ၃၄ ပေအကျယ် လမ်းတာချဲ့ခြင်း၊ ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်း၊ ပေ ၅၀ အောက် ကွန်ကရစ်တံတား လေးစင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

# လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို အခွန်ပေးဆောင်စေပြီး လိုင်စင်ထုတ်ပေးရန်နှင့် တရားမဝင်သယ်ဆောင်ရောင်းဝယ်နေသော ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားများကို မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း မေးမြန်းမည်

**နေပြည်တော် ဇွန် ၂**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို ဇွန် ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်၏ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို အခွန်ပေးဆောင်စေပြီး လိုင်စင်ထုတ်ပေးရန်နှင့် တရားမဝင်သယ်ဆောင်ရောင်းဝယ်နေသော ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ ပန်းတောင်းမြို့နယ်တွင်းမှ ရုံးစိုက်ရာမြို့သို့ လည်းကောင်း၊ တစ်မြို့နယ်လုံးမဖြစ်မနေ မှီခိုအားထားနေရသည့် ခရိုင်မြို့(ပြည်မြို့)သို့ လည်းကောင်း ဆက်သွယ်ပေးနိုင်မည့် ယာဉ်များစီစဉ်ဆောင်ရွက်ပေးရန်နှင့် အဝေးပြေးကားများ ဝင်ရောက်နိုင်ရန် လမ်းများနှင့် ကားဂိတ်များ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၏ ဂန့်ဂေါမြို့နယ် ကျော-ရေမျက်နီ ရထားလမ်းတွင် ရထားပြန်လည်ပြေးဆွဲရန် အစီအစဉ် ရှိ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်၏ ဆက်သွယ်ရေးအလွန်ခက်ခဲသော ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် GSM စနစ် တယ်လီဖုန်းလိုင်း တပ်ဆင်ပေးရန် အစီအစဉ် ရှိ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း၊ ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်၏ ကြံခင်း-ပခုက္ကူမီးရထားလမ်းဖောက်လုပ်ခဲ့ရာ၌ လက်လွတ်ဆုံးရှုံးခဲ့ရသော ကံမမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကာလပေါက်ဈေးနှင့်အညီ နစ်နာကြေးပေးလျော်ရန် အစီအစဉ် ရှိ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏ ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းနှင့် ဗိုလ်အောင်ကျော်တံတားအကြား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပိုင်ဆိုင်သော မြေဧရိယာဧက ၂၀ ခန့်ကို တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပါက ဗိုလ်တထောင်ကမ်းနားတစ်လျှောက် သောင်ထွန်းမှုတောက်လျှောက်ဖြစ်ပေါ်လာနိုင်ခြင်း၊ သင်္ဘောရေလမ်းကြောင်း ပိတ်ဆို့စေနိုင်ခြင်း၊ ဗိုလ်တထောင် သမိုင်းဝင်စေတီတော်၏ အဆောက်အအုံများ စိုးရိမ်ဖွယ်ဖြစ်ခြင်း၊ ရန်ကုန်ကမ်းနားလမ်းတစ်လျှောက် Container ကားများ ပိတ်ဆို့စေနိုင်ခြင်း စသည်တို့ကြောင့် အဆိုပါ စီမံကိန်းအား ရပ်ဆိုင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့်အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို ပုံမှန်အတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းအပေါ် အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကဦးဆောင်၍ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းအပေါ် အခွန်ကောက်ခံမှုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုကို ယနေ့မွန်းလွဲ ၁ နာရီတွင် လွှတ်တော်ဝင်းအတွင်းရှိ ပြည်သူ့လွှတ်တော်ရေးရာဆောင် (I-1) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ(၁)၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)၊ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား)၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ဖားကန့်) နှင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)တို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရက အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာသုံးခု လက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၂**

မြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရက အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာသုံးခု လက်မှတ်ရေးထိုးလဲလှယ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယရှေ့နေချုပ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဂျပန်နိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Tateshi Higuchi ဦးဆောင်သည့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုစီမံချက် အကောင်အထည်ဖော်ရန်အတွက် ဂျပန်ယန်း ၉၄၅ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ၊ ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေးစီမံချက် အကောင်အထည်ဖော်ရန်အတွက် ဂျပန်ယန်း ၁၄၁၇ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ပညာသင်ဆုပေးအပ်ရေးစီမံချက် အကောင်အထည်ဖော်ရန်အတွက် ဂျပန်ယန်း ၅၉၄ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာသုံးခုကို မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr.Tateshi Higuchi တို့က လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

စာချွန်လွှာများကို လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတိုးတက်စေမည် ဖြစ်ပြီး စာချွန်လွှာပါစီမံချက်များ အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၌ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အထောက်အကူဖြစ်စေခြင်း၊ တိရစ္ဆာန်များအတွက် ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင့်မြင့်ပညာရပ်များကို လေ့လာသင်ယူနိုင်မည့် ပညာသင်များ ပိုမိုစေလွှတ်နိုင်မည့် အခွင့်အလမ်းများရရှိခြင်း စသည့် အကျိုး




ကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

ယင်းစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနက ဆောင်ရွက်မည့် ပထမ ရက် ၁၀၀ လုပ်ငန်းစဉ်တွင် တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ စီမံချက် သုံးခုအတွက် စုစုပေါင်း အကူအညီ ဂျပန်ယန်း ၂ ဒသမ ၉၅၆ ဘီလီယံ ပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားဥပဒေစိုးမိုးရေးစင်တာများ တိုးတက်ကောင်းမွန်ရေး လက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၂**

မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်လျက်ရှိသည့် တရားဥပဒေစိုးမိုးရေးစင်တာများ တိုးတက်ကောင်းမွန်ရေးစီမံကိန်း (Improvement of Rule of Law Centers Project) အတွက် ဂျပန် နိုင်ငံက ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် (ယူအင်န်ဒီပီ) မှတစ်ဆင့် ထောက်ပံ့ကူညီရေးအတွက် စာချွန်လွှာများကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi နှင့် ယူအင်န်ဒီပီ၏ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံအရာရှိ Mr. Toily Kurbanov တို့က ယနေ့ ညနေ ၃ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန စတုရဂံဗလခန်းမ၌ လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနား သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် သက်ဆိုင်ရာအစိုးရဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါစာချွန်လွှာအရ မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးစင်တာများ တိုးတက်ကောင်းမွန်ရေးစီမံကိန်းအတွက် ဂျပန်နိုင်ငံအစိုးရက ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအထိ ကာလအတွင်း အမေရိကန်ဒေါ်လာတစ်သန်းအား ယူအင်န်ဒီပီမှတစ်ဆင့် ပံ့ပိုးကူညီပေးသွားမည် ဖြစ်သည်။

မြန်မာဥပဒေပညာရှင်များ၏ ဥပဒေရေးရာအသိပညာ ပိုမိုကျယ်ပြန့်လာစေရန်နှင့် အရည်အသွေးတိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ဥပဒေဆိုင်ရာသင်တန်းများ သင်ကြားပို့ချနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးစင်တာများ တိုးမြှင့်ရေးစီမံကိန်းအား ယခင် ပြည်ထောင်စုလွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီက ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းမှစတင်ကာ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ စုစုပေါင်းတရားဥပဒေစိုးမိုးရေးစင်တာလေးခုကို ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

## ဂျပန်-မြန်မာ သက်မွေးပညာသင်တန်းကျောင်း(အောင်ဆန်း) စီမံကိန်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၂**

နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် ဂျပန်နိုင်ငံ အခြေစိုက် အာရှဒေသပတ်ဝန်းကျင်ကောင်းမွန်ရေး နည်းပညာပြန့်ပွားမှုအဖွဲ့၏ အမှုဆောင်ဒါရိုက်တာ Mr. Akio Kawakami အား ယနေ့မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ရေးရာဆောင် အဆောင်အမှတ်(I-5) ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် Mr. Akio Kawakami က ဂျပန်-မြန်မာ သက်မွေးပညာသင်တန်းကျောင်း(အောင်ဆန်း) JMVTJ Aung San ကျောင်း စီမံကိန်းရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သောကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

**(သတင်းစဉ်)**

# မြန်မာ့ဆက်သွယ်ရေးအမ်ပီတီသုံးစွဲသူပြည်သူများ ဇွန် ၆ ရက်မှစတင်ကာ ဖေ့စ်ဘွတ်ခ် အခမဲ့ အသုံးပြုနိုင်ပြီ

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

**ရန်ကုန် ဇွန် ၂**

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး အော်ပရေတာတစ်ခုဖြစ်သောမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) မှ လူမှုကွန်ရက်တစ်ခုဖြစ်သော ဖေ့စ်ဘွတ်ခ် ပူးပေါင်းကာ အခမဲ့အသုံးပြုနိုင်သည့် Free Basics နှင့် Facebook Flex တို့ကို ဇွန် ၆ ရက်မှစတင်ပြီး အမ်ပီတီအသုံးပြုသူပြည်သူများ အခမဲ့ အသုံးပြုနိုင်ပြီဖြစ်ကြောင်း ပတ်ရှိုင်ရယ်ဟိုတယ်၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။




Mr. Koichi Kawase

ယခုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအမ်ပီတီနှင့် ဖေ့စ်ဘွတ်ခ်တို့ ပူးပေါင်း၍ သုံးစွဲသူများအား အခြေခံအင်တာနက်ဝန်ဆောင်မှုများမှတစ်ဆင့် အချင်းချင်းဆက်သွယ်ချိတ်ဆက်နိုင်ရန် အခမဲ့ဝန်ဆောင်မှု ပေးတော့မည်ဖြစ်သည်။ ထိုသို့ ဝန်ဆောင်မှုပေးရာတွင် အမ်ပီတီအသုံးပြုသူအားလုံး မပါဝင်ဘဲ ဆွေသဟာအသုံးပြုသူများသာ Free Basics နှင့် Facebook Flex တို့ကို အခမဲ့အသုံးပြုခွင့်ရမည်ဖြစ်သည်။

အမ်ပီတီ၏ အခမဲ့အသုံးပြုနိုင်သော အခြေခံအင်တာနက် ဝန်ဆောင်မှုနှစ်ခု သုံးစွဲပုံမှာ Facebook Flex ကို အသုံးပြုသူသည် ပုံစံနှစ်မျိုးဖြစ်သည့် အခမဲ့ပုံစံနှင့် ဒေတာအသုံးပြုပုံစံကို ကူးပြောင်းအသုံးပြုနိုင်မည်ဖြစ်သည်။ အခမဲ့ ပုံစံအသုံးပြုနေစဉ်တွင် စာများတင်နိုင်ခြင်း၊ ကွန်မန့်ပေးနိုင်ခြင်း၊ လိုက်ခ်ပြုလုပ်နိုင်ခြင်းနှင့် အခမဲ့စာရိုက်စကားပြောခြင်းတို့ကို ပြုလုပ်နိုင်သော်လည်း ဓာတ်ပုံနှင့် ဗီဒီယိုများကိုကြည့်ရှုလိုလျှင် သို့မဟုတ် ဒေါင်းလုပ်ဆွဲလိုလျှင် ဒေတာအသုံးပြုပုံစံသို့ ကူးပြောင်းအသုံးပြုရမည်ဖြစ်သည်။

အလားတူ အမ်ပီတီအသုံးပြုသူများအနေဖြင့် Free Basics ကိုလည်း အခမဲ့အသုံးပြုနိုင်မည်ဖြစ်သည်။ Free Basics ဝန်ဆောင်မှုတွင် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဘဏ္ဍာရေးဆိုင်ရာအကြောင်းအရာများ ပါဝင်သော ဝန်ဆောင်မှု ၃၅ မျိုးကို လေ့လာဖတ်ရှုနိုင်မည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲတွင် MPT - KSGM Joint Operations ၏ Chief Commercial Officer ဖြစ်သူ Mr. Koichi Kawase က ပြောသည်။

ယခု လူမှုကွန်ရက် ဖေ့ဘွတ်ခ် အခမဲ့အသုံးပြုသူ ပြည်သူများအနေဖြင့် အမ်ပီတီထည့်သွင်းထားသည့် Feature phone၊ Android နှင့် iphone များမှ အခမဲ့ဖြစ်သော အခြေခံအက်ပလီကေးရှင်းကိုရယူသုံးစွဲနိုင်ပြီး Facebook Flex ကို မိုဘိုင်းအက်ပလီကေးရှင်းမှတစ်ဆင့် သို့မဟုတ် www.facebook .com နှင့် အခမဲ့အခြေခံဝက်ဘ်ဆိုက် www. freebasics.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

# စီးပွားရေးပညာရှင် ၃၀၀ နှင့် အကျင့်ပျက်လာဘ်စားမှုတိုက်ဖျက်ရေး ကမ္ဘာ့ထိပ်သီးညီလာခံ

**လူလေးဝိုင်း**

ပနားမားစာရွက်စာတမ်းတွေ ထွက်ပေါ်လာတဲ့အခါ ကမ္ဘာပေါ်မှာ အခွန်တိမ်းရှောင်မှုတွေက ဘယ်လောက်ကျယ်ပြန့်နေသလဲဆိုတာကို ကမ္ဘာ့ပြည်သူတွေက ပိုသတိထားမိလာပါတယ်။ ၂၀၁၆ ခုနှစ် မေလ ၉ ရက်နေ့က ကမ္ဘာမှာထင်ရှားတဲ့စီးပွားရေးပညာရှင် ၃၀၀ ဟာ ကမ္ဘာတစ်ဝန်းလုပ်ကိုင်နေတဲ့ ကမ္ဘာ့ကုမ္ပဏီကြီးတွေကို သူတို့စီးပွားရေးလုပ်ကိုင်နေတဲ့ တစ်နိုင်ငံချင်းအလိုက် ထမ်းဆောင်ရမယ့် အခွန်တွေနဲ့ပတ်သက်ပြီး မဖြစ်မနေ လူသိရှင်ကြား ထုတ်ပြန်ပေးရမယ့် ကမ္ဘာ့စည်းမျဉ်းစည်းကမ်းထုတ်ပြန်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ဒီတောင်းဆိုချက်ကို စီးပွားရေးပညာရှင် ၃၀၀ က ကမ္ဘာ့ခေါင်းဆောင်တွေဆီ ပေးပို့ခဲ့တယ်။ ဗြိတိန်နိုင်ငံကိုလည်း အခွန်ကိစ္စရပ်တွေမှာ ပိုပြီးပွင့်လင်းမြင်သာမှုရှိလာအောင် ဦးဆောင် ဆောင်ရွက်ဖို့ စီးပွားရေးပညာရှင် ၃၀၀ က တိုက်တွန်းခဲ့ပါတယ်။ စီးပွားရေးပညာရှင် ၃၀၀ ပါဝင်လက်မှတ်ရေးထိုးလာအောင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့တဲ့အဖွဲ့ကတော့ ကမ္ဘာ့လူမှုရေးကိစ္စရပ်တွေကို ဆောင်ရွက်နေတဲ့ Oxfam ပါ။ ဒီစီးပွားရေး ပညာရှင် ၃၀၀ ထဲမှာ ထိပ်တန်း ရောင်းအကောင်းဆုံး စာရေးဆရာ Thomas Piketty ပါဝင်သလို ၂၀၁၅ စီးပွားရေးနိုဘယ်ဆုရှင် Angus Deaton တို့လည်းပါဝင်ပါတယ်။ စီးပွားရေးပညာရှင် ၃၀၀ ရဲ့တောင်းဆိုချက်ဟာ မေလ ၁၂ ရက်နေ့က ဗြိတိန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ အကျင့်ပျက်လာဘ်စားမှုတိုက်ဖျက်ရေး ကမ္ဘာ့ထိပ်သီးညီလာခံမတိုင်ခင်ထွက်ပေါ်လာတာပါ။ ဒီထိပ်သီးညီလာခံကို နိုင်ငံပေါင်း ၄၀ က နိုင်ငံရေးခေါင်းဆောင်တွေ တက်ရောက်ခဲ့သလို ကမ္ဘာ့ဘဏ်နဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေ (IMF) အဖွဲ့တွေရဲ့ကိုယ်စားလှယ်တွေလည်း တက်ရောက်ခဲ့ပါတယ်။ စီးပွားရေးပညာရှင် ၃၀၀ က ဗြိတိန်နိုင်ငံဟာ အကျင့် ပျက်လာဘ်စားမှုတိုက်ဖျက်ရေး ကမ္ဘာ့ထိပ်သီးညီလာခံကို အိမ်ရှင်အဖြစ်ကျင်းပပေးတဲ့ နိုင်ငံဖြစ်သလို အခွန်တွေကို လုံလုံခြုံခြုံ အေးအေးချမ်းချမ်း သိမ်းဆည်းထားနိုင်တဲ့ ကမ္ဘာ့အခွန် နိဗ္ဗာန်ဘုံတွေရဲ့ သုံးပုံတစ်ပုံအပေါ် အချုပ်အခြာအာဏာပိုင်ဆိုင်ထားတဲ့နိုင်ငံဖြစ်လို့ ဒီကိစ္စမှာ ဦးဆောင်သင့်တယ်လို့ ယူဆခဲ့တာပါ။

စီးပွားရေးပညာရှင် ၃၀၀ ရဲ့ကမ္ဘာ့ခေါင်းဆောင်တွေဆီ ပေးပို့တဲ့အထဲမှာ "ကမ္ဘာ့နိုင်ငံအသီးသီးကို အုပ်ချုပ်နေတဲ့ နိုင်ငံ့အစိုးရတွေအနေနဲ့ စည်းကမ်းတကျဖြစ်အောင် ဆောင်ရွက်ဖို့လိုပြီး စီးပွားရှာဖွေလုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေရဲ့ပိုင်ရှင် အစစ်အမှန်ဟာ ဘယ်သူဖြစ်တယ်ဆိုတာကို ပြည်သူလူထု သိအောင် ဆောင်ရွက်ပေးဖို့လိုပါတယ်" လို့ တင်ပြထား ပါတယ်။

Oxfam ရဲ့ လေ့လာချက်အရ ပနားမားအခြေစိုက် မော့ဆက်ဖွန်ဆီကာ (Mossack Fonseca) က ထူထောင်ပေးတဲ့ ဟန်ပြကုမ္ပဏီတွေရဲ့တစ်ဝက်လောက်ဟာ ဗြိတိန်နိုင်ငံက အချုပ်အခြာအာဏာပိုင်တဲ့ ဗြိတိသျှဗာဂျင်ကျွန်းလိုနေရာတွေမှာ ရှိနေတာပါ။ ဟန်ပြကုမ္ပဏီတွေဆိုတာ ကုမ္ပဏီကို အမှန်တကယ် ဘယ်သူပိုင်သလဲဆိုတာကို ဖုံးကွယ်ပြီး အခွန်တိမ်းရှောင်ဖို့ ရည်ရွယ်ဖွင့်လှစ်တဲ့ ကုမ္ပဏီမျိုးပါ။ Oxfam ရဲ့ အမှုဆောင်အရာရှိချုပ် Mark Goldring က "ဗြိတိန်နိုင်ငံက သူဌေးသူကြွယ်တွေနဲ့ ဩဇာအာဏာရှိသူတွေကို အခွန်နိဗ္ဗာန်ဘုံတွေမှာ အခွန်တိမ်းရှောင်ခွင့်ပြုနေသမျှကာလ ပတ်လုံး အကျင့်ပျက်လာဘ်စားမှုနဲ့ ကမ္ဘာ့ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးတွေမှာ ဗြိတိန်နိုင်ငံက ဦးဆောင်ပါတယ်လို့ ပြောကြားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"လို့ ပြောကြားခဲ့ပါတယ်။ ဧပြီလထဲမှာ ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီနဲ့စပိန်နိုင်ငံ တွေဟာ နိုင်ငံတကာအခွန်တိမ်းရှောင်သူကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး အပြန်အလှန်အချက်အလက်ဖလှယ်ကြဖို့ သဘောတူခဲ့ပါတယ်။ ဒီသဘောတူညီမှုအရ ကုမ္ပဏီတွေကို အမှန်တကယ်ဘယ်သူပိုင်ဆိုင်တယ်ဆိုတဲ့ အချက်အလက်တွေကို အပြန်အလှန်ဖလှယ်ကြမှာပါ။ ဗြိတိန်နိုင်ငံက ကမ္ဘာ့အကျင့်ပျက်လာဘ်စားမှုကို ဦးဆောင်တိုက်ဖျက်ဖို့ ကြိုးပမ်းနေချိန်မှာပဲ ဗြိတိန်အစိုးရက ဗြိတိန်နိုင်ငံမှာ အိုးအိမ်ခြံမြေတွေကို ပိုင်ဆိုင်ထားတဲ့ နိုင်ငံခြားကုမ္ပဏီတွေဟာ သူတို့နဲ့ပိုင်ဆိုင်မှုကို လူသိရှင်ကြားထုတ်ဖော်ပြောဆိုရမယ်လို့ အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ ဝန်ကြီးချုပ်ရုံးရဲ့ ထုတ်ပြန်ချက်အရ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းရဲ့အစီအစဉ်သဘောက ဗြိတိန်နိုင်ငံမှာ လက်ရှိအိုးအိမ်ခြံမြေ တွေပိုင်ဆိုင်ထားတဲ့ နိုင်ငံခြားကုမ္ပဏီတွေအကျုံးဝင်သလို အနာဂတ်မှာဝယ်ယူမယ့်ကုမ္ပဏီတွေလည်း အကျုံးဝင်ပါတယ်။ ဒီအစီအစဉ်နဲ့ရည်ရွယ်ချက်က အကျင့်ပျက်လာဘ်စားတဲ့နိုင်ငံတွေ၊ ပုဂ္ဂိုလ်တွေ လန်ဒန်အိုးအိမ်ခြံမြေဈေးကွက်ထဲမှာဝင်ခိုပြီး ပိုင်ဆိုင်မှုတွေဖုံးကွယ်၊ ငွေမည်းခဝါချဆိုတာမျိုးတွေလုပ်ခွင့်ရတော့မှာမဟုတ်သလို ဗြိတိန်ပြည်သူတွေရဲ့ အခွန်ဘဏ္ဍာသုံး ဆောင်ရွက်ထားတဲ့ကိစ္စရပ်တွေအပေါ် အမြတ်ထုတ်တာမျိုး ခွင့်မပြုတော့ပါဘူးဆိုပြီး ဝန်ကြီးချုပ်ရုံးထုတ်ပြန်ချက်မှာ ရှင်းလင်းထားပါတယ်။ ဗြိတိန်နိုင်ငံနဲ့ ဝေလနယ်မှာ နိုင်ငံခြားကုမ္ပဏီတွေပိုင်ဆိုင်တဲ့ အိုးအိမ်ခြံမြေ ၁၀၀၀၀၀ လောက်ရှိပြီး အဲဒီထဲက ၄၄၀၀၀ ဟာ လန်ဒန်မြို့မှာ ရှိနေတာကိုလည်း ဝန်ကြီးချုပ်ရုံးထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းကလည်း ဗြိတိန်နိုင်ငံပိုင် အခွန်နိဗ္ဗာန်ဘုံတွေ အခြေစိုက်ရာဒေသတချို့နဲ့ နိုင်ငံပေါင်း ၃၃ နိုင်ငံဟာ ကုမ္ပဏီတွေကို မှတ်ပုံတင်ရာမှာ ဖြည့်သွင်းခဲ့တဲ့ အချက်အလက်တွေကို အလိုအလျောက်ဖလှယ်ရေးကို သဘောတူခဲ့ပြီး ဒီအချက်အလက်တွေကို ရဲဘက်ဆိုင်ရာအာဏာပိုင်ပုဂ္ဂိုလ်တွေလည်း ကြည့်ရှုစစ်ဆေးခွင့်ရှိမှာပါလို့ ရှင်းပြခဲ့ပါတယ်။ ဗြိတိန်အစိုးရအဖွဲ့ဝန်ကြီး Matthew Hancock ကလည်း "ခင်ဗျားက လန်ဒန်မှာ အိုးအိမ်ခြံမြေဝယ်မယ် (ဒါမှမဟုတ်) ဗြိတိန်အစိုးရရဲ့ဝယ်ယူရေးအစီအစဉ်အရ အစိုးရကိုရောင်းမယ်ဆိုရင် ခင်ဗျားရဲ့ကုမ္ပဏီဟာ ကမ္ဘာကြီးရဲ့ဘယ်လိုနေရာမျိုးမှာပဲရှိရှိ ခင်ဗျားကုမ္ပဏီရဲ့ တကယ့်ပိုင်ရှင်အစစ်အမှန်ဟာ ဘယ်သူလည်းဆိုတာကို တရားဝင်ကြေညာဖို့လိုပါတယ်"လို့ ထပ်ဆင့်ရှင်းလင်းခဲ့ပါတယ်။ အကျင့်ပျက်လာဘ်စားမှုတိုက်ဖျက်ရေး ကမ္ဘာ့ထိပ်သီးညီလာခံမတိုင်ခင် ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက Guardian သတင်းစာမှာရေးခဲ့တဲ့ဆောင်းပါးက အကျင့်ပျက်လာဘ်စားမှုရဲ့ ဆိုးကျိုးတွေကို ကွင်းကွင်းကွက်ကွက် ပုံပေါ်စေပါတယ်။ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းရဲ့ဆောင်းပါးကို အမြည်းဖတ်ကြည့်ပါဦး။ "အကျင့်ပျက်လာဘ်စားမှုဆိုတာ ဒီကနေ့ ကမ္ဘာကြီးရင်ဆိုင်နေရတဲ့ ပြဿနာပေါင်းစုံတို့ရဲ့နှလုံးသားလို အချက်အချာနေရာမှာ တွယ်ကပ်နေတဲ့ကင်ဆာပါပဲ။ အကျင့်ပျက်လာဘ်စားမှုက အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖျက်ဆီးပစ်သလို ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဇက်ကြိုးတုံ့ဆွဲသလို ဟန့်တားနှောင့်နှေးစေပါတယ်။ ကမ္ဘာ့စီးပွားရေးကိုလည်း နှစ်စဉ်နှစ်စဉ် ပေါင်ငွေဘီလီယံနဲ့ချီ ဆုံးရှုံးစေတာကလည်း အကျင့်ပျက်လာဘ်စားမှုပါပဲ၊ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အကျင့်ပျက်ခြစားတဲ့အစိုးရတွေက နိုင်ငံပိုင်ဘဏ္ဍာငွေတွေအား ပြည်ပနိုင်ငံတွေကို ခိုးထုတ်နေတဲ့အချိန်မှာ ကုန်းကောက်စရာမရှိလောက်အောင် ဆင်းရဲမွဲတေတဲ့ပြည်သူတွေဟာ ဆင်းရဲခြင်းသံသရာက ရုန်းထွက်နိုင်စွမ်း ပျောက်ဆုံးနေကြပါတယ်။ အလုပ်အကိုင် ပင်ပင်ပန်းပန်းကြိုးစားပမ်းစားလုပ်ကိုင်နေတဲ့ပြည်သူတွေကို သူတို့ရရှိခံစားထိုက်တဲ့အခွင့်အရေးတွေ၊ အကျိုးအမြတ်တွေမခံစားမရရှိအောင် ဟန့်တားနေတာကလည်း အကျင့်ပျက်လာဘ်စားမှုပါပဲ" ဆိုတဲ့ ဒေးဗစ်ကင်မရွန်းရဲ့ ရေးသားတင်ပြချက်ကိုဖတ်လိုက်ရင် အကျင့်ပျက်လာဘ်စားမှုအန္တရာယ်က ထိတ်ခနဲ ခြောက်လှန့်လိုက်သလို ခံစားရမှာပါ။



**တရုတ်စီးပွားရေးကျဆင်းမှုနှင့်အတူ ဒယီးဒယိုင်ဖြစ်လာသော ဘေးပတ်ဝန်းကျင်ဒေသများ**

ကမ္ဘာမှာ စီးပွားရေးအရ ဒုတိယအကြီးဆုံးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးနှုန်းဟာ နှစ်ပေါင်း ၂၅ နှစ်အတွင်း အနိမ့်ဆုံးအဆင့်ကို ရောက်လာတဲ့အတွက် တရုတ်နိုင်ငံရဲ့ဒီလို စီးပွားရေးနှေးကွေးလာတဲ့ဒဏ်ကို ဘေးပတ်ဝန်းကျင်ဒေသတွေကပါ ခံစားလာရတာကို တွေ့ရပါတယ်။ ဟောင်ကောင်၊ မကာအိုနဲ့ ထိုင်ဝမ်တွေဟာ ၂၀၁၆ ခုနှစ်ရဲ့ ပထမသုံးလအတွင်း စီးပွားဆုတ်ယုတ်ကျဆင်းလာတာကို တွေ့ရပါတယ်။ စွမ်းအင်လောင်စာတင်ပို့ရာကနေ ဖွံ့ဖြိုးလာတဲ့ မွန်ဂိုလီးယားနိုင်ငံမှာလည်း ဖွံ့ဖြိုးမှုအရှိန်အဟုန်တွေ ပြုဆင်းလာတာကို တွေ့ရပါတယ်။ ဟောင်ကောင်အခြေစိုက် HSBC ဘဏ်ရဲ့ အာရှစီးပွားရေးသုတေသနဌာန ပူးတွဲဥက္ကဋ္ဌ Frederic Neumann က "တရုတ်နိုင်ငံ စီးပွားရေးနှေးကွေးလာမှုရဲ့ ဂယက်ဟာဒီထက် ပိုကျယ်ပြန့်လာစရာရှိပါတယ်။ တရုတ်နိုင်ငံနဲ့ ထိစပ်နေတဲ့ဒေသတွေ နိုင်ငံတွေခံစားနေရတဲ့ စီးပွားရေးကယောက်ကယက်တွေဟာ ကမ္ဘာတစ်ဝန်းကြုံတွေ့ရမယ့်စီးပွားရေးပြဿနာတွေရဲ့ နိမိတ်ဆိုးပုံရိပ်လောက်ပဲရှိပါသေးတယ်"ဆိုပြီး သူ့သဘောထားသူ့အမြင်ကို တင်ပြခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသတစ်ခုဖြစ်တဲ့ ဟောင်ကောင်ဟာ စီးပွားရေးရာကိစ္စရပ်တွေမှာ အတိုင်းအတာတစ်ခုအထိ လွတ်လွတ်လပ်လပ်စီမံခန့်ခွဲပိုင်ခွင့်ရှိပါတယ်။ ပြောရရင် ဟောင်ကောင်ဟာ တရုတ်ပြည်မအတွက် ဘဏ္ဍာရေးဆိုင်ရာ အဝင်အထွက်ဂိတ်တံခါးလိုဖြစ်နေတဲ့ သမိုင်းအစဉ်အလာဟာ အခုတော့ ရှန်ဟိုင်းလိုမြို့ကြီးတွေက ပခုံးချင်းယှဉ်လာတဲ့အတွက် ဖျော့တော့လာနေပါတယ်။ အရင်ကဟောင်ကောင်လောက်ကိုပဲ အပျော်ခရီးထွက်တဲ့ တရုတ်နိုင်ငံသားတွေဟာ ယခုတော့ဟောင်ကောင်ကိုကျော်ပြီး ဂျပန်တို့လို နိုင်ငံမျိုးတွေကို လည်ပတ်လာတာကလည်း ဟောင်ကောင်အတွက် ဘဏ္ဍာငွေကျဆင်းရာကျဆင်းကြောင်းဖြစ်လာပါတယ်။ တရုတ်နိုင်ငံမှာ အကျင့်ပျက်လာဘ်စားမှုကို ပြင်းပြင်းထန်ထန်နှိမ်နင်းလာတဲ့အတွက် လောင်းကစားသမားတွေရဲ့နိဗ္ဗာန်ဘုံလို့ပြောရမယ့်မကာအိုလည်း အရင်ကလိုစီးပွားရေးမကောင်းတော့ပါဘူး။ မကာအိုလောင်းကစားဝိုင်းတွေရဲ့ ဝင်ငွေဘဏ်တိုက်ကျဆင်းနေတာ ၂၃ လရှိ နေပါပြီ။ မကာအိုရဲ့စုစုပေါင်းထုတ်ကုန်တန်ဖိုး GDP ကလည်း ၁၃ ဒသမ ၃ ရာခိုင်နှုန်းလောက်အထိ ကျဆင်းသွားပါတယ်။ ထိုင်ဝမ်ရဲ့ အဆင့်မြင့်နည်းပညာသုံးကုန်ပစ္စည်းထုတ်လုပ်မှုတွေကလည်း တရုတ်နိုင်ငံရဲ့အသည်းအသန်ယှဉ်ပြိုင်မှုကြောင့် အထိနာနေပါတယ်။ ထိုင်ဝမ်အတွက် ပိုအထိနာတာက တရုတ်နိုင်ငံက ထိုင်ဝမ်ကုန်ပစ္စည်းတွေကို အရင်ကလောက် မဝယ်တော့တာပါ။ ထိုင်ဝမ်ရဲ့ပြည်ပပို့ကုန်ဆက်တိုက်ကျဆင်းနေတာ ၁၅ လ ရှိသွားပါပြီ။ ထိုင်ဝမ်ဂျီဒီပီ (GDP)ကလည်းမနှစ်ကနဲ့ယှဉ်ရင် ၀ ဒသမ ၆၈ ရာခိုင်နှုန်းကျ ဆင်းသွားပါတယ်။ မွန်ဂိုးလီးယားနိုင်ငံ ပြည်ပပို့ကုန်ရဲ့ငါးပုံလေးပုံဝယ်ယူတင်သွင်းနေတဲ့ တရုတ်နိုင်ငံရဲ့စီးပွားရေးဆုတ်ယုတ်ကျဆင်းမှုဟာ မွန်ဂိုလီးယားနိုင်ငံကို ထိခိုက်နစ်နာစေတာကတော့ ရှင်းပြစရာမလိုတော့ပါဘူး။ ကမ္ဘာ့နိုင်ငံတွေ မျက်စိဖွင့် နားစွင့်ရမယ့် သတင်းလို့ပဲ ပြောရမှာပါ။

**အကျင့်ပျက်လာဘ်စားမှုဆိုတာ ဒီကနေ့ ကမ္ဘာကြီးရင်ဆိုင်နေရတဲ့ ပြဿနာပေါင်းစုံတို့ရဲ့ နှလုံးသားလို အချက်အချာနေရာမှာ တွယ်ကပ်နေတဲ့ ကင်ဆာပါပဲ။ အကျင့်ပျက်လာဘ်စားမှုက အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖျက်ဆီးပစ်သလို ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဇက်ကြိုးတုံ့ဆွဲသလို ဟန့်တားနှောင့်နှေးစေပါတယ်။ ကမ္ဘာ့စီးပွားရေးကိုလည်း နှစ်စဉ်နှစ်စဉ် ပေါင်ငွေ ဘီလီယံနဲ့ချီ ဆုံးရှုံးစေတာကလည်း အကျင့်ပျက် လာဘ်စားမှုပါပဲ၊ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အကျင့်ပျက်ခြစားတဲ့ အစိုးရတွေက နိုင်ငံပိုင်ဘဏ္ဍာငွေတွေအား ပြည်ပနိုင်ငံတွေကို ခိုးထုတ်နေတဲ့အချိန်မှာ ကုန်းကောက်စရာမရှိလောက်အောင် ဆင်းရဲမွဲတေတဲ့ ပြည်သူတွေဟာ ဆင်းရဲခြင်း သံသရာက ရုန်းထွက်နိုင်စွမ်း ပျောက်ဆုံး နေကြပါတယ်။**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်စာရေးဝန်ထမ်းများ ဌာနတွင်း အရည်အသွေးမြှင့်သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်စာရေးဝန်ထမ်းများ တရားရုံးလုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့် သင်တန်းအမှတ်စဉ်(၁/၂၀၁၆)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက တိုင်းဒေသကြီး တရားလွှတ်တော်သင်တန်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေတက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားရုံးဝန်ထမ်းများသည် တရားသူကြီးများနည်းတူ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေဖို့ဆောင်ရွက်ရန် တာဝန်ရှိသူများဖြစ်ကြောင်း၊ ရုံးလုပ်ငန်းကိစ္စများ၊ တရားခွင်တာဝန်များကို ဆောင်ရွက်ရာမှာ တရားရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ စည်းနဲ့ကမ်းနဲ့ ဆောင်ရွက်တတ်ရန်လိုအပ်ကြောင်း၊ ရှေ့နေရှေ့ရပ်များ၊ အမှုသည်များနှင့် တာဝန်အရပြောဆိုဆက်ဆံရာမှာ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်ရန်လိုအပ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာမှာ ခေတ်စနစ်နှင့်မညီတဲ့ အကျင့်စရိုက်ကိုပယ်ဖျက်ပြီး စိတ်ဓာတ်အခြေခံမှစ၍ ပြုပြင်ပြောင်းလဲကာ ပြည်သူအများ ယုံကြည်ကိုးစားတဲ့ တရားရုံးတွေဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းသင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်နန်းစန္ဒာစမ်းနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများနှင့် သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ယနေ့ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇွန် ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

**(မိုး/ဇလ)**

# တောင်တရုတ်ပင်လယ်ပြင်ကိစ္စများ အမေရိကန်နှင့်မသက်ဆိုင်ကြောင်း တရုတ်ပြော

**ပေကျင်း ဇွန် ၂**

အမေရိကန်အနေဖြင့် တောင်တရုတ်ပင်လယ်အရေးကိစ္စအပေါ် ၎င်း၏မူဝါဒများဖြင့် မဆုံးဖြတ်သင့်ကြောင်း၊ အငြင်းပွားကျွန်းများတွင် ဘက်လိုက်မှု မပြုဟုဆိုသည့် ကတိကို တည်သင့်ကြောင်း ထိပ်တန်းတရုတ်သံအမတ်တစ်ဦးက တရုတ်-အမေရိကန် လုံခြုံရေးဆွေးနွေးပွဲမတိုင်မီ ကြာသပတေးနေ့က ပြောခဲ့သည်။

တောင်တရုတ်ပင်လယ်ပြင်၌ တရုတ်ထိန်းချုပ်ထားရာကျွန်းများအနီး အမေရိကန်စစ်ဘက်ဆိုင်ရာလှည့်ကင်းများ ဆောင်ရွက်နေမှုကို တရုတ်နိုင်ငံဘက်မှ အလိုမကျမှုများဖြစ်ပေါ်နေသည်။ အမေရိကန်ဘက်ကလည်း ရေကြောင်းလွတ်လပ်စွာသွားလာမှုများကို ကာကွယ်မှုပြုလုပ်ရန် လှည့်ကင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောသည်။

တောင်တရုတ်ပင်လယ်ပြင်ကိုဖြတ်၍ နှစ်စဉ် ဒေါ်လာ ၅ ထရီလီယံခန့် ကုန်သွယ်မှုပြုခြင်းကို တရုတ်နိုင်ငံဘက်မှ မကျေနပ်မှုများ မြင့်တက်လျက်ရှိနေပြီး ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှား ၊ ထိုင်ဝမ်နှင့်ဘရူနိုင်းတို့ကလည်း ဝါရှင်တန်နှင့် စစ်ရေးပူးပေါင်းစစ်ဆင်ရေးများပြုလုပ်နေသလို တောင်တရုတ်ပင်လယ်အရေးကိစ္စအပေါ် မကျေနပ်မှုများဖြစ်ပေါ်နေသည်။

လာမည့်သီတင်းပတ်တွင် ပေကျင်း၌ အမေရိကန်အရာရှိများနှင့်အဆင့်မြင့်အစည်းအဝေးမကျင်းပမီ ရှေ့ပြေးအနေဖြင့် ကျင်းပသော အစည်းအဝေးတစ်ခု၌ တရုတ်နိုင်ငံခြားရေးဒုတိယဝန်ကြီး စန်စီကျောင်က ၎င်း၏နိုင်ငံသည် တောင်တရုတ်ပင်လယ်ပြင်၌ ရေကြောင်းဆိုင်ရာအခွင့်အရေးများနှင့် ၎င်း၏အချုပ်အခြာအာဏာကို ကာကွယ်ရန် တာဝန်ရှိသည်ဟု ပြောခဲ့သည်။

တောင်တရုတ်ပင်လယ်ငြင်းပွားကျွန်း၌ အမေရိကန်သည် တောင်တရုတ်ပင်လယ်အရေးကို တိုက်ရိုက်ပတ်သက်သူ မဟုတ်ကြောင်း၊ နယ်မြေအငြင်းပွားမှုများတွင် ၎င်းအနေဖြင့်ရပ်တည်စရာမလိုကြောင်း စန်ကပြောသည်။

(ရိုက်တာ)



# ကယ်လီဖိုးနီးယားတက္ကသိုလ်ပစ်ခတ်မှု လူသတ်သမားနှင့် အခြားတစ်ဦးသေဆုံး

**လော့စ်အိန်ဂျလိစ် ဇွန် ၂**

လော့စ်အိန်ဂျလိစ်ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်၌ ဗုဒ္ဓဟူးနေ့က အသေခံလူသတ်သမားတစ်ဦးက အခြားသူတစ်ဦးကိုပစ်သတ်ခဲ့ပြီး ကိုယ့်ကိုယ်ကိုယ်ပစ်ခတ်ခဲ့သောကြောင့် တက္ကသိုလ်ကျောင်းဝင်းကို နှစ်နာရီကြာပိတ်ထားခဲ့ရကြောင်း သိရသည်။

အင်ဂျင်နီယာ အဆောက်အအုံ၌ လူတစ်ဦးသည် အခြားလူတစ်ဦးကို ပစ်သတ်ပြီးနောက် ကိုယ့်ကိုယ်ကိုယ် ပစ်ခတ်ခဲ့ကြောင်း လော့စ်အိန်ဂျလိစ် ရဲမှူးချာလီဘတ်က ပြောသည်။ ထို့နောက် ရဲမှူးက သေနတ်ကို အခင်းဖြစ်ပွားရာနေရာ၌ ရှာဖွေသိမ်းဆည်းခဲ့သည်။

လော့စ်အိန်ဂျလိစ်ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်ကို ဆက်လက်ခြိမ်းခြောက်မှုများ မရှိတော့သလို ယင်းတက္ကသိုလ်အပြင်ဘက်၌ သံသယဖြစ်ဖွယ် တစ်စုံတစ်ရာကိုလည်း မတွေ့ရှိကြောင်း ၎င်းက သတင်းထောက်များကို ပြောကြားခဲ့သည်။ သေဆုံးသူများနှင့် ပတ်သက်သည့် အခြားအချက်အလက်များကို မသိရသေးပေ။



ရဲတပ်ဖွဲ့မှ အသေခံပစ်မှုနှင့် သက်ဆိုင်သည့်မှတ်စုများကို ပြန်လည်ရှာဖွေဖော်ထုတ်နေကြောင်း ပြောသည်။ ပစ်ခတ်မှုဖြစ်စဉ်ကြောင့် အခင်းဖြစ်ပွားရာနေရာတွင် ရဲတပ်ဖွဲ့ဝင် ၂၀၀ ခန့် ရဲလုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။ သမ္မတ ဘားရက်အိုဘားမားကလည်း ၎င်း၏အဖွဲ့ကို ပစ်ခတ်မှုဖြစ်ပွားခြင်းဆိုင်ရာ နောက်ဆုံးသတင်းအချက်အလက်များကိုပေးရန် တောင်းဆိုထားကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဂျိုးအားနတ်က ပြောသည်။

ပစ်ခတ်မှုဖြစ်ပွားရာနေရာ၌ နာရီအတော်ကြာ တင်းကျပ်ထားပြီးနောက် စာသင်ခန်းများကို ကြာသပတေးနေ့တွင် ပြန်လည်စတင်နိုင်ခဲ့ကြောင်း တက္ကသိုလ်တာဝန်ရှိသူများက ပြောသည်။

(ရိုက်တာ)

# မာလီ၌ ကုလသမဂ္ဂအဖွဲ့ဝင်များ တိုက်ခိုက်ခံရ လူလေးဦးသေဆုံး

**ဘာမာကို ဇွန် ၂**

မာလီနိုင်ငံရှိ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့ တိုက်ခိုက်ခံရ၍ အဖွဲ့ဝင်လေးဦး သေဆုံးခဲ့သည်။

ဂါအိုမြို့မြောက်ဘက် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့ စခန်းချရာနေရာအနီး၌လည်း မော်တော်ယာဉ်တစ်စီး အင်္ဂါနေ့က ပေါက်ကွဲခဲ့ရာ တရုတ်ငြိမ်းချမ်းရေးထိန်းသိမ်းသူတစ်ဦးသေဆုံးပြီး အခြား ၁၀ ဦးမှာ ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ဂါအိုမြို့၌ပင် အဆိုပါငြိမ်းချမ်းရေးအဖွဲ့နှင့် ဆက်စပ်လျက်ရှိသော အဖွဲ့၌လည်း သေနတ်ဖြင့်ဝင်ရောက်တိုက်ခိုက်မှုခံရ၍ ပြင်သစ်ကျွမ်းကျင်ပညာရှင်တစ်ဦး အပါအဝင် မာလီမှ လုံခြုံရေးနှစ်ဦး သေဆုံးခဲ့သည်။

နိုင်ငံမြောက်ပိုင်းရှိ စစ်သွေးကြွများနှင့် အစိုးရတို့ လွန်ခဲ့သောနှစ်ကငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးပြီးနောက် မာလီနိုင်ငံရှိ အဆိုပါ ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့ကို စစ်သွေးကြွများက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

မေလတစ်လတည်း၌ပင် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့ဝင် ၁၂ ဦးအသက်ခံခဲ့ရကြောင်း ကုလသမဂ္ဂကပြောသည်။ ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သော ကြေညာချက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ယင်းတိုက်ခိုက်မှုကို ရှုတ်ချကြောင်း ကုလသမဂ္ဂအနေဖြင့် မာလီနိုင်ငံ၏ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးဆောင်ရွက်မှုများကို ထောက်ပံ့ကူညီမှုများ ဆက်လက်ပြုလုပ်မည်ဟု ဖော်ပြခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဇွန်လနှောင်းပိုင်း၌ မာလီတွင်ငြိမ်းချမ်းရေးဆောင်ရွက်မှုလုပ်ငန်းများ ချဲ့ထွင်မည်ဖြစ်ရာ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုအန္တရာယ်မှ ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့ဝင်များကို မည်သို့အားဖြည့်မည်ဆိုသည်မှာ အဓိကကိစ္စရပ် ဖြစ်လာသည်။

(အင်န်အိတ်ချ်ကေ)

# ပါကစ္စတန်၌ မိုးသက်မုန်တိုင်းကြောင့် လူ ၁၃ ဦးသေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဇွန် ၂**

ပါကစ္စတန်မြို့တော် အစ္စလာမ္မာဘတ်နှင့် ခိုင်ဘာအနောက်မြောက်ပိုင်းစီရင်စု၌ မိုးသည်းထန်စွာရွာသွန်းပြီး မိုးသက်မုန်တိုင်းကျရောက်မှုကြောင့် လူ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ကြာသပတေး နေ့တွင် ဖော်ပြသည်။

ဗုဒ္ဓဟူးနေ့ညက နိုင်ငံတစ်ဝန်း မုန်တိုင်းကျရောက်မှုကြောင့် ယာဉ်ပေါင်းများစွာ ပျက်စီးဆုံးရှုံးရပြီး မြို့တော်ရှိ လမ်းအမှတ်အသားများနှင့် သစ်ပင်များပြိုလဲခဲ့ကြောင်း ဆာမားသတင်းစာတွင် ဖော်ပြထားသည်။

အစ္စလာမ္မာဘတ်နှင့် ၎င်း၏ ညီအစ်မမြို့တော် ရာဝါပင်ဒီမြို့တို့သည် အဆိုးရွားဆုံးခံစားခဲ့ရပြီး လူရှစ်ဦးသေဆုံးကာ အခြား ၁၀၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပါကစ္စတန် မိုးလေဝသဌာနမှ မုန်တိုင်းတိုက်ခတ်စဉ် လေတိုက်နှုန်းမှာ တစ်နာရီ ကီလိုမီတာ ၁၂၀ မှ ၁၄၈ အထိရှိကြောင်း ဖော်ပြခဲ့သည်။ ပြည်တွင်းအုပ်ချုပ်ရေးဌာန ပတ်ဝန်းကျင်ရေးရာဌာနမှ အလုပ်သမားများနှင့် ပူးပေါင်းပြီး လမ်းသန့်ရှင်းရေးများ ပြုလုပ်ရန် ညွှန်ကြားထားသည်။

(ဆင်ဟွာ)

# ဩစတြေးလျတွင် လှိုင်းစီးသူတစ်ဦး ငါးမန်းအကိုက်ခံရ

**ဆစ်ဒနီ ဇွန် ၂**

ဩစတြေးလျ အနောက်ပိုင်းကမ်းခြေတစ်ခုတွင် လှိုင်းစီးသူတစ်ဦး ငါးမန်းအကိုက်ခံရပြီး သေလုမြောပါးအခြေအနေခံစားနေရကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဇွန် ၁ ရက်က ဖော်ပြခဲ့သည်။

အသက် ၂၉နှစ်ရှိ ဘန်ဂါးရင်းသည် ပက်သ်မြို့ တောင်ဘက် မန်ထူရာအနီးရေထဲတွင် ရှိနေစဉ် ငါးမန်းအကိုက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

ငါးမန်းအကိုက်ခံရခြင်းသည် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဩစတြေးလျသတင်းဌာနက ဖော်ပြခဲ့သည်။

မစ္စတာဂါးရင်းသည် ဆေးရုံသို့မပို့မီ သတိပြန်လည်လာကြောင်း၊ သို့သော် ဆေးကုသမှုခံယူပြီးနောက်ပိုင်းတွင်လည်း သေလုမြောပါးအခြေအနေကို ဆက်လက်ခံစားနေရကြောင်း ဒေသတွင်းသတင်းမီဒီယာများက ပြောသည်။

လှိုင်းစီးစဉ် လှိုင်းလုံးကြောင့် ဟန်ချက်ပျက်ကာ ရေထဲသို့ ပြုတ်ကျသွားစဉ် ငါးမန်းအကိုက်ခံရခြင်းဖြစ်သည်။ ယင်းဒေသတွင် ထူးခြားသော ငါးမန်းမျိုးစိတ်တစ်ခုရှိကြောင်း ဩစတြေးလျအနောက်ပိုင်း လှိုင်းစီးကယ်ဆယ်ရေးအဖွဲ့က ကြေညာထားသည်။

(ဘီဘီစီ)

# အိုင်အက်စ်စစ်သွေးကြွများ ဆီးရီးယားနှင့် အီရတ်နှစ်နိုင်ငံလုံး၌ တိုက်ပွဲများဖြစ်ပွား

**ဘဂ္ဂဒက် ဇွန် ၂**

အိုင်အက်စ်စစ်သွေးကြွများသည် အီရတ်နှင့် ဆီးရီးယားရှိ စစ်မြေပြင်နှစ်ခုစလုံးတွင် ဗုဒ္ဓဟူးနေ့၌ တိုက်ပွဲများအပြင်းအထန်ဆင်နွှဲလျက်ရှိသည်။

ဆီးရီးယား၌ အမေရိကန်ကို ကျောထောက်နောက်ခံပြုထားသည့် အာရပ်နှင့်ကာ့ဒ်တိုက်ခိုက်ရေးသမားများက အိုင်အက်စ်တို့နှင့် ပြင်ပကမ္ဘာတို့ ဆက်သွယ်သည့် အဓိကလမ်းကြောင်းကို ဖြတ်တောက်၍ တိုက်ပွဲများဆင်နွှဲပြီး နောက်တူရကီနယ်စပ်ရှိ မဟာဗျူဟာအရ အရေးကြီးသည့်နေရာများကို သိမ်းပိုက်နိုင်ပြီဖြစ်ကြောင်းပြောသည်။

အီရတ်၌လည်း ဝန်ကြီးချုပ် ဟိုင်ဒါ အဘက်ဒီက ၎င်း၏တပ်ဖွဲ့ဝင်များကို အရပ်သားများထိခိုက်မှုမရှိစေရေး ဖော်လူဂျာမြို့အနီး တိုက်ခိုက်မှုများကို လျှော့ချရန် အမိန့်ပေးထားသည်။

အစွန်းရောက် ဆွန်နီမူဆလင်စစ်သွေးကြွများကို အဓိကပစ်မှတ်ထားတိုက်ခိုက်သည့် အမေရိကန်ဦးဆောင်သော မဟာမိတ်များ၏ အကူအညီကလည်း ဆီးရီးယားနှင့်အီရတ်နှစ်နိုင်ငံလုံးရှိ စစ်မြေပြင်များတွင် အထောက်အကူပြုလျက်ရှိသည်။

အီရတ်၌ အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်များက အစိုးရတပ်များကို ကူညီရန် လေကြောင်းမှပစ်ခတ်မှုများ ပြုလုပ်လျက်ရှိသည်။ ဆီးရီးယား၌လည်း အမေရိကန် အထူးတပ်ဖွဲ့ဝင်များက စစ်မြေပြင်၌ အကြံဉာဏ်များပေးလျက်ရှိသည်။

(ရိုက်တာ)



# ပုဏ္ဏားကျွန်းမြို့နယ် ပိုးရွှီပြင် အထကမှ ကျောင်းသား ကျောင်းသူများ ကြို/ပို့ ကူးတို့လှေ တိမ်းမှောက်၍ ခုနစ်ဦးသေဆုံးပြီး ၂၈ ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်

**သတင်း-လေးဝတီထွန်းစောခိုင်၊ ဓာတ်ပုံ-မဟာမိတ်လူမှုရေးအသင်း(ပိုးရွှီပြင်)**

ပုဏ္ဏားကျွန်း ဇွန် ၂

**ပုဏ္ဏားကျွန်းမြို့နယ် ပိုးရွှီပြင် အထကမှ ကျောင်းသား ကျောင်းသူများလိုက်ပါ လာသော ပိုးရွှီပြင်-ရဟတ်တောင် ကူးတို့လှေသည် ယမန်နေ့ မွန်းလွဲပိုင်းက နစ်မြုပ်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၃၅ ဦး ရေနစ်ခဲ့ပြီး ၂၈ ဦးကို အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့ကာ ခုနစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။**

၂၀၁၆-၂၀၁၇စာသင်နှစ်၏ အစရက်ဖြစ်သော ဇွန် ၁ ရက်တွင် ကျောင်းသား ကျောင်းသူများသည် စိတ်သစ်လူသစ်ဖြင့် ကျောင်းတက်ကြရာ ပုဏ္ဏားကျွန်းမြို့နယ် ပိုးရွှီပြင် အထကမှ ကျောင်းသား ကျောင်းသူအချို့ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ရသည်။ ဖြစ်စဉ်မှာ ယင်းနေ့မွန်းလွဲပိုင်းက ကျောင်းဆင်းပြီး ရွာပြန်လာကြသော ကျောင်းသား ကျောင်းသူ ၃၅ ဦး တင်ဆောင်လာသည့် ပိုးရွှီပြင်-ရဟတ်တောင်ကူးတို့လှေ(ပဲ့ချိတ်စက်တပ်လှေ)သည် တောဖျားချောင်း(ပိုးရွှီပြင်မြစ်)အတွင်း၌တိမ်းမှောက်ကာ နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။ လှေနစ်မြုပ်သည့်သတင်းရရချင်း ပိုးရွှီပြင်ရွာမှ ရွာသားများက လှေများဖြင့် လိုက်ပါကယ်ဆယ်ရာ ကျောင်းသား ကျောင်းသူ ၂၈ ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး ခုနစ်ဦး ရေနစ်သေဆုံးခဲ့သည်။ သေဆုံးကြသည့် ကျောင်းသား ကျောင်းသူများမှာ ရခိုင်ဂန့်ဂါကျေးရွာမှ ဖြစ်ကြပြီး မကြည်ကြည်မ (Grade 8)၊ မအေးငြိမ်းစိုး(Grade 8)၊ မမြတ်ကေဝင်း(Grade 8)၊ မခိုင်ဖြိုးဌေး (Grade 9)၊ မခိုင်ဖြိုးဦး (Grade 9)၊ မငြိမ်းငြိမ်းထွေး(Grade 9) နှင့် မောင်ရီဝေလင်း (Grade 10) တို့ဖြစ်ကြောင်း သိရသည်။



"ကျွန်တော်တို့ မဟာမိတ်လူမှုရေးအသင်းသားတွေအပါအဝင် ရွာသားတွေက ချက်ချင်းဆိုသလိုလိုက်ပြီးကယ်ဆယ်နိုင်ခဲ့လို့ ၂၈ ဦးထိ ကယ်နိုင်ခဲ့တာပါ။ အချိန်ကြာရင် ဒီထက်အခြေအနေဆိုးသွားနိုင်ပါတယ်။ ကျောင်းစတက်တဲ့နေ့ဆိုတော့ ကျောင်းကပုံမှန်မဟုတ်သေးတဲ့အတွက် နေ့လယ်ပိုင်းကတည်းက ကျောင်းလွှတ်လိုက်တာပါ။ ဒါကြောင့် ကလေးတွေ ရွာပြန်ကြတာပါ။ လှေက ၃၅ ဦး ထိမဆံ့ပါဘူး။ ဒါကို ကူးတို့သမားက နှစ်ခေါက်မပို့ချင်တော့ တစ်ခေါက်တည်း သွားတာပါ။ မြစ်လယ်ရောက်တော့ လှေထဲရေနည်းနည်းဝင်တာနဲ့ ကလေးတွေက မငြိမ်မသက်ဖြစ်လို့ လှေလူးလိမ့်ကာ ရေနစ်သွားတာပါ။ စိတ်မကောင်းဖြစ်မိပါတယ်"ဟု တောဖျားမဟာမိတ် လူမှုရေးအသင်းမှ ဦးကျန်လှက ပြောသည်။

ပိုးရွှီပြင်အထကမှ ကျောင်းဆရာမတစ်ဦးကလည်း "ကျွန်မကတော့ ဒီဖြစ်ရပ်တွေကို လွယ်လွယ်နဲ့ မေ့လို့ရမှာမဟုတ်ပါဘူး။ ကိုယ့်ရဲ့တပည့်တွေ မနက်ပိုင်းက ပြုံးပြုံးရွှင်ရွှင်နဲ့ ကျောင်းလာတက်ပြီးတော့ ခဏအတွင်းလောကကြီးထဲက စွန့်ခွာသွားကြတာကို တွေးမကြည့်ရဲပါဘူး" ဟု ငိုသံပါပါဖြင့်ပြောသည်။

ရေနစ်သွားသော ကျောင်းသား ကျောင်းသူများ၏အလောင်းကို အနီးအနားကျေးရွာများကပါ နေ့ညပူးပေါင်းရှာဖွေကြရာ ဇွန် ၂ ရက်တွင် သေဆုံးသူများ၏ အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ကူးတို့လှေနစ်မြုပ်မှုနှင့်ပတ်သက်၍ ကူးတို့ပို့ဆောင်သူ ပိုးရွှီပြင်ရွာသား ဦးမောင်ရဲနိုင်အား ပိုးရွှီပြင်ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲများ ဝန်ကြီးဌာနများ၌ ဟောပြော

**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောဆောင်ရွက်မှုကို အမှတ်(၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (နေပြည်တော်)က ယနေ့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၌ ဟောပြောဆောင်ရွက်ကြသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများ၌ ဟောပြောရာ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်ငါးမျိုး ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန် စည်းကမ်းချက်များကိုလည်းကောင်း။

လမ်းညွှန်ဆေးရေးအမှတ်အသားများ၊ မီးပွိုင့်နှင့်အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှားအမှန် သရုပ်ပြပုံများ၊ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများကို လည်းကောင်း အသေးစိတ်ချပြရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင် ၅၀၀ ကို ဝေငှပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## တောဆင်ရိုင်းတစ်ကောင် အဆိပ်လူးမြားဖြင့် ပစ်ခံရ

**ကျောက်တံခါး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးမိုင်တိုင် အမှတ် ၇၇ မိုင် ၂ ဖာလုံ၏ အနောက်ဘက်တစ်မိုင်ခန့်အကွာ ပဲခူးရိုးမ ဘိုင်းဒါးကြိုးဝိုင်းအကွက်အမှတ် (၁၀၈) တွင် ဇွန် ၁ ရက် ညနေ ၆ နာရီက တောဆင်ရိုင်းတစ်ကောင်အဆိပ်လူးမြားဖြင့် ပစ်ခတ်ခြင်းခံခဲ့ရကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းယု၊ တောအုပ်ကြီးဦးကျော်ခင်၊ ဦးမောင်သိန်းနှင့် သစ်တောဝန်ထမ်းများ၊ သစ်ထုတ်လုပ်ရေးအဖွဲ့များ၊ ဖဒိုနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဇင်မင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ သစ်တောရဲများ ပူးပေါင်းအဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးရာ အဆိုပါဆင်မှာ တောဆင်ရိုင်းဟိုင်းဆင်ဖြစ်ပြီးဆင်၏ တင်ပါးဘယ်ညာတွင်အဆိပ်



လူးမြားများ တပ်လျက်တွေ့ရှိရပြီး ဆင်မှာ သေဆုံးခြင်းမရှိသော်လည်း စိုးရိမ်ရပြီး ဖြည်းညင်းစွာ သွားလာနေ၍ ဝိုင်းဝန်းဖမ်းဆီးကာ အဆိုပါဒဏ်ရာရတောဆင်ရိုင်းအား သစ်တောဦးစီးဌာနရန်ကုန်ဆင်ဆေးကုသရေးအဖွဲ့က လာရောက်ကာ အချိန်မီဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တောဆင်ရိုင်းအားအဆိပ်လူးမြားဖြင့် ပစ်ခတ်သောအဖွဲ့အား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

## ကျွန်းစုမြို့ပေါ်တွင် လမ်းရေိယာမြေပေါ်၌ အဖီချ ဈေးဆိုင်များအား အရေးပေါ် ၁၀ ပေ လမ်းကြားသတ်မှတ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ကျွန်းစု ဇွန် ၂**

ကျွန်းစုမြို့နယ်၌ မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်မှ အများပြည်သူများသည် ဗိုလ်ချုပ်လမ်းမကြီး တစ်ခုတည်းဖြင့်သာ နေ့စဉ်သွားလာလျက်ရှိသည်။ မြို့နယ်စည်ပင်သာယာ ဧရိယာအတွင်းရှိ လမ်းဘေး ဝဲ၊ ယာများတွင် ဈေးဆိုင်တချို့မှ နေအိမ်အရှေ့အဖီချကာ တည်ဆောက်ရောင်းချနေမှုနှင့် လူနေအိမ်နောက်ဖေး အရေးပေါ် ၁၀ ပေ လမ်းကြားကို ဥပဒေနှင့်အညီ သတ်မှတ်နိုင်ရေး မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများက မေ ၂၈ ရက်မှ စတင်ကာ ရပ်ကွက်များအား ကွင်းဆင်းတိုင်းတာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်းစုမြို့နယ်တွင် ဗိုလ်ချုပ်လမ်းမကြီး တစ်ခုတည်းဖြင့် အမှတ်(၁) ရပ်ကွက်တွင် လမ်းသွယ် ကိုးလမ်း၊ အမှတ်(၂)ရပ်ကွက်၌ လမ်းသွယ် ခုနစ်လမ်း၊ အမှတ်(၃)ရပ်ကွက်၌ လမ်းသွယ် ၁၄ လမ်းနှင့် အမှတ် (၄)ရပ်ကွက်၌ လမ်းသွယ်ရှစ်လမ်းရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၃) မြို့ပြ ဒေါ်စုစုဖွေးက ပြောသည်။

ဗိုလ်ချုပ်လမ်းမကြီးကို ပေ ၁၀၀ သတ်မှတ်ထားပြီး လမ်းသွယ်များကို ပေ ၃၀ နှင့် အိမ်နောက်ဖေးအရေးပေါ်လမ်းကြားကိုလည်း ၁၀ ပေသတ်မှတ်ထားကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါဧရိယာအတွင်းရှိ လူနေအိမ်များနှင့် အခိုင်အမာဈေးဆိုင်များ ဝင်ရောက်နေထိုင် ဆောက်လုပ်နေမှုများကို ဥပဒေနှင့်အညီ အသိပေးစာများ၊ တွေ့ဆုံ အသိပညာပေးခြင်းများကို ပြုလုပ်ပြီးမှ မြို့နယ်အထောက်အကူပြုကော်မတီ အသီးသီးဖြင့် ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းညွှန့်က ပြောကြားသည်။

**ရန်နိုင်(ကျွန်းစု)**

## ဖြူးမြို့တွင် စက္ကန့် ၄၀ ခန့် လျှပ်စစ်အနည်းငယ်လှုပ်

**ဖြူး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် ဇွန် ၂ ရက် မွန်းလွဲ ၁၂ နာရီ ၃၁ မိနစ်က လျှင်ပြင်းအား ရစ်ချ်တာစကေး ၅ ခန့်ရှိ လျှင်လှုပ်သွားကြောင်း သိရသည်။ လျှင်လှုပ်ခတ်မှုကြောင့် သတင်းရေးချိန်အထိ ပျက်စီးထိခိုက်မှု မရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

## အခြေခံဂဟေဆက် သင်တန်းဆင်း လက်မှတ်ပေးအပ်

**မြစ်ငယ် ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်ရထားစက်ရုံ၌ အခြေခံအလုပ် သမားအဖွဲ့အစည်း လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)နှင့် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး)တို့ ပူးပေါင်းဖွင့်လှစ်သော အမှတ်စဉ်(၁/၂၀၁၆) အခြေခံဂဟေဆက် သင်တန်းဆင်းပွဲကို မြစ်ငယ်ရထားစက်ရုံ(တိုးချဲ့)မီးရထားအစည်းအဝေးခန်းမဆောင်၌ နံနက် ၉ နာရီက ကျင်းပခဲ့သည်။ အဆိုပါသင်တန်းဆင်းပွဲတွင် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းက အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသားနှင့် အခြေခံဂဟေဆက်သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား ၃၃ ဦးအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

# (၃၃) ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ စာအောင်ဆုများပေးအပ်

**ဖားကန့် ဇွန် ၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဖားကန့်စာဖြေဌာနတွင် (၃၃) ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ဇွန် ၁ ရက် မွန်းတည့် ၁၂ နာရီက သီရိမင်္ဂလာမဏိဇေယျကျောင်း တိုက်ကျောက်စိမ်းတောင် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ နယ်မြေခံ တပ်မမှူးနှင့် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကျော်၊ သာသနာရေးမှူး ဦးရွှေမောင်အေးနှင့် ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ လုံးခင်းဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ (ဂန္ထဝါစကပဏ္ဍိတ)ထံမှ ငါးပါးသီလခံယူကာ ဩဝါဒကထာ နာယူခဲ့ကြသည်။

ဆက်လက်၍ ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ၊ ဗုဒ္ဓဘာသာမြန်မာစာ၊ အခြေခံအဘိဓမ္မာ စသည့် ဘာသာရပ်အလိုက် ဂုဏ်ထူးရသူများနှင့် တစ်နှစ်တည်း သုံးဘာသာအောင်မြင်သူ ၁၅ ဦး၊ သင်တန်းဌာန ၁၁ ခုမှ ဆုရအောင်မြင်သူ ၄၄၅ ဦးတို့အား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းဌာနတို့က ထူးချွန်လူငယ်မောင်မယ်တို့က ဇာတိမာန်တေးအဖွင့်၊ ရခိုင်ရိုးရာဆီမီးအက၊ ရှမ်းရိုးရာအက၊ မြန်မာ့ကျေး တေးသရုပ်ဖော်အက၊ ပြည်ထောင်စုအက၊ တအာင်းပလောင်ရိုးရာအက၊ သစ္စာအဓိဋ္ဌာန်တေးတို့ဖြင့် ဖျော်ဖြေခဲ့ကြသည်။

**စိုးနိုင်ဦး(ဖားကန့်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**သာယာဝတီ ဇွန် ၂**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနခရိုင်ရုံး(သာယာဝတီ) မှ ခရိုင်ဦးစီးမှူး ဒေါ်ချိုချိုထူးဦးဆောင်သည့် အဖွဲ့သည် ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်အဖြစ် မေ ၃၀ ရက် နံနက် ၉ နာရီက ရွှေဝတီ ကိုယ်ပိုင်အထက်တန်းကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲသို့ ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူ ၁၆၅ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တသုနန္ဒ ဘဝနတ်ထံ ပျံလွန်တော်မူ

**ရန်ကုန် ဇွန် ၂**



မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ သတိပဋ္ဌာန် ပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုနန္ဒသည် သက်တော် (၈၂ နှစ်)၊ သိက္ခာတော် (၆၂ )ဝါအရ ၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက် (မေ ၃၀ ရက်၊ တနင်္လာနေ့) နံနက် ၄ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ သတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တသုနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ရုံးပင်ကန်ရွာ ခမည်းတော် ဦးထွန်းရှိန်-မယ်တော် ဒေါ်တင်မေတို့က ၁၂၉၆ ခုနှစ် ပထမဝါဆိုလဆန်း (၁၂)ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၆ ခုနှစ်တွင် နွားထိုးကြီးမြို့နယ် ရေတွင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တပညာဇေကိုဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၅ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ အောက်လယ်ဦးရပ်နေ ဦးခန်းစိန်-ဒေါ်စံတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မိုးကုတ်မြို့ သတိပဋ္ဌာန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝကို ဥပဇ္ဈာယ်ပြုလျက် တောင်တောရကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် နွားထိုးကြီးမြို့နယ် ရေတွင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တပညာဇေ၊ ဘဒ္ဒန္တဩဘာသ၊ ဇီးတောရပ်စုံကျောင်းဆရာတော် ဘဒ္ဒန္တသီလာစာရ၊ မိုးကုတ်မြို့ သတိပဋ္ဌာန်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍာဝနှင့် အုတ်ဖိုကျောင်းဆရာတော် ဘဒ္ဒန္တ ဥက္ကံသ၊ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တခေမိန္ဒ၊ ဘဒ္ဒန္တဓမ္မာနန္ဒ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ၊ ဘဒ္ဒန္တ စန္ဒောဘာသာဘိဝံသ၊ ဘဒ္ဒန္တ ဉာဏောဘာသ ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မိုးကုတ်မြို့ သတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက်အပြင် မြို့နယ်အသီးသီး၌လည်း သတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက်ခွဲပေါင်း ကိုးကျောင်း ကို ဖွင့်လှစ်ထူထောင်ခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင်လည်း မိုးကုတ် မြို့နယ် သံဃနာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ သံဃသမ္မုတိရသံဃာ့ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော်သည် ၁၃၅၃ (၁၉၉၂)ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၅(၂၀၀၄)ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း အလှူခံရရှိတော်မူသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၂ နှစ်)သိက္ခာတော် (၆၂)ဝါအရ ၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်(၃၀-၅-၂၀၁၆) တနင်္လာနေ့ နံနက် ၄ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာယီမီးပြတ်တောက်မည်ဖြစ်ကြောင်း အသိပေးပန်ကြား

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားခွဲရုံများထိန်းသိမ်းပြုပြင်ခြင်း၊ ကြံ့ခိုင်မှုအားနည်းသောလျှပ်ကာကြွေသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများ လဲလှယ်တည်ဆောက်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၄ ရက်တွင် ဒဂုံအရှေ့၊ ဒဂုံမြောက်၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာ၊ သာကေတ၊ ဒေါပုံ၊ ရန်ကင်း၊ သဃ်ာန်းကျွန်း၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ကျောက်တံတား၊ လသာ၊ ဗဟန်း၊ ကမာရွတ်၊ မရမ်းကုန်း၊ ဒဂုံ၊ လမ်းမတော်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ ဒလ၊ ကော့မှူး၊ ဆိပ်ကြီးခနောင်တို၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ တိုက်ကြီး၊ ထန်းတပင်၊ ထောက်ကြန့်၊ ဥက္ကံ၊ အဖျောက်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်းဓာတ်အား ပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

သို့ဖြစ်၍ ဇွန် ၆ ရက်တွင် ဒဂုံအရှေ့၊ ဒဂုံမြောက်၊ မြောက်ဥက္ကလာပ၊ သဃ်ာန်းကျွန်း၊ ဒဂုံ၊ လမ်းမတော်၊ အလုံ၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ ဗဟန်း၊ အေးရွာ၊ လှိုင်၊ ကမာရွတ်၊ သန်လျင်၊ ကွမ်းခြံကုန်း၊ အင်းစိန်၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ မြောင်းတကာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ အတွင်း ယာယီဓာတ်အားပြတ်တောက်မှုများရှိမည် ဖြစ်သည်။

မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**







## အများသိစေရန်ကြေညာခြင်း

ဒေါ်အေးအေးမြတ် ၁၂/ဥကတ(နိုင်)၀၃၅၈၇၁အမည်ပေါက် ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ မြေကွက်အမှတ်(၁၇)၊ (အလျား ပေ၄၀×အနံပေ၆၀)(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်၊ အမှတ် ၁၇၊ အဿကလမ်း၊ (၁၀/တိုးချဲ့)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင် ဒေါ်အေးအေးမြတ်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤသတင်းစာတွင် ကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များပြသ၍ ကျွန်ုပ်တို့ ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ရီရီဝင်း** — **အထက်တန်းရှေ့နေ(စဉ်-၃၂၂၉၁)**

**ဦးစံမြ(ပုလော)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၇၁)**

**အမှတ် ၈၃၊ အခန်း ၁၀၊ ဒု-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၉-၈၆၁၃၃၅၉၊ ၀၉-၉၇၃၈၆၄၂၅၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/8150 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)ရပ်ကွက်၊ ရွှေပြည်သာ (၁)လမ်း၊ မြေကွက်အမှတ် ၁၂၆၅ဟုခေါ်တွင်သော အလျားပေ ၄၀×အနံပေ ၆၀ရှိသည့် နေအိမ်နှင့်အကျိုးခံစားခွင့်အလုံးစုံတို့ကို ရောင်းချခွင့်ရှိသူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် နှစ်ဦးနှစ်ဖက်သဘောတူထားပြီးဖြစ်ပါ၍ မည်သူမဆို၊ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းအိ**

**၁၀/မဒန(နိုင်)၁၀၈၅၂၀**

**အမှတ် (၈)၊ လေးလွှာ B၊ မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၃-ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် (၂၁)တိုက်၏ ၃-လွှာ(ခေါင်းရင်းဘက်)ဟုခေါ်တွင်သော တိုက်ခန်း၏ ရေ၊ မီးနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်သိန်း ၁၂/လမတ(နိုင်)၀၃၃၂၁၅ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းနိုင်အောင် (LL.B, C.B.L)**

**အထက်တန်းရှေ့နေ (စဉ်-၃၀၂၈၂)**

**အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့် ဥပဒေအကြံပေးအတိုင်ပင်ခံ**

**အခန်း (၅၀၂)၊ တိုက် (၃)၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**

**ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၇၃၀၈၈၀၈၄**

# အမြန်လမ်းမကြီးပေါ် ခရီးသည်တင်ယာဉ်တိမ်းမှောက်

**နေပြည်တော် ဇွန် ၂**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၉၉/၄ နှင့် ၁၉၉/၅ ကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂ ရက် နံနက် ၂ နာရီ မိနစ် ၄၀ က ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း ထူးထူးဟန်(၄၀ နှစ်) ပန်းခင်း (၁) ပင်မလမ်း ပန်းခင်းရပ်ကွက် ပျဉ်းမနားမြို့နေသူ မောင်းနှင်လာသော 9F/-----ကြယ်စင်ဟိန်းခရီးသည်တင်မှန်လုံယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ ကပ်တုံးကို တိုက်မိပြီးနောက် လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိတိမ်းမှောက်ခဲ့သည်။

ယာဉ်ပေါ်၌ ယာဉ်မောင်းပါ သံဃာနှစ်ပါး၊ အမျိုးသား ၁၅ ဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၂၂ ဦးအနက် သံဃာတစ်ပါး၊ အမျိုးသား ၁၀ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးမှုမရှိကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ကြယ်စင်ဟိန်း Express ယာဉ်မှာ ငွေကျပ် ၂၅ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး အခင်းဖြစ်ပွားရာ နေရာသို့ အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ အချိန်နှင့်တစ်ပြေးညီရောက်ရှိလာကာ တပ်ဖွဲ့ပိုင် မော်တော်ယာဉ်များဖြင့် ဒဏ်ရာရရှိသူများအား ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ ပို့ဆောင်ပေးပြီး ယာဉ်လမ်းကြောင်း မပိတ်ဆို့စေရေးအတွက် ယာဉ်ကြောရှင်းလင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မဆင်မခြင်မောင်းနှင်သော ယာဉ်မောင်းအား တာဝန်ရှိသူများက အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ - ကိုမျိုး**





# ခရီးသည်ယာဉ်တိမ်းမှောက်၊ ခုနစ်ဦးဒဏ်ရာရ

**နေပြည်တော် ဇွန် ၂**

ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၂၆၂/၇)နှင့်(၂၆၃/၀)ကြား၌ ဇွန် ၂ ရက်က ရွှေပြည်စံခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲလမ်း၏ ယာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီခန့်က ရန်ကုန်-မန္တလေးလမ်းဟောင်း ဇေယျာသီရိမြို့နယ် မရင်းကြီးရွာအနီး၌ နေပြည်တော်ဘက်မှ တပ်ကုန်းဘက်သို့ စိုးငွေအောင်မောင်းနှင်လာသော 2C/----- ရွှေပြည်စံ ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်၌ လိုက်ပါလာသည့် ခရီးသည်ခုနစ်ဦးဒဏ်ရာများ ရရှိကြောင်းသိရသည်။

"ကားက ရှေ့ကဆိုင်ကယ်ကို ရှောင်လိုက်တာကနေ လမ်းဘေးကို ထိုးကျသွားတာပါ"ဟု ယာဉ်ပေါ်၌ လိုက်ပါလာသည့် ခရီးသည်တစ်ဦးက ပြောသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း၊ ဒဏ်ရာရရှိသည့်ခရီးသည်များကို နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံနှင့် ပုဗ္ဗသီရိ ခုတင် ၃၀၀ ဆေးရုံတို့၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ထွက်ပြေးတိမ်းရှောင်နေသူ ယာဉ်မောင်းအား သက်ဆိုင်ရာရဲစခန်းက အမြန်ဆုံးဖမ်းဆီး ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ကိုမျိုး(ရွှေပေါက်ကံ့)**
**ဓာတ်ပုံ-ကောင်းကင်**

# မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

နောင်ချိုမြို့နယ် ကြူအင်းကျေးရွာအုပ်စု ဘော်မွန်းကျေးရွာသစ်နေ စံဖေ၏ နေအိမ်ကို နယ်မြေခံတပ်မှ မေ ၂ ရက်က ရှာဖွေရာ ၎င်းနှင့်အတူ ဆာအောင်၊ မွန်းခေး၊ ဆာတင်၊ ဝါလိန္ဒတို့အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၊ ပွိုင့် ၂၂ ကာဘိုင်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ယင်းကျည် ၁၀ တောင့်၊ M4A 1 ရိုင်ဖယ်တစ်လက်၊ ၅ ဒသမ ၅၆ ကျည် ၁၅ တောင့်၊ ကျည်အိမ်တစ်ခု၊ ကိုးလုံးပြူးပွိုင့် ၂၂ ပစ္စတို တစ်လက်၊ ယင်းကျည် ငါးတောင့်နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကိုလည်းကောင်း၊ အလားတူ ဇွန် ၁ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွား ကားလမ်းမပေါ် မိုင်တိုင်အမှတ် (၈၀/၄) တွင် အိုက်လူးမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် နမ့်မော် ကျေးရွာအုပ်စု၊ အဲဗားဝင်းနား မြေစာပုံအနီး ပုံကျတဲကို ရှာဖွေရာ ဝေါ်လေးနှင့် ဂွမ်ဇက်အောင်တို့အားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၇၅၀၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၁) တိုးချဲ့ရပ်ကွက် မဟာမြိုင်အိမ်ရာ၊ တိုက် (၄၆) အခန်း(B-1)နေ ကိုကို၏ နေအိမ်ကို ရှာဖွေရာ နေအိမ်မှစိတ်ကြွရူးသွပ် ဆေးပြား ၁၃၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



စံဖေ၊ ဆာအောင်၊ မွန်းခေး၊ ဆာတင်နှင့် ဝါလိန္ဒတို့ ငါးဦးကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်


## အမည်မှန်

ဖားကန့်မြို့နယ်၊ မော်မောင်းလယန်ကျေးရွာနေ ဦးအောင်ဇော်ဦး ၁/မကတ(နိုင်) ၀၆၇၁၂၀၏သမီး ဖားကန့်၊ အထက၊ ဆဋ္ဌမတန်း(A)မှ မနန်းမိုမို၏အမည်မှန်မှာ မထက်နှင်းအိမ် ဖြစ်ပါကြောင်း။ **မထက်နှင်းအိမ်**

## ဖခင်အမည်မှန်

မင်းဘူးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းအခန်း(A)မှ မောင်ထွန်းထွန်းဇော်နှင့်မင်းဘူးမြို့နယ်၊ ဆင်လမ်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဋ္ဌမတန်းတို့မှ မလှိုင်လှိုင်နှင်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စိန် ၈/မဘန(နိုင်) ၀၂၂၈၃၅ ဖြစ်ပါကြောင်း။ **ဦးကျော်စိန်**

## အမည်ပြောင်း

မြိတ်မြို့၊ ကုန်သည်လမ်း၊ ထားဝယ်စုရပ် အမှတ် (၇၃)နေ ဦးစန်းကိုကို-ဒေါ်နွေးနွေးလတ်တို့၏သား မောင်ကောင်းခန့်ကိုကိုအား မောင်ကောင်းခန့်ဇိုလ်ဟု ခေါ်ပါရန်။ **မောင်ကောင်းခန့်ဇိုလ်**

## မွေးသက္ကရာဇ်အမှန်

သာယာဝတီမြို့နယ်၊ မြစ်ကျိုးအုပ်စု ရိုးကြီးရွာနေ ဦးအောင်မြင့်၏သား မောင်ဇော်ဇော်အောင် ၇/သဝတ(နိုင်) ၁၀၉၄၉၄၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၆-၁၉၉၃ ဖြစ်ပါကြောင်း။ **မောင်ဇော်ဇော်အောင် ၇/သဝတ(နိုင်)၁၀၉၄၉၄**

## ဖခင် အမည်မှန်

မင်းဘူးမြို့ အထက(၂) နဝမတန်း (C)မှ သန့်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင်ဦး ၈/မဘန(နိုင်)၀၈၂၇၂၇ ဖြစ်ပါကြောင်း။ **ဦးသန်းနိုင်ဦး**

NEW JOB OPPORTUNITY
THILAWA
SPECIAL ECONOMIC ZONE
သီလဝါ အလုပ်အကိုင်
THILAWA JOB
FUJI WORK
www.thilawajob.com

## ဖခင်အမည်မှန်

ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်၊ အထကကျောင်း၊ နဝမတန်း(E)မှ မဖလော်ရီယန်သဲသဲ၊ ဆဋ္ဌမတန်း(B)မှ မအေးဥဗယ်ခင်သူဇာနှင့် မကော်ရင်းတီတို့၏ ဖခင်အမည်မှန်မှာ ဦးကွေရီးနို ၂/ဒမဆ(နိုင်)၀၀၃၃၂၃ဖြစ်ပါကြောင်း။ **ဦးကွေရီးနို**

## ဖခင်အမည်မှန်

ကျောက်တန်း အထက(၂)၊ သော်ကကျောင်း၊ တက္ကသိုလ်ဝင်တန်း (E)မှ မယွန်းလဲ့လဲ့ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းထွန်း ၁၂/ကတန(နိုင်)၀၈၄၁၅၆ ဖြစ်ပါကြောင်း။ **ဦးမင်းမင်းထွန်း**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မန္တလေးတိုင်းဒေသကြီး
## မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၈)မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အခြေခံပညာကျောင်းများကျောင်းဆောင်အသစ်(၃၀၈)ခု တည်ဆောက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး ဖုန်း-၀၂-၃၃၇၈၄၊ ၀၂-၃၉၁၇၂၊ ၀၂-၃၃၈၆၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | **ရောင်းချမည့်ရက်** | - ၃-၆-၂၀၁၆ရက် |
| (ခ) | **တင်ဒါပိတ်မည့်ရက်** | - ၁-၇-၂၀၁၆ရက် |
| (ဂ) | **တင်ဒါဖွင့်မည့်ရက်** | - ၈-၇-၂၀၁၆ရက် |
| (ဃ) | **ရောင်းချမည့်နေရာ** | - မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး |

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မန္တလေးတိုင်းဒေသကြီး
## မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၂၈)မြို့နယ်မှ အသစ်ဆောက်လုပ်မည့် ကျောင်းဆောင်များအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စာသင်ခုံအနိမ့် ၇၆၄၃စုံနှင့် အမြင့် ၄၈၂၃စုံ စုစုပေါင်း ၁၂၄၆၆စုံ ပြုလုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်းရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး ဖုန်း-၀၂-၃၃၇၈၄၊ ၀၂-၃၉၁၇၂၊ ၀၂-၃၃၈၆၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | **ရောင်းချမည့်ရက်** | - ၃-၆-၂၀၁၆ရက် |
| (ခ) | **တင်ဒါပိတ်မည့်ရက်** | - ၁-၇-၂၀၁၆ရက် |
| (ဂ) | **တင်ဒါဖွင့်မည့်ရက်** | - ၈-၇-၂၀၁၆ရက် |
| (ဃ) | **ရောင်းချမည့်နေရာ** | - မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး |

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့**

## အမည်ပြောင်း

မင်းဘူးမြို့ ဆင်လမ်းကြီးကျေးရွာနေ ဦးမောင်နိုင် ၈/မဘန(နိုင်) ၀၂၉၄၂၅၏သမီး မင်းဘူး အထက (၂) တက္ကသိုလ်ဝင်တန်း(B)မှ မသဥ္ဇာဝင်းအား မတင်ဇာဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မတင်ဇာဝင်း**

## အမည်ပြောင်း

ဦးဇော်မြင့်ဦး ၁၁/ရဗန(နိုင်) ၀၇၆၇၁၇ ၏သား ရမ်းဗြဲမြို့၊ ပုလုတ်တောင်၊ အထက၊ တတိယတန်းမှ မောင်သျှစ်ထူးဇော်အား မောင်ချာန်သူစိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ချာန်သူစိုး**

## အမည်ပြောင်း

ဂန့်ဂေါမြို့၊ စည်ပင်သာယာရပ်ကွက်နေ ဦးထိန်လင်း၏သမီး အဋ္ဌမတန်းမှ မပြည့်ဖြိုးလင်းအား မအိမြတ်ယမုံဟု ပြောင်းလဲခေါ်ပါရန်။ **မအိမြတ်ယမုံ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ဆိုက်ခမ်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပညာသင်ကြားနေသော အဋ္ဌမတန်းကျောင်းသား မောင်နန်းထိုက်ဝင်း၊ သတ္တမတန်းကျောင်းသား မောင်ဝေယံထွန်း၊ တတိယတန်းကျောင်းသား မောင်တိုးတက်ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆုလင်း ၈/ဆဖန(နိုင်)၀၅၆၂၃၆ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/1411 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ (ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5441 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ရုံးပင်ကျေးရွာနေ မစန္ဒာသင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ဦး ၉/တသန(နိုင်) ၀၂၆၁၁၉ ဖြစ်ပါကြောင်း။ **ဦးအောင်မြင့်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/6389,ISUZU NKR81E/Van (4x2)Rယာဉ်လက်ဝယ်ရှိသူ ဒေါ်မိမိခိုင် ၁၂/တမန(နိုင်)၀၂၈၄၈၀က (ကမ-၃)ပျောက်ဆုံးသွားပါသဖြင့် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၉၀၉၅ NIDI MPV M/B ယာဉ်လက်ဝယ်ရှိသူ ဦးမြသိန်း ၁၂/ရကန(နိုင်)၀၄၈၈၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

## အမည် မှန်

မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာ၊စံပြရပ်ကွက်နေ မဆွေဆွေဝင်း ၁/မညန(နိုင်)၁၄၂၈၉၀အား မယဉ်ကျော့ခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

■ *ကျော်ဖုံးမှ*

မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က “အသင်းရဲ့လက်ရှိအနေအထားကို အားရကျေနပ်မိတာရှိပေမယ့် အကြိမ်ကြိမ် ပြင်ဆင်နေရတဲ့အပိုင်းတွေလည်း ရှိပါတယ်။ အဓိကကတော့ အဆုံးသတ်အားနည်းနေတဲ့ တိုက်စစ်ပိုင်းကို ပိုပြီးပြင်ဆင်နေပါတယ်။ စင်ကာပူအသင်းနဲ့ ကစားရမယ့်ပွဲဟာ ခက်ခဲနိုင်ပေမယ့် အနိုင်ရအောင်ကြိုးပမ်းသွားမှာပါ” ဟု ပြောကြားခဲ့သည်။

စင်ကာပူအသင်းနည်းပြချုပ် ဆန်ဒရန်မိုသီက “ကျွန်တော့်အနေနဲ့ ဒီအသင်းကို ကိုင်တွယ်တာရက်ပိုင်းပဲ ရှိသေးတယ်။ ဒီပြိုင်ပွဲက ပထမဆုံးပြိုင်ပွဲဖြစ်တာကြောင့် အောင်မြင်မှုရယူနိုင်အောင် ကြိုးစားသွားမှာပါ” ဟု ပြောကြားခဲ့သည်။

ဗီယက်နမ်အသင်းနည်းပြချုပ် ငုယင်ဟူသန်က “ဗိုလ်လုပွဲတက်ဖို့ဆိုတာ ကျွန်တော်တို့ရော ဟောင်ကောင်အသင်းပါ အခွင့်အရေးကိုယ်စီရှိပါတယ်။ ကစားသမား အစုံအလင် ပါဝင်လာတာကြောင့် အသင်းအနေအထားကို ကျေနပ်ပါတယ်”ဟု ပြောကြားခဲ့သည်။ ဟောင်ကောင်နည်းပြ ကင်ပန်ဂွန်က “ကျွန်တော်တို့အတွက် အကျိုးရှိမယ့် ပြိုင်ပွဲပါ။ ဒါကြောင့် လူငယ်ကစားသမားတချို့ကို အတွေ့အကြုံရအောင် ခေါ်လာပါတယ်။ ဗီယက်နမ်နဲ့ပွဲကတော့ ခက်ခဲမှာပါ”ဟု ပြောကြားခဲ့သည်။

ပြိုင်ပွဲတွင် ဆုကြေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၃၅၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ဒိုင်လူကြီးများ ကိုင်တွယ်မည်ဖြစ်သည်။ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇွန် ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။



**အပြည်ပြည်ဆိုင်ရာဘော်လီဘောအဖွဲ့ချုပ် (FIVB)နှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဘော်လီဘောနည်းပြသင်တန်းဖွင့်ပွဲကို ဇွန် ၁ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ရုံး၌ ကျင်းပစဉ်** (သင်တန်းကို ဇွန် ၅ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာဘော်လီဘောအဖွဲ့ချုပ်မှ Mr.David Hynt Smith က ပို့ချပေးမည်ဖြစ်သည်) **ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ (၁၈)ကျင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် Junior Golf Myanmar နှင့် Myanmar Sports Management တို့ ပူးပေါင်းစီစဉ်ပြီး 100 Plus မှ အဓိကကူညီပံ့ပိုးသော 100 Plus Myanmar Junior Golf Championship 2016 ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ကို ဇွန် ၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပရာ Best Dressed ဆုနှင့် Booby ဆုများကို Myanmar Sports Management မှ Vice President ဦးချမ်းမြေ့ဝင်းကလည်းကောင်း၊ ပြိုင်ပွဲပထမနေ့ Longest Drive နှင့် Nearest to the Pin ဆုများကို Myanmar Sports Management မှ President ဒေါ်ထွေးလှဟန်ကလည်းကောင်း၊ ပြိုင်ပွဲဒုတိယနေ့၏ Longest Drive နှင့် Nearest to the Pin ဆုကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အလုပ်အမှုဆောင် ဦးကိုကိုလေးက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး Junior Golf Myanmar ဥက္ကဋ္ဌ ဦးမြင့်အောင်က(ရှစ်နှစ်မှ ၁၁နှစ်) သက်တန်းတွင် ပဋ္ဌမဆုရ အောင်ဗိုလ်ကောင်းသန့်၊ စတုတ္ထဆုရဘုန်းမြင့်မို၊ တတိယဆုရ လင်းဖြိုးသူ၊ ဒုတိယဆုရ လင်းသန့်အောင်၊ ပထမရရှိသော ထွန်းမြတ်သူတို့အား ဆုများကို ချီးမြှင့်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က (၁၂ နှစ်မှ ၁၅ နှစ်) သက်တန်းတွင် ပဋ္ဌမဆုရဖြိုးဇံ၊ စတုတ္ထဆုရ ကောင်းမြတ်ကျော်၊ တတိယဆုရ စိုင်းအောင်ဆိုင်းဖ၊ ဒုတိယဆုရ သီဟမျိုးဆက်၊ ပထမဆုရရှိသော သင်းဝေခိုင်တို့အား လည်းကောင်း၊ 100Plus မှ Head of Marketing Mr. Prapas Rattanapast က (၁၆ နှစ်မှ ၁၈) နှစ်သက်တန်းတွင် ပဋ္ဌမဆုရ ပြည့်မင်းရှိန်၊ စတုတ္ထဆုရ ဟိန်းထွန်း၊ တတိယဆုရ ကောင်းထက်ထွန်း၊ ဒုတိယဆုရ ဇေရီဝင်းထွန်း၊ ပထမရရှိသော မင်းစစ်သွေးတို့အား ဆုများကို ချီးမြှင့်သည်။

မလေးရှားနိုင်ငံ ပီနံဂေါက်ကွင်း၌ ကျင်းပမည့် 100 Plus Malaysian Junior Open အငယ်တန်းဂေါက်သီးရိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိသည့် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ပြိုင်ပွဲမှ အကောင်းဆုံးဆုရရှိသူ မင်းစစ်သွေးနှင့် သင်းဝေခိုင်တို့အား ဆုလက်မှတ်အားချီးမြှင့်သည်။ ၎င်းကစားသမားနှစ်ဦးသည် ဩဂုတ်လတွင် မလေးရှားနိုင်ငံ ပီနံဂေါက်ကွင်း၌ ကျင်းပမည့် 100 Plus Malaysian Junior Open အငယ်တန်း ဂေါက်သီးရိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# ကိုပါအမေရိကဖလားဖွင့်ပွဲ အိမ်ရှင် အမေရိကန်နှင့် ကိုလံဘီယာတို့ တွေ့ဆုံ

ကမ္ဘာ့ဘောလုံးပြိုင်ပွဲများမှ ပြိုင်ဆိုင်မှုပြင်းထန်ပြီး အထင်ကရ ဘောလုံးသမား အများအပြား ထွက်ပေါ်လျက်ရှိသော ကိုပါ အမေရိကဖလားပြိုင်ပွဲကြီးသည် ဇွန် ၄ ရက်တွင် အုပ်စုပွဲများ စတင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကိုပါ အမေရိကပြိုင်ပွဲကြီးကို ၁၉၁၆ တွင် စတင်ယှဉ်ပြိုင်ပြီး ယခုနှစ်တွင် နှစ်ပေါင်း ၁၀၀ ပြည့် ရာပြည့်ပွဲကြီးအဖြစ် ကြုံတွေ့ခဲ့ရသည်။

၂၀၁၆ ရာပြည့် ကိုပါ အမေရိကဖလားကို အိမ်ရှင်အဖြစ် အမေရိကန်က တာဝန်ယူခဲ့ပြီး အုပ်စုလေးစုခွဲကာ အုပ်စုတစ်ခုတွင် အသင်းလေးသင်း ပါဝင်ကာ ၁၆ သင်းယှဉ်ပြိုင်မည်ဖြစ်သည်။

အုပ်စု(က)တွင် ကိုလံဘီယာ၊ ကော်စတာရီကာ၊ ပါရာဂွေးနှင့် အိမ်ရှင်အမေရိကန်တို့ဖြစ်ကြသည်။ အုပ်စု(ခ)တွင် ဘရာဇီး၊ အီကွေဒေါ၊ ဟေတီ၊ ပီရူးနှင့်အုပ်စု(ဂ)တွင် ဂျမေကာ၊ မက္ကဆီကို၊ ဥရုဂွေးနှင့် ဗင်နီဇွဲလားတို့ဖြစ်သည်။ အုပ်စု(ဃ)တွင် အာဂျင်တီးနား၊ ဘိုလီဗီးယား၊ ပနားမားနှင့် လက်ရှိချန်ပီယံချီလီတို့ ပါဝင်ခဲ့သည်။

ဇွန် ၄ ရက် နံနက် ၈ နာရီတွင် အုပ်စု(က)မှ အိမ်ရှင် အမေရိကန်နှင့် ကိုလံဘီယာတို့ အခမ်းအနားနှင့်အတူ ဖွင့်ပွဲ စတင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကိုပါပြိုင်ပွဲကြီးကို တစ်လအတွင်း အပြီးသတ်ယှဉ်ပြိုင်မည်ဖြစ်သည်။ ကိုပါအမေရိက ဗိုလ်လုပွဲကို ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကိုပါအမေရိကဖလားကို ဥရုဂွေးအသင်းက စတင်ယှဉ်ပြိုင်သည့် နှစ်တွင် ဖလားရရှိခဲ့ပြီး ဖလား (၁၅)ကြိမ်ရရှိထားသည့် အအောင်မြင်ဆုံးအသင်းဖြစ်သည်။ ဒုတိယအအောင်မြင်ဆုံးအသင်းသည် အာဂျင်တီးနားဖြစ်ပြီး (၁၄)ကြိမ် ရရှိထားကာ ဘရာဇီး ရှစ်ကြိမ်၊ ပါရာဂွေး နှစ်ကြိမ်၊ ပီရူး နှစ်ကြိမ်နှင့် ချီလီ၊ ကိုလံဘီယာ၊ ဘိုလီဗီးယားတို့ တစ်ကြိမ် စီရရှိထားသည်။

**သီဟ**

**အစိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက်**

**မှ**

ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စက်အဆင့်မြှင့်တင်လိုသူများ၊ ဆန်စက်တည်ထောင်လိုသူများ၊ ပေါင်းဆန်ထုတ်လုပ်လိုသူများအတွက် **ဂျပန်နိုင်ငံထုတ် SATAKE ဆန်စက်** (တန် ၅၀၊ တန် ၁၀၀၊ တန် ၂၀၀…)နှင့် **ဆက်စပ်ပစ္စည်းများ၊ အိန္ဒိယနိုင်ငံထုတ် ပေါင်းဆန်စက်** (တန် ၅၀၊ တန် ၁၀၀၊ တန် ၂၀၀၊ တန် ၂၅၀…)နှင့် **ဆက်စပ်ပစ္စည်းများ၊ ဘွိုင်လာနှင့် ဆက်စပ်ပစ္စည်း** (အရွယ်အစား) အမျိုးမျိုးတို့အား

**ဆန်စက်ပစ္စည်းအရောင်းပြခန်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပါရမီလမ်းနှင့်
ဘုရင့်နောင်လမ်းထောင့်တွင်
၃၁-၅-၂၀၁၆ရက်မှစတင်၍ ရောင်းချပေးလျက်ရှိပါကြောင်း။

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## ဟသ်ာတခရိုင်ကျေးရွာချင်းဆက် ခြင်ဘို့-ဒါးကမြေသားလမ်းများ ဖောက်လုပ်

**ဟသ်ာတ ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက် ၁၀၀ စီမံချက်ဖြင့် ခြင်ဘို့-ဒါးက(၂/၂ မိုင် ၁၈ ပေ×၁၇ ပေ)အား မြေသား လမ်းခင်းကျင်းမှုများကို မေလတတိယပတ်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြေသားလမ်းသည် ဟသ်ာတမြို့နယ်မြောက်ပိုင်းဒေသများသို့ ဆက်သွယ်သော မိုးရာသီရေကြီးရေကျော်မှုအတွက် အမာခံလမ်းပိုင်းဖြစ်ပြီး ကျေးရွာ ၄၄ ရွာရှိ အိမ်ထောင်စု ၂၇၃၆၇ စုမှ ကျေးလက်နေပြည်သူများ၏ ဒေသထွက်ကုန်ရောင်းဝယ်မှုနှင့် သွားလာမှုအဆင်ပြေမည့်လမ်းဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းခွင်သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသန့်ဇော်လွင်နှင့်အဖွဲ့က မြေသားလမ်းပိုင်းများအဆင့်လိုက်ဆောင်ရွက်နေမှုများကို အချိန်မီပြီးစီးရေးနှင့် လမ်းအရည်အသွေးကောင်းမွန်စေရေး သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




## ရက် ၁၀၀ စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ချောင်းဦးတွင် ထုတ်ပေး

**ချောင်းဦး ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မေ ၂၉ ရက်က ဧရိပ်မွန်(၂) မိဘမဲ့ မိန်းကလေးကျောင်းသို့ သွားရောက်ကာ ရက် ၁၀၀ စီမံချက်အရ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**



ချောင်းဦးမြို့ ဧရိပ်မွန် (၂) မိဘမဲ့ မိန်းကလေးကျောင်းမှ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူ အသက် (၁၀)နှစ်ပြည့်ပြီးသည့် အမျိုးသမီး ၅၈ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး အဆိုပါဌာနမှ ရက် ၁၀၀ စီမံချက်ကာလအတွင်း ငါးယုန် အလက၊ မင်တည် အလက ၊ မှန်ချို အလက(ခွဲ)၊ ကျီကုန်း အလက နှင့် နွယ်ခွေ အလက(ခွဲ)များသို့ သွားရောက်ကာ အသက်(၁၀)နှစ် ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများအား မြို့နယ်လ.ဝ.က ဦးစီးအရာရှိ ဦးစိုးထွန်းအောင် က နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ယုယုဝင်း (ချောင်းဦး)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကျောက်တန်း၌ သစ်ပင်များခုတ်ထွင်ရှင်းလင်း

**ကျောက်တန်း ဇွန် ၂**

မိုးရာသီတွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းစေရန်အတွက် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ပြင် ဗိုဒါ ၆ ဒသမ ၆ ကေဗွီလိုင်းတစ်လျှောက် သစ်ပင်ခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းများကို မေလစတုတ္ထပတ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အတွက် ကျောက်တန်းမြို့ဝင်မုခ်ဦးမှ ရွှေပျောက်ကျေးရွာအုပ်စု အဒွတ္တေကျေးရွာအထိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသောသစ်ပင်များ ခုတ်ထွင်ရှင်းလင်းပြီးစီးကြောင်း သိရသည် ။

သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းကို ကျောက်တန်းမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးကြည်သာစိုးနှင့် ဝန်ထမ်းများက ပြင်ပလုပ်သား ငါးဦးတို့ဖြင့် ဆောင်ရွက်ခဲ့ကြသည် ။

**စိုးဝင်း ( ကျောက်တန်း )**




## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ မြို့နယ်များ၌ ဆောင်ရွက်ချက်များ

### မြောက်ဦး

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် တိမ်ညိုစံပြကျေးရွာ တိမ်ညိုတိုက်နယ်ဆေးရုံ၌ စစ်တွေဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးအဖွဲ့နှင့် ခရိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းကို မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာ ချမ်းသာနှင့် ခွဲစိတ်အထူးကုဆရာဝန်များ၊ အထွေထွေရောဂါကုဆရာဝန်များနှင့်အတူ အထူးကုဆရာဝန်များက ထိပ်ဝပြင်၊ ဘူးရွက်မညို၊ အုတ်ဖိုကန်၊ လက္ကာ စသောကျေးရွာများတွင်လည်း ကုသပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

— — — — — — —

### အမ်း

တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့နယ်များအလိုက် တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ မေ ၂၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် မြို့နယ်အဆင့် ကျေးရွာဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့သည် အမ်းမြောက်အုပ်စု ဒိုင်ကြီးကျေးရွာအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

— — — — — — —

### လှိုင်းဘွဲ့

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကွမ်ဘီကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ တောင်သူများအား ရက် ၁၀၀ အတွင်း မိုးစပါးတစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ရေးနည်းပညာပေးဆွေးနွေးပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးမှုများအတွက် မျိုးကောင်း မျိုးသန့်များ သုံးစွဲလာရေး၊ မြေဆီလွှာပြုပြင်မှုကို အချိန်ရာသီနှင့်အညီ ဆောင်ရွက်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို အချိုးကျရောစပ်သုံးစွဲရေး၊ စိုက်ပျိုးမှုလုပ်ငန်းစဉ်အဆင့်တိုင်းတွင် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း များကို အလေးအနက်ထားဆောင်ရွက်လာစေရန် ပြည်နယ်ဒုတိယဦးစီးမှူး ဦးဇော်လင်းက ပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

— — — — — — —

### အုတ်တွင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြောင်းလဲလာသောမူဝါဒများနှင့်အညီ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရဲတပ်ဖွဲ့၏ ပြည်သူ့အတွက်ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ် (Service-Orieted Policing) များ ရှင်းလင်းပွဲကို မေ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် အခမ်းအနားများ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းက လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရွှေဝင်းက ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မြစ်သားမြို့၌ မူးယစ်ဆေးဝါး အသိပညာပေး ဟောပြောဆွေးနွေး

**မြစ်သား မေ ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရက်၁၀၀ စီမံချက်ဖြင့် မူးယစ်ဆေးဝါးအသိပညာပေးဆွေးနွေးပွဲကို မေ ၃၀ ရက်က ပြည်လုံးအုံ့ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကျင်းပကြောင်း သိရသည်။ အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ ဖြူစင်သော ကျောင်းနေအရွယ်ကလေးငယ်များအား လူညွှန့်တုံးစေနိုင်သော ဆေးလိပ်၊ အရက်ကအစ မကောင်းသော အလေ့အကျင့်စရိုက်များ မစွဲကပ်ရေး ဟောပြောဆွေးနွေးခဲ့ပြီး မူးယစ်ဆေးဝါးအသိပညာပေး ဓာတ်ပုံဘုတ်များ၊ နံရံကပ်စာစောင်များဖြင့် ရွာသူရွာသားများအား ပြသခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရက် ၁၀၀



**ဦးထွန်းထွန်းဦး**
**ပြည်ထောင်စုရှေ့နေချုပ်**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

## [ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရက် ၁၀၀ စီမံချက် ]

**တွေ့ဆုံမေးမြန်း - မင်းမင်းဇော်(သတင်းစဉ်)**

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် နိုင်ငံတော်၏ အချုပ်အခြာ အာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍသုံးရပ်လုံးတွင် ပါဝင်ဆောင်ရွက်နေရသည့် ရုံးတစ်ရုံးဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အဓိကလုပ်ငန်းတာဝန်များမှာ ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ ရေးဆွဲထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း (မူကြမ်း)များကို စိစစ်အကြံပြုပေးခြင်း၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများကို အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ်ပေးခြင်း၊ အမှုများမှာ တရားစွဲဆိုရန် သင့်၊ မသင့် ဥပဒေအကြံဉာဏ်ပေးပြီး နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ခြင်းနှင့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်သည့် စာချွန်တော်လျှောက်ထားမှုများတွင် လိုက်ပါဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရက် ၁၀၀ စီမံချက်နှင့်ပတ်သက်၍ သိရှိနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်နှင့် တာဝန်ရှိ သူများအား မေးမြန်းထားသည်။

**ဦးထွန်းထွန်းဦး**
**ပြည်ထောင်စုရှေ့နေချုပ်**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

**မေး ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ရက် ၁၀၀ စီမံချက်နဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတာတွေကို သိချင်ပါတယ်။**

ဖြေ ။ ။ ရက် ၁၀၀ စီမံချက်မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ဦးစီးဌာနအသီးသီးက ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေ၊ အမိန့်ကြော်ငြာစာ စိစစ်တဲ့ကိစ္စတွေ၊ စာချုပ်စာတမ်း စိစစ်တဲ့ကိစ္စတွေ၊ ဥပဒေအကြံဉာဏ်ပေးတဲ့ ကိစ္စတွေကို ယခုလက်ရှိ ဆောင်ရွက်နေဆဲများအပြင် ဝန်ကြီးဌာနနဲ့ အစိုးရအဖွဲ့အစည်းအသီးသီးက ထပ်မံပေးပို့လာတဲ့ ကိစ္စရပ်တွေကိုလည်း ရက် ၁၀၀ အတွင်းမှာ ပြီးပြတ်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ပြည်သူ့အတွက် တိုက်ရိုက်အကျိုးသက်ရောက်တဲ့ လုပ်ငန်းကတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ အဆင့်ဆင့်သော ဥပဒေရုံးများက ဆောင်ရွက်နေတဲ့ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဖြစ်ပါတယ်။ အဆင့်ဆင့်သော ဥပဒေရုံးများမှာရှိတဲ့ ဥပဒေအရာရှိများရဲ့ အဓိကလုပ်ငန်းတာဝန်ဟာ ရာဇဝတ်အမှုများမှာ တရားစွဲမတင်မီ ဥပဒေအကြံဉာဏ်ပေးခြင်းနဲ့ နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။ တရားစွဲ မတင်မီ ဥပဒေအကြံဉာဏ်ပေးရာမှာပဲဖြစ်ဖြစ်၊ တရားရုံးမှာ အမှုလိုက်ပါစစ်ဆေးတာပဲဖြစ်ဖြစ် မှုခင်းကိစ္စတွေမှာ ဥပဒေအရာရှိတွေကြောင့် ကြန့်ကြာတာမျိုးမရှိရအောင် ကြပ်မတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ အမှုရုပ်သိမ်းတဲ့ကိစ္စတွေမှာ ဥပဒေနဲ့အညီ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးကြဖို့ ဖြစ်ပါတယ်။ ရုပ်သိမ်းမှုတွေမှာ နှစ်ဖက်အမှုသည်တွေက ကျေနပ်ကြပြီးတော့ အဲဒီအမှုကို ရုပ်သိမ်းပေးခြင်းအားဖြင့် ဘာပြဿနာမှမရှိနိုင်ဘူး။ ဒီလိုအမှုမျိုး ထပ်မဖြစ်နိုင်ဘူးဆိုရင် အမြန်ဆုံးဆောင်ရွက်ပေးကြဖို့ ဖြစ်ပါတယ်။ လက်တွေ့မှာ အမှုရုပ်သိမ်းလိုကြောင်း ဥပဒေရုံးကို တင်ပြလာတဲ့အခါ ဥပဒေရုံးက စိစစ်ရတယ်။ ပြီးရင် တရားစွဲအဖွဲ့အစည်းဖြစ်တဲ့ ရဲတပ်ဖွဲ့ထံ သဘောထားတောင်းခံရတယ်။ ရဲတပ်ဖွဲ့က သဘောထား ပြန်ကြားချက်ရရင် ဥပဒေရုံးက တရားရုံးကို တင်ပြရတယ်၊ တရားရုံးက အမိန့်ချရတယ်ဆိုတဲ့ နေရာမှာ ရုံးတစ်ရုံးချင်းကြောင့် ကြန့်ကြာမှုမရှိစေဖို့ ကိုယ့်ရုံးကိုယ်လည်း မှာကြားပြီး ဖြစ်ပါတယ်။ ကျန်တဲ့သူတွေနဲ့လည်း အားလုံး ပူးပေါင်းဆောင်ရွက်ဖို့ညှိနှိုင်းပြီး ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးနဲ့ရဲချုပ်တို့ကလည်း အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမယ်လို့ပြောပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စတွေဟာ ရက် ၁၀၀ အတွင်းမှာ သိသိသာသာ ပြောင်းလဲသွားမယ်လို့ ယုံကြည်ပါတယ်။

**မေး ။ ။ ဝန်ထမ်းတွေ အဂတိကင်းရှင်းအောင်၊ လာဘ်ပေးလာဘ်ယူ မပြုလုပ်အောင် ဆောင်ရွက်ထားတာနဲ့ ပတ်သက်ပြီးတော့လည်း သိလိုပါတယ်။**

ဖြေ ။ ။ ဥပဒေအရာရှိများနဲ့ ဝန်ထမ်းများ အဂတိကင်းရှင်းရေးနဲ့ ပတ်သက်လို့ အစိုးရရဲ့မူဝါဒကို အားလုံးက သိရှိနားလည်သဘောပေါက်ပြီး စိတ်ရောကိုယ်ပါ လိုက်နာကြမှသာ နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်မှာ ဖြစ်ပါတယ်။ ဥပဒေအရာရှိတွေနဲ့ ဝန်ထမ်းတွေကို လာဘ်ငွေတောင်းခံခြင်း၊ လက်ဆောင်ရယူခြင်းများ မပြုလုပ်ဖို့ တားမြစ်ထားပါတယ်။ လာဘ်ငွေတောင်းရင် တိုင်ကြားနိုင်ကြောင်း ဥပဒေရုံးတိုင်းမှာ ဆိုင်းဘုတ်တွေ ချိတ်ဆွဲအသိပေးခြင်းပြုလုပ်ဖို့ စီမံဆောင်ရွက်ထားအပြီး ဖြစ်ပါတယ်။

**မေး ။ ။ အခုဆိုရင် Justice Sector Reform လုပ်ဖို့ လိုတယ်ဆိုပြီး ပြောနေကြတာတွေလည်း ရှိပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့အမြင်နဲ့ ဆောင်ရွက်နေတဲ့ ဆောင်ရွက်ချက်တွေရှိရင် သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ရုံးဟာ တရားစီရင်ရေးနယ်ပယ်မှာ အဓိကပါဝင်ဆောင်ရွက်နေရတဲ့ ရုံးတစ်ရုံး ဖြစ်ပါတယ်။ ဒါကြောင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေး (Justice Sector Reform) မှာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနဲ့အတူ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးဟာ ကျွန်တော်တို့ရုံးက ချမှတ်ထားတဲ့ မဟာဗျူဟာစီမံကိန်းရဲ့ ရည်မှန်းချက်တစ်ရပ်လည်း ဖြစ်ပါတယ်။ တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် ကျွန်တော်တို့ ဌာနတစ်ခုတည်းက ဆောင်ရွက်လို့မရနိုင်ပါဘူး။ သက်ဆိုင်ရာဌာန အားလုံးက တက်ညီလက်ညီ ဆောင်ရွက်ကြဖို့ လိုပါတယ်။ အဲဒီလို လုပ်တဲ့အခါမှာလည်း ကိုယ့်အပိုင်းကိုယ် တာဝန်ကျေအောင် လုပ်ကြရမှာ ဖြစ်ပါတယ်။ တစ်ဦးကောင်း တစ်ယောက်ကောင်း တစ်ဖွဲ့ကောင်းလုပ်ရုံနဲ့လည်း မအောင်မြင်နိုင်ပါဘူး။ ဒါကြောင့် ပူးပေါင်းဆောင်ရွက်ရမယ့် ဌာနတွေဖြစ်တဲ့ တရားရုံး၊ ရဲတပ်ဖွဲ့တို့နဲ့ ပူးပေါင်းပြီး လုပ်ငန်းဆောင်ရွက်ချက်တွေကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားပါမယ်။

အများက ပြောသလို တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲဖို့ လိုအပ်တယ်ဆိုတာ ကျွန်တော်တို့လည်း လက်ခံပါတယ်။ တိုက်ရိုက်သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေအပြင် လွှတ်တော်၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေနဲ့ ပြည်သူတွေအားလုံးက ဝိုင်းဝန်းပံ့ပိုးပေးမှ တရားမျှတမှုကဏ္ဍ အမှန်တကယ် ပြုပြင်ပြောင်းလဲနိုင်မှာ ဖြစ်သလို တိုးတက်ကောင်းမွန်ပြီး တရားမျှတမှုရှိတဲ့ ဝန်းကျင်တစ်ရပ် ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးဟာ တရားစီရင်ရေးနယ်ပယ်မှာ ပါဝင်ဆောင်ရွက်နေတဲ့ ဌာနတစ်ခုဖြစ်တာကြောင့် တရားဥပဒေစိုးမိုးရေးကိစ္စ ဆောင်ရွက်နေတာတွေ ရှိမယ်လို့ ထင်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်လို့ ဘာတွေလုပ်နေလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ တရားမျှတမှု ရရှိခြင်းဟာ တရားဥပဒေစိုးမိုးရေး (Rule of Law) ရဲ့ သော့ချက်ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ရုံးက လုပ်နေတာတွေ ရှိပါတယ်။ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနဲ့ ကာကွယ်စောင့်ရှောက်ခြင်းဟာ ကျွန်တော်တို့ရဲ့ရည်မှန်းချက် ဖြစ်ပါတယ်။ ဥပဒေအရာရှိများရဲ့ပြုမူဆောင်ရွက်ချက်တွေဟာ သူတို့ပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူတွေ တရားမျှတမှု ရရှိခံစားနိုင်ရေးအပေါ် အကျိုးသက်ရောက်မှု ဖြစ်စေပါတယ်။ နိုင်ငံတော်အစိုးရရဲ့ တရားဥပဒေစိုးမိုးရေးဆိုင်ရာမူဝါဒတွေ ပိုမိုခိုင်မာအားကောင်းလာစေဖို့ ရည်ရွယ်အပြီး ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

တရားဥပဒေစိုးမိုးရေးရဲ့ အဓိကအခြေခံအုတ်မြစ်ဟာ ဥပဒေပြုခြင်း ဖြစ်ပါတယ်။ အဲဒီလို ဥပဒေပြုနိုင်ဖို့ ဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွေမှာ ကျွန်တော်တို့ရုံးအနေနဲ့ စိစစ်အကြံပေးခြင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းတွေကို ဥပဒေအကြံဉာဏ်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးမြှင့်တင်ဆောင်ရွက်မှာဖြစ်ပါတယ်။ အလားတူ တရားရုံးတွေမှာ ရာဇဝတ်မှုခင်းတွေကို နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်တဲ့အခါမှာလည်း မျှတတဲ့ တရားစီရင်ရေးစံနှုန်းများ (Fair Trial Standards) နဲ့အညီ ဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးရရှိဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးရရှိဖို့ဆိုတာက တရားစီရင်ရေးစနစ်ကို ပြည်သူများက ယုံကြည်ကိုးစားမှုရှိခြင်း မရှိခြင်းအပေါ်မှာ မူတည်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဥပဒေရုံးများဟာ ပြည်သူအတွက် အကျိုးရှိစေမယ့်လုပ်ငန်းဆောင်ရွက်ချက်တွေကို မြှင့်တင်၊ ဆက်စပ်နေတဲ့ အဖွဲ့အစည်းများနဲ့ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူရဲ့ ယုံကြည်အားကိုးမှုရရှိအောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

***စာမျက်နှာ ၁၈ သို့***



**ဒေါက်တာသီသီမြင့်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန**



**ဒေါ်ခင်ချိုအုန်း**
**ညွှန်ကြားရေးမှူးချုပ်**
**တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန**



မေ ၁၇ ရက်က ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် Gibson Dunn Firm ၏ ဥပဒေပညာရှင် Mr. Robert S.pe ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်

**ရက် ၁၀၀ စီမံချက်မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ဦးစီးဌာနအသီးသီးက ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေ၊ အမိန့်ကြော်ငြာစာ စိစစ်တဲ့ကိစ္စတွေ၊ စာချုပ်စာတမ်း စိစစ်တဲ့ကိစ္စတွေ၊ ဥပဒေအကြံဉာဏ်ပေးတဲ့ကိစ္စတွေကို ယခုလက်ရှိ ဆောင်ရွက်နေဆဲများအပြင် ဝန်ကြီးဌာနနဲ့ အစိုးရအဖွဲ့အစည်း အသီးသီးက ထပ်မံပေးပို့လာတဲ့ ကိစ္စရပ်တွေကိုလည်း ရက် ၁၀၀ အတွင်းမှာ ပြီးပြတ်အောင် ဆောင်ရွက်သွားမှာဖြစ်**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် အီးယူသံအမတ်ကြီး ရိုလန်ကိုဘီယာတို့ တွေ့ဆုံစဉ်




မေ ၂၄ ရက်က ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအရာရှိအဆင့်-၄(အစမ်းခန့်)များ လုပ်ငန်းဝင် သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

“ပြောင်းလဲချိန်တန်ပြီ” ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှ စတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်းအလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူစုစည်းဖော်ပြအပ်ပါသည်။

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀



မေ ၁၃ ရက်က ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်

*စာမျက်နှာ ၁၇ မှ*

**ဒေါက်တာ သီသီမြင့်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန**

**မေး။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ စီးပွားရေးစာချုပ်စာတမ်းများနဲ့စပ်လျဉ်းပြီး ဘယ်လိုအခန်းကဏ္ဍမှနေ၍ တာဝန်ယူဆောင်ရွက်ပေးရပါသလဲ။**

ဖြေ ။ ။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေက သူတို့ဆောင်ရွက်နေတဲ့ လုပ်ငန်းကိစ္စတွေလုပ်တဲ့အခါမှာ စီးပွားရေးစာချုပ်စာတမ်းတွေ ချုပ်ဆိုကြတာရှိပါတယ်။ အဲဒီ စီးပွားရေးစာချုပ်စာတမ်းတွေကို ဥပဒေကြောင်းအရ ခိုင်မာမှုရှိစေဖို့ ကျွန်မတို့ဌာနကို စိစစ်ရန်ပေးပို့ပါတယ်။ ကျွန်မတို့ဌာနကလည်း အဲဒီလိုပေးပို့လာတဲ့ စီးပွားရေးစာချုပ်စာတမ်းတွေကို စိစစ်ပြီး ဥပဒေကြောင်းအရ ဥပဒေအကြံဉာဏ်ပေးရပါတယ်။

**မေး။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ ဘယ်လိုစီးပွားရေးစာချုပ်စာတမ်းတွေကို စိစစ်ပေးနေရပါသလဲ။**

ဖြေ ။ ။ ကျွန်မတို့ရုံးအနေနဲ့ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းအမျိုးအစား ၁၄ မျိုးကို စိစစ်အကြံပေးပါတယ်။ အဓိကအားဖြင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်း/ကုမ္ပဏီတို့အကြား ချုပ်ဆိုမယ့် အစုရှယ်ယာအချို့ ထည့်ဝင်ဆောင်ရွက်တဲ့ ဖက်စပ်စာချုပ်တွေ၊ အစိုးရဌာနများ ပိုင်ဆိုင်တဲ့မြေနှင့် အဆောက်အအုံငှားရမ်းတဲ့ မြေငှားစာချုပ်တွေ၊ အဆောက်အအုံ ငှားရမ်းတဲ့စာချုပ်တွေ၊ အစိုးရရဲ့မြေကို ငှားရမ်းပြီး အဆောက်အအုံဆောက်လုပ်ကာ ငှားရမ်းသက်တမ်းကုန်ဆုံးတဲ့အခါမှာ အဆောက်အအုံနဲ့မြေကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းတဲ့ တည်ဆောက်လုပ်ဆောင်လွှဲပြောင်းတဲ့ စာချုပ်တွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ပြည်ပမှ စက်ကိရိယာပစ္စည်းတွေ ဝယ်ယူတဲ့အခါ ချုပ်ဆိုတဲ့ ပြည်ပပစ္စည်း ဝယ်ယူရေးစာချုပ်တွေ၊ အစိုးရက နိုင်ငံတကာအဖွဲ့အစည်းများကနေ ငွေချေးယူတဲ့ ငွေချေးစာချုပ်တွေကို စိစစ်ပေးနေပါတယ်။

စာချုပ်တွေ အများဆုံးဆောင်ရွက်ပေးရတဲ့ ဝန်ကြီးဌာနတွေကတော့ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနတို့ဖြစ်ပါတယ်။ ဌာနတစ်ခုနဲ့တစ်ခု ဆောင်ရွက်တဲ့လုပ်ငန်းအပေါ်မူတည်ပြီးတော့ စာချုပ်အမျိုးအစား ကွဲပြားမှုရှိပါတယ်။

**မေး ။ ။ အဲဒီလို စီးပွားရေးစာချုပ်စာတမ်းတွေကို စိစစ်တဲ့အခါမှာ ဘယ်လိုအချက်အလက်တွေကို အခြေခံပြီး စိစစ်ပါသလဲ။**

ဖြေ ။ ။ စီးပွားရေး စာချုပ်စာတမ်းတွေကို စိစစ်တဲ့အခါမှာ အဓိကအားဖြင့် စာချုပ်တစ်ခုမှာ ပါဝင်ရမယ့်အကြောင်းအရာနဲ့ အချက်အလက်တွေ၊ ဥပဒေဆိုင်ရာ စည်းကမ်းချက်တွေ ပါဝင်စေဖို့ အဓိကစိစစ်ပါတယ်။ စိစစ်ရာမှာ အခြေခံရမယ့် အချက်အလက်တွေကို ကျွန်မတို့ရဲ့ ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေများမှာ သတ်မှတ်ထားပါတယ်။ စီးပွားရေးစာချုပ်စာတမ်းတွေကို စိစစ်အကြံပေးတဲ့အခါမှာ ဥပဒေကြောင်းအရ ခိုင်မာတဲ့စာချုပ်ဖြစ်အောင်/စာချုပ်မှာ ပါဝင်သင့်ပါဝင်ထိုက်တဲ့ အချက်အလက်တွေ ပြည့်စုံအောင်/ကောင်းမွန်တဲ့စာချုပ်တစ်စောင်ဖြစ်အောင် စိစစ်ပေးပါတယ်။

အဓိကအားဖြင့် ကျွန်မတို့နိုင်ငံ ထိခိုက်နစ်နာမှုမရှိစေဖို့ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် အကျိုးရှိစေဖို့ ဂရုပြုစိစစ်ပါတယ်။ အချို့စာချုပ်တွေဟာ အင်္ဂလိပ်ဘာသာနဲ့ ချုပ်ဆိုကြပြီးတော့ တစ်ချို့ကတော့ မြန်မာဘာသာနဲ့ ချုပ်ဆိုပါတယ်။ ဘယ်လိုစာချုပ်မျိုးဖြစ်ဖြစ် ကျွန်မတို့က အသေးစိတ်ဂရုပြုပြီးတော့ စိစစ်ပေးပါတယ်။ ချုပ်ဆိုမယ့်စာချုပ်တွေဟာ တည်ဆဲသက်ဆိုင်ရာ ဥပဒေတွေနဲ့အညီဖြစ်စေဖို့နဲ့ အကောင်အထည်ဖော်မယ့် စီးပွားရေးလုပ်ငန်းတွေဟာ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်တို့ရဲ့ သဘောတူညီချက်ရယူရန်လိုအပ်ပါက အဲဒီလို သဘောတူညီချက်များ ရယူဆောင်ရွက်ဖို့ အကြံပြုပြန်ကြားပါတယ်။

**မေး ။ ။ အဲဒီလို စိစစ်တဲ့အခါမှာ ဘယ်လိုအခက်အခဲတွေကြုံတွေ့ရပါသလဲ။**

ဖြေ ။ ။ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းတွေအနေနဲ့ ကျွန်မတို့ရုံးကို ပေးပို့လာတဲ့ စာချုပ်တွေဟာ Final Draft ဖြစ်ဖို့လိုအပ်ပါတယ်။ ပူးတွဲပေးပို့ရမယ့် စာချုပ်စာတမ်း အထောက်အထားတွေလည်း ပြည့်စုံဖို့လိုအပ်ပါတယ်။ အဲလိုမှမဟုတ်ရင် စာချုပ်စာတမ်းအချက်အလက်တွေကို ရုံးဌာနချင်းဆက်သွယ်ပြီး ပြန်တောင်းနေရတာနဲ့ ရုံးလုပ်ငန်းသဘောသဘာဝအရ ကြန့်ကြာရတာမျိုးရှိပါတယ်။ ချုပ်ဆိုပြီးတဲ့ စာချုပ်တွေနဲ့ပတ်သက်လို့ သက်တမ်းတိုးမြှင့်လိုတဲ့အခါ၊ ပြင်ဆင်ဖြည့်စွက်လိုတဲ့အခါ၊ ရပ်စဲစာချုပ် ချုပ်ဆိုလိုတဲ့အခါ၊ ချုပ်ဆိုခဲ့တဲ့စာချုပ်တွေနဲ့ ပတ်သက်ပြီး ဥပဒေပြဿနာ ပေါ်ပေါက်လာတဲ့အခါ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို သဘောထားမှတ်ချက်တောင်းရင် မူလချုပ်ဆိုခဲ့တဲ့ စာချုပ်စာတမ်းများနဲ့ သက်ဆိုင်ရာစာချုပ် စာတမ်းအထောက်အထားများကို ပြည့်စုံစွာပေးပို့ခဲ့မယ်ဆိုရင် သတ်မှတ်ကာလအတွင်း ပြန်ကြားပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကြန့်ကြာမှုတွေမဖြစ်စေဖို့ အကြံပေးတောင်းတဲ့အခါမှာဌာနနဲ့တစ်ဖက် စာချုပ်ဝင်တို့ နှစ်ဖက်အပြီးသတ်ညှိနှိုင်းထားတဲ့ နောက်ဆုံးစာချုပ်(မူကြမ်း) (Final Draft) တွေကို ပေးပို့ဖို့ လိုအပ်သလို သက်ဆိုင်တဲ့စာချုပ်စာတမ်း အထောက်အထားတွေကိုလည်း အပြည့်အစုံပေးပို့ဖို့လိုပါတယ်။

**မေး ။ ။ ဘယ်လို စာချုပ်တွေကို အများဆုံးစိစစ်ပြီး အကြံဉာဏ်ပေးရပါသလဲ။**

ဖြေ ။ ။ ဖက်စပ်စာချုပ်တွေ၊ အတိုင်ပင်ခံငှားရမ်းရေး စာချုပ်တွေတည်ဆောက် လုပ်ဆောင်လွှဲပြောင်းလို့ခေါ်တဲ့ BOT စာချုပ်တွေ၊ မြေငှားစာချုပ်တွေ၊ Power Purchase Agreement လို့ခေါ်တဲ့ လျှပ်စစ်ဓာတ်အား ရောင်းဝယ်ရေးစာချုပ်တွေ၊ PSC လို့ခေါ်တဲ့ ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေတဲ့စာချုပ်တွေ၊ အကျိုးတူပူးပေါင်းဆောင်ရွက်ဖို့ ချုပ်ဆိုတဲ့စာချုပ်တွေ၊ လျှပ်စစ်စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာတွေကို အများဆုံး စိစစ်ပေးရပါတယ်။

**မေး ။ ။ စာချုပ်တွေကို စိစစ်တဲ့အခါ အချိန်ဘယ်လောက်ယူရပါသလဲ။**

ဖြေ ။ ။ သာမန်စာချုပ်ပုံစံမျိုးဆိုရင် နှစ်ပတ်အတွင်း စိစစ်ပြန်ကြားပေးပါတယ်။ ခက်ခဲနက်နဲတဲ့ စာချုပ်တွေနဲ့ ဥပဒေရေးရာကိစ္စရပ်တွေအပေါ်မှာ သဘောထားမှတ်ချက်တောင်းခံခဲ့ရင်တော့ အချိန်ယူပြီး စိစစ်ပေးရပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေက အရေးတကြီး ဆောင်ရွက်ပေးဖို့တောင်းဆိုတာတွေဟာ မကြာခဏရှိတတ်ပါတယ်။ အဲလိုတောင်းဆိုတဲ့အခါမှာ အရေးကြီးရင်ကြီးသလို အစိုးရဌာန၊ အဖွဲ့အစည်းတွေရဲ့ လိုအပ်ချက်ကိုမူတည်ပြီး ကျွန်မတို့အနေနဲ့ ရုံးချိန်မှာသာမက ဌာနရဲ့လုပ်ငန်းအောင်မြင်စေဖို့ အချိန်နဲ့တစ်ပြေးညီ အပြည့်အဝပူးပေါင်းကြိုးစားဆောင်ရွက်ပေးနေပါတယ်။

**မေး ။ ။ စာချုပ်စာတမ်းတွေ စိစစ်မှုနဲ့ပတ်သက်ပြီး ထပ်မံဖြည့်စွက်ပြောလိုတာရှိရင် ပြောပြပေးပါ။**

ဖြေ ။ ။ စီးပွားရေးစာချုပ်စာတမ်းများကို စိစစ်ခြင်းဟာ ပညာရပ်ပိုင်းဆိုင်ရာဖြစ်တဲ့အတွက် စီးပွားရေးစာချုပ်စာတမ်းဌာနခွဲမှာရှိတဲ့ ဥပဒေအရာရှိများကို သီးခြားလေ့ကျင့်ထားပြီးမှ စာချုပ်များကို စိစစ်အကြံပြုနိုင်ပါတယ်။ နိုင်ငံကို အကျိုးပြုနိုင်ဖို့၊ ဥပဒေကြောင်းအရ အကောင်းဆုံးအကြံပြုနိုင်ဖို့အတွက် ဘာသာရပ်ဆိုင်ရာ သင်တန်းတွေ အလုပ်ရုံဆွေးနွေးပွဲတွေကို တက်ရောက်လေ့လာသင်ယူစေပြီး ကောင်းမွန်သော အကြံပြုချက်များကို ပေးနိုင်ဖို့ အထူးကြိုးစားဆောင်ရွက်နေပါကြောင်း ပြောကြားလိုပါတယ်။

**ဒေါ်ခင်ချိုအုန်း**
**ညွှန်ကြားရေးမှူးချုပ်**
**တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန**

**မေး။ ။ တရားရုံးတွေမှာအမှုတွေ ကြန့်ကြာတာတွေရှိကြောင်း ကြားသိရပါတယ်။ အမှုတွေ ကြန့်ကြာမှုမရှိစေဖို့ ဘယ်လို စီမံဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ ။ အမှုတွေ မကြန့်ကြာဖို့ဆိုတာက ဥပဒေရုံးများသာမက ဆက်စပ်အဖွဲ့အစည်းတွေဖြစ်တဲ့ တရားရုံး၊ ရဲတပ်ဖွဲ့တို့အားလုံး ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ဌာနအနေနဲ့ကလည်း ကိုယ်တာဝန်ယူဆောင်ရွက်ရတဲ့အပိုင်းကို မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးဖို့ ဥပဒေရုံးအဆင့်ဆင့်ကို ညွှန်ကြားပြီးဖြစ်ပါတယ်။ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် တရားစွဲမတင်မီ ဥပဒေအကြံဉာဏ်တောင်းတဲ့ကိစ္စမှာ ချုပ်မိန့်ရှိမန်ရှိတဲ့အမှုမျိုးကို ဦးစားပေးဆောင်ရွက်ပြီး ချုပ်မိန့်ရက် မကုန်ဆုံးမီ အမြန်ဆုံးပြန်ကြားသွားမှာ ဖြစ်ပါတယ်။

အမှုစစ်ဆေးတာနဲ့ပတ်သက်လို့ အမှုမှာ အဓိကကျတဲ့ သက်သေတွေကို ဦးစားပေးဆင့်ခေါ်ပေးဖို့ တရားရုံးကို တင်ပြဖို့/ မလိုတဲ့သက်သေတွေကို ပယ်ဖို့၊ ရုံးရှေ့ကို သက်သေတွေ ရောက်လာရင် ဥပဒေအရာရှိများက မပျက်မကွက် စစ်ဆေးပေးဖို့ဖြစ်ပါတယ်။ ဥပဒေအရာရှိတွေကြောင့် အမှုကြန့်ကြာတယ် ဆိုတာမျိုးမရှိအောင် ကြပ်မတ်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒ့ါပြင် ရုံးချိန်းရက် နီးနိုင်သမျှနီးအောင် ချိန်းဆိုပေးဖို့၊ ခြောက်လအထက် ကြန့်ကြာတဲ့အမှုများမရှိစေဖို့ သက်ဆိုင်ရာ တရားရုံး၊ တရားစွဲ အဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများ၊ ရှေ့နေရှေ့ရပ်များနဲ့ ညှိနှိုင်းဆောင်ရွက်သွားပါမယ်။

**မေး ။ ။ အစိုးရသစ်လက်ထက် နိုင်ငံရေးမှုခင်းတွေကို အမှုရုပ်သိမ်းခွင့်ပြုပြီး တရားခံတွေ ပြန်လွှတ်ပေးတဲ့ကိစ္စနဲ့ပတ်သက်လို့ ဥပဒေရုံးများက ထိရောက်မြန်ဆန်စွာဆောင်ရွက်ပေးခဲ့တာကို တွေ့ရပါတယ်။ အမှုရုပ်သိမ်းတာနဲ့ပတ်သက်လို့ အမှုရဲ့ ဘယ်အဆင့်မှာ ရုပ်သိမ်းခွင့်ရှိပါသလဲ။ သက်ဆိုင်ရာအမှုသည်က အမှုရုပ်သိမ်းလိုရင် ဘယ်လိုဆောင်ရွက်ရပါ သလဲ။**

ဖြေ ။ ။ တရားစွဲဆိုထားတဲ့ ရာဇဝတ်မှုတစ်ခုကို အပြီးသတ်အမိန့်မချမီ ဘယ်အဆင့်မှာပဲဖြစ်ဖြစ် ဥပဒေနဲ့ညီညွတ်တယ်၊ အကျိုးအကြောင်း ခိုင်လုံတယ်ဆိုရင် ရုပ်သိမ်းနိုင်ပါတယ်။ တရားခံတစ်ဦးဦးအပေါ် စွဲဆိုထားတဲ့ ပြစ်မှုအားလုံးပဲဖြစ်ဖြစ်၊ တစ်ခုခုပဲဖြစ်ဖြစ် ရုပ်သိမ်းနိုင်ပါတယ်။ အမှုတစ်ခုမှာရှိတဲ့ တရားခံအားလုံးအတွက်ပဲဖြစ်ဖြစ်၊ တစ်ယောက်ယောက်အတွက်ပဲဖြစ်ဖြစ် ရုပ်သိမ်းနိုင်ပါတယ်။ အမှုသည် နှစ်ဦးနှစ်ဖက် ကျေနပ်မှုရခဲ့လျှင် သက်ဆိုင်ရာ နစ်နာသူအမှုသည်က အမှုကို ရုပ်သိမ်းပေးဖို့ သက်ဆိုင်ရာဥပဒေရုံးမှာ လျှောက်ထားနိုင်ပါတယ်။

အဲဒီလို လျှောက်ထားချက်ကို ရပြီဆိုရင် ပထမဦးဆုံး တရားစွဲအဖွဲ့အစည်းရဲ့သဘောထားတောင်းခံပါတယ်။ တကယ်လို့ ရုပ်သိမ်းခွင့်ပြုဖို့တင်ပြတဲ့ အမှုဟာ တရားစွဲဆိုခွင့်ပြုမိန့်ဒါမှမဟုတ် သဘောတူညီချက်နဲ့စွဲဆိုတဲ့ အမှုဖြစ်ရင် အဲဒီတရားစွဲဆို ခွင့်ပြုမိန့်၊ သဘောတူညီချက်ထုတ်ပေးခဲ့တဲ့ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းရဲ့ သဘောတူခွင့်ပြုချက် ရယူဖို့ ဆောင်ရွက်ရပါတယ်။ အမှုရုပ်သိမ်းပေးဖို့ လျှောက်ထားချက်မှာ ကျိုးကြောင်းဆီလျော်မှုရှိတယ်။ လျှောက်ထားခွင့်ရှိသူက လျှောက်ထားတာမှန်တယ်။ ဥပဒေနဲ့ညီညွတ်တယ်ဆိုရင် ကျွန်မတို့ ဥပဒေရုံးများအနေနဲ့ အမြန်ဆုံးဆောင်ရွက်ပေးမှာဖြစ်သလို တရားစွဲအဖွဲ့အစည်းတွေထံကလည်း သဘောထားအမြန်ဆုံးရရှိရေး ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး ။ ။ ဥပဒေရုံးတွေရဲ့လုပ်ငန်းဆောင်ရွက်မှုအပေါ်မှာ ကျေနပ်မှုမရှိလို့ တိုင်တန်းလာရင် ဘယ်လိုဆောင်ရွက်ပါသလဲ။**

ဖြေ ။ ။ ဥပဒေအရာရှိတွေအပေါ် လာဘ်ပေးလာဘ်ယူကိစ္စရှိလို့ တိုင်ကြားလာခဲ့ရင် ကျွန်မတို့ စုံစမ်းစစ်ဆေးရေးအဖွဲ့နဲ့ စစ်ဆေးအရေးယူပါမယ်။ ဥပဒေအရာရှိတွေရဲ့ အပြောအဆို၊ အပြုအမူ၊ လုပ်ငန်းဆောင်ရွက်မှုကြောင့် ကျေနပ်မှုမရှိလို့ တိုင်တန်းတာမျိုးဆိုရင်တော့ တစ်ဆင့်မြင့်ဥပဒေရုံးကအဖွဲ့နဲ့ စိစစ်ပါမယ်။ အဲဒီကိစ္စနဲ့ပတ်သက်လို့ သက်ဆိုင်ရာဥပဒေရုံးက ဆောင်ရွက်ချက်ဟာ နည်းလမ်းကျသလား၊ မကျသလားကြည့်ပါမယ်။ ဥပဒေအရာရှိတွေရဲ့ ဆောင်ရွက်မှုမှားယွင်းတယ်ဆိုရင် ဥပဒေနဲ့အညီ ဆက်လက်အရေးယူမှာဖြစ်ပါတယ်။ ဥပဒေအရာရှိရဲ့ ဆောင်ရွက်ချက်က မှားယွင်းမှုမရှိပေမယ့် အဲဒီဆောင်ရွက်ချက်ကို အမှုသည်တွေက မကျေနပ်တာ၊ နားလည်မှုလွဲမှားတာမျိုးဆိုရင် တိုင်ကြားတဲ့သူကိုခေါ်ယူတွေ့ဆုံပြီး အကျိုးအကြောင်း ရှင်းပြပါမယ်။ တိုင်ကြားသူအနေနဲ့ ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်သင့်တာကို အကြံပြုပေးမှာဖြစ်ပါတယ်။

---

## ဘားအံမြို့တွင် ရက် ၁၀၀ စီမံချက်ဖြင့် ရိုးရာဂျပ်ခုတ် (အထူး)သင်တန်းဖွင့်

**ဘားအံ ဇွန် ၂**

ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် ရက် ၁၀၀ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ရိုးရာဂျပ်ခုတ်(အထူး) သင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲကို ဇွန်လ ၁ ရက်က အဆိုပါသင်တန်းကျောင်းတွင် ကျင်းပသည်။

ဘားအံမြို့နယ်နှင့် ဘားအံခရိုင်အောက်ရှိ မြို့များတွင် ရိုးရာဂျပ်ခုတ်သင်တန်းများ အကြိမ်ကြိမ်ဖွင့်လှစ်လျက်ရှိပြီး ယခုဖွင့်လှစ်ပေးသော အမှတ်စဉ်(၈) ရိုးရာဂျပ်ခုတ်သင်တန်းသည် ရက် ၁၀၀ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ရိုးရာဂျပ်ခုတ်(အထူး) သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားပြန့်ပွားစေရန်၊ သင်တန်းသူများ ပုံမှန်ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးသည့်အပြင် ပြည်နယ်ဒေသအတွင်းရှိ မိရိုးဖလာရိုးရာဂျပ်ခုတ်လုပ်ငန်းဖြင့် ရိုးရာအဝတ်အထည်များ ပြည်တွင်း ပြည်ပသို့ ထိုးဖောက်နိုင်ရန်အတွက်ရည်ရွယ်ပြီး သင်တန်းသူ ၂၅ ဦးအား သုံးလတာ သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ သင်တန်းဖွင့်ပွဲတွင် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ပြောကြားခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

ဥပဒေအတွေး ရေးပါရစေ အပိုင်း(၁၉)

# ဥပဒေ ပြဿနာ အဖြေရှာ



**ဦးဟန်ညွန့်(ဥပဒေ)**

**ပြဿနာဆိုသည်မှာ**

ပြဿနာဆိုတာဘာလဲ။ **"ပြဿနာ" ဆိုသည်မှာဖြေရှင်းရန် အကြောင်းဆိုက်သောအခြင်းအရာဟု** မြန်မာအဘိဓာန် (စာမျက်နှာ -၅၅)တွင် အဓိပ္ပာယ်ဖွင့်သည်။ အင်္ဂလိပ်-မြန်မာ အဘိဓာန်(စာမျက်နှာ-၁၀၇၈)တွင်ပြဿနာ၏အဓိပ္ပာယ်ကို အင်္ဂလိပ်ဘာသာဖြင့် **PROBLEM** ဟု ရေးသားသည်။ Knotty problem, serious pressing economic problems ဟုရှင်းသည်။ အခက်အခဲ၊ ခဲရာခဲဆစ်ဟုလည်း အဓိပ္ပာယ်ဖွင့်သည်။ ပုစ္ဆာ၊ မေးခွန်းဟုလည်းဖော်ပြသည်။ ပြဿနာ၏အဓိပ္ပာယ်ရှင်းပါပြီ။

**ဥပဒေပြဿနာဘယ်လိုအဖြေရှာသလဲ**

"ဥပဒေ ပြဿနာ" ဘယ်လိုအဖြေရှာသလဲ။ တရားသူကြီးဆီမှာ အဖြေရှာတာပေါ့ဟု လွယ်လွယ်ပြောနိုင်သည်။ ဘယ်ဥပဒေအခြေခံနှင့် အဖြေရှာမှာလဲ။ ဘယ်ပေတံနှင့်တိုင်းမှာလဲ။ အမှန်အမှား၊ မည်သို့ခွဲခြားမှာလဲစသည့် စသည်မေးနိုင်သည်။ ဥပဒေပြဋ္ဌာန်းချက်တွေမည်မျှရှိသလဲ။ စပ်ဆိုင်သောဥပဒေများဖော်ပြပါ။ မည်မျှလေ့လာကြသလဲ။ ဘယ်ဥပဒေအကိုးအကားပြုသလဲ။ အဓိကပြောနိုင်သည်။ တစ်ချက်မှာ-တည်ဆဲ "ပြည်ထောင်စုတရားစီရင်ရေးဥပဒေ" ပါပဲ။ တရားသူကြီးအဆင့်ဆင့်ကိုတရားစီရင်ရေးအာဏာ(လုပ်ပိုင်ခွင့်) တွေအပ်ထားပေသည်။ တရားစီရင်ရေးမူများလည်းရှိပြီးသား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင်တရားရုံးအဆင့်ဆင့်အားဖွဲ့စည်းထားသည်။ စီရင်ခွင့်အာဏာများနှင့်အညီတာဝန်ထမ်းသော တရားသူကြီးအဆင့်ဆင့်သို့ ဥပဒေပြဿနာများ တင်ပြရပေသည်။

**နောက်ကြောင်းပြန်အာဏာသက်ရောက်ခြင်း မရှိစေရ**

မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေမျှနောက်ကြောင်းပြန်အာဏာသက်ရောက်ခြင်းမရှိစေရ။ အဓိကကျသည့်အချက်တစ်ချက်ဖြစ်ပါသည်။

**အတည်ဖြစ်လျက်ရှိသော**

ပြစ်မှုကျူးလွန်သူမည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင်ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ချမှတ်ခြင်းမပြုရ။

**ထပ်မံစစ်ဆေးခြင်းမပြုရ**

တစ်ဦးတစ်ယောက်သည်စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ အမှုမှအပြီးအပြတ်လွတ်ခြင်းခံရလျှင်ဖြစ်စေ၊ အဆိုပါပြစ်မှုထင်ရှားစီရင်သည့်စီရင်ချက် သို့မဟုတ် အမှုမှအပြီးအပြတ်လွတ်သည့်စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီးအမှုကိုအသစ်တစ်ဖန်ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်သည့်အခါမှတစ်ပါးယင်းပြစ်မှုအတွက်ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ။

**(ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၊ ၅၊ ၆)**

**အယူခံလား၊ ပြင်ဆင်မှုလား**

ပညာရှိရှေ့နေကြီးများပင် ဤအမှုသည်အယူခံလား၊ ပြင်ဆင်မှုလား မှားတတ်ကြသည်။ ဥပဒေပြဿနာအဖြစ် ငြင်းခုံတတ်ကြသည်။ စာအုပ်ကြီးသမားတွေဟု အပြောခံရလောက်အောင် စောဒကတက်ခဲ့ကြဖူးသည်။ မမေ့သင့်။

**ရှေ့နေအမှားကြောင့်**

ရှေ့နေအမှားကြောင့် အမှုသည်ဒုက္ခရောက်ပြီလား။ ဥပဒေပညာရှင်၏အမှားကြောင့်ဥပဒေပညာဘာမှမတတ်သည့်အမှုသည်များ မတရားခံရသည်မှာတရားမျှတပါရဲ့လား။ ဒေါသမကင်းသောစကားဆိုကြတော့မည်။ တရားရုံးသည် ဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်သာဖြစ်သည်။ လုပ်ထုံးလုပ်နည်းတွေရှိပါလျက် မသိဘူးဟု မျက်နှာလွှဲ၍မရနိုင်။ တရားရုံးကအဓိက။

**နှစ်ဖက်အမှုသည်**

ဘက်နှစ်ဖက်ရှိသည်လေ။ တရားလိုနှင့်တရားပြိုင်။ တရားလိုဘက်လည်းလိုက်စရာမလို။ တရားပြိုင်ဘက်လည်းမတင်းနှင့်။ ညီညီမျှမျှသာဖြစ်ရမည်။ အခွင့်အရေးပိုပေးစရာအကြောင်းမရှိ။ သာစေနာစေသဘောထားတွေ တရားသူကြီးစိတ်ထဲပေါ်တတ်စမြဲ။ ထိုအချိန်မှာ "ချိန်ခွင်ပမာ" မြင်ရမည်။ တိကျရမည်။ ဥပဒေနှင့်အညီသာစီရင်ပေရော့။

**သာဓကလုပ်ထုံး**

သာဓကလုပ်ထုံးများ များလှပြီ။ မသိတာလား။ သိလျက်နဲ့ တစ်ဖက်ဖက်သို့ တိမ်းမည်လား။ ဥပဒေပြဿနာကို ဘယ်လိုအဖြေရှာသလဲ။ တရားစီရင်ရေးမူဝါဒတွေမမေ့သင့်။ ထပ်တလဲလဲ အခက်အခဲများ စဉ်းစားစေချင်သည်။ ဆုံးဖြတ်စေချင်သည်။ ပြဿနာရှင်းစေချင်သည်။

**ရပ်ကွက် / ကျေးရွာထဲ**

အမှုသည်များ၏ ပါးစပ်ကိုပိတ်ထား၍မရ၊ တရားသူကြီး၏အဆုံးအဖြတ်ကို ရင်ဝယ်ပိုက်ပြီး ရပ်ကွက်ထဲပြန်ကြမည်။ ကျေးရွာသို့ပြန်ကြမည်။ ရပ်ကွက်မှာ၊ ကျေးရွာမှာ၊ တရားသူကြီး၏အဆုံးအဖြတ်ကို အော်ကြီးဟစ်ကျယ် ပြန်ပြောကြတော့မည်။ မှန်သလား၊ မှားသလား၊ ဘယ်ပေတံနှင့်တိုင်းတာခဲ့ပါလိမ့်။ ဘယ်သက်သေ၊ ဘယ်စီရင်ထုံး၊ ဘယ်အထောက်အထား စသည့် သုံးသပ်ချက်၊ ဆုံးဖြတ်ချက်တွေကို၊ ဘဝပေးအသိ၊ တကယ့်အဖြစ်အပျက်၊ တကယ့်အခြေအနေနှင့် ကိုက်ညီပါရဲ့လား။ ဥပဒေပညာကို **"တောသားတွေ"** နားမလည်သော်ငြား အမှန်တရားကိုတော့ မျက်မြင်သိသူတွေ၊ ကျေညက်သူတွေဖြစ်သည်လေ။ သစ္စာတရား ရင်ဝယ်ထားသူတွေအမှန်ပါ။

**အမှုတွဲထဲကအတိုင်း**

အပြင်မှာအဖြစ်အပျက်နဲ့ အမှုတွဲထဲက စာရွက်မှာဖော်ပြချက် တူနိုင်ရိုးလား။ ဥပဒေနဲ့ ညီညွတ်မှု၊ သက်သေခံဥပဒေနဲ့ ကိုက်ညီမှု၊ ကျင့်ထုံးနဲ့ အကျုံးဝင်မှု ဥပဒေနှင့်အညီဟု ပြောနိုင်မည်။ ထို့ကြောင့် ပြင်ပမှာ လူသတ်မှုဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့ တရားသူကြီး၏အမှုတွဲထဲမှာ ဥပဒေနှင့်အညီ လူသတ်မှုမမြောက်ရင် တရားခံတရားသေလွတ်မည်။ ဘာတတ်နိုင်မှာလဲ။ မကျေနပ်ရင် အယူခံဝင်။ ဤသို့ပြော ဤသို့ သဘောထားနေသူများအား ဥပဒေပညာရှင်များ၊ ရှေ့နေများက ရှင်းလင်းပြ၏လော။ ဥပဒေနှင့်အညီဟူသည့်စကား ဘယ်သွားထားမည်လဲ။

> **လက်တွေ့မှာ "စကားနှင့်တရား" ညီပါသလား။ တကယ်စေတနာထားရဲ့လား။ တကယ်မေတ္တာထားရဲ့လား။ သစ္စာပွားရဲ့လား။ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ တရားရေးနှင့်ဆက်စပ်သူများအားလုံး ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးပြုနိုင်ကြပြီလား။ တာဝန်ကျေပြီလား။ တာဝန်မဲ့သူ၊ အကျိုးမပြုသူ၊ ပြည်သူကို ဒုက္ခပေးသူတွေကို ဆန့်ကျင်ဖယ်ထုတ်နိုင်ပြီလား . . .**

**ဥပဒေပြဿနာမည်သို့အဖြေရှာမည်လဲ။** သုံးသပ်စရာ၊ ဆွေးနွေးစရာ၊ ပညာပေးစရာ၊ ကျေးလက်တောရွာအရောက် ခရီးပေါက်အောင် ဥပဒေပညာတွေမဖြန့်ဝေသေးဘူးလား။ ဖြန့်ဝေပြီးပြီလား။

**ဥပဒေပြဿနာအချို့**

(၁) ခဲ့ထီလုပ်ငန်းအတွက် ချုပ်ဆိုသော စာချုပ်သည် ပဋိညာဉ်ဥပဒေအရ ပျက်ပြယ်သောကြောင့်အမှုမစွဲနိုင်။

(၂) ချေလွှာမတင်သေးဘဲ ပဏာမကန့်ကွက်လွှာများတင်သွင်းလာလျှင် တရားရုံးက လက်မခံရ။

(၃) ဂရန်မြေကို အမွေဆက်ခံခွင့်နှင့်လွှဲပြောင်းခွင့်ရှိသည်။ နှစ်တိုလိုင်စင်ရသူ၌ ယင်းအခွင့်အရေးမျိုးမရှိ။

(၄) စွန့်လွှတ်ခြင်းကို နှုတ်ဖြင့်ပြုလုပ်နိုင်သည်။ စွန့်လွှတ်ခြင်းသည် တစ်ဦးဦးသို့ လွှဲပြောင်းသည့်သဘောမသက်ရောက်။

(၅) ဇနီးနှင့်ချုပ်ဆိုသည့်ငွေချေးစာချုပ်အတွက် တရားစွဲရာတွင် လင်အားထည့်သွင်း မစွဲဆိုနိုင်။

(၆) တရားရင်ဆိုင်နေစဉ်အတွင်း အချင်းဖြစ်ပစ္စည်းနှင့် စပ်လျဉ်း၍ သတင်းစာတွင် ကြေညာခြင်း၊ ရေးသားခြင်းတို့သည် တရားရုံးကို မထီမဲ့မြင်ပြုရာရောက်သည်စသည့် ဥပဒေ ပြဿနာအချို့ရှိသည်။

အထက်ပါ ဥပဒေပြဿနာအချို့ကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေပညာရှင် ဦးမြစိန် (တရားလွှတ်တော်ရှေ့နေ) က ပြုစုတင်ပြသည်။ တရားမလမ်းညွှန်စီရင်ထုံးများဟုခေါ်သည်။

**သောင်းပြောင်းထွေလာ ဥပဒေပြဿနာများ**

သောင်းပြောင်းထွေလာ ဥပဒေပြဿနာများကို မည်သို့တရားရုံးအဆက်ဆက် ဖြေရှင်းခဲ့ပုံ၊ သုံးသပ်ပုံများကိုလည်း တရားရေးပညာရှင် ဆရာကြီး**ဦးမြ**က သုံးသပ်ပြထားသည်။ ယနေ့တိုင်ထုံးပြုလေ့လာနေရသည်။ ထို့ပြင်ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏စီရင်ထုံးများက (သမိုင်းခရီး)တရားရေးလောက၏ ကြယ်ပွင့်များဖြစ်သည်။ ဆွတ်ခူးနိုင်ကြပါစေ။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများကို မဖတ်၍မရ။ ရုံးအဆင့်ဆင့်ဖွဲ့စည်းပုံမှ အစပြု၍ လုပ်ငန်းတာဝန်များ သိထားရမည်။ တရားရေးနှင့်ဥပဒေအမြဲဆက်စပ်နေသည်။ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စိစစ်အကြံပြုပုံ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များစိစစ်အကြံပြုပုံ၊ အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများနှင့် ဒေသဆိုင်ရာစာချုပ်စာတမ်းများစိစစ်ပုံ၊ အကြံပေးပုံ၊ တရားရုံးတွင် ချုပ်မိန့်တောင်းခံခြင်း၊ တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားခံအား စည်းကမ်းချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ တရားစွဲဆိုခြင်း၊ သေဒဏ်ထိုက်သည့် တရားခံဘက်မှ ရှေ့နေငှားပေးခြင်း၊ အမှုရုပ်သိမ်းခြင်း၊ အပြီးအပြတ်လွှတ်မိန့်ကို အယူခံဝင်ခြင်း စသည့်စသည့် ဥပဒေရေးရာများ သိထားရမည်။ လူငယ်ရှေ့နေတွေ ဖတ်စရာ၊ မှတ်စရာများသည် ခေတ်ပြောင်းသည်ကို မသိဘူးလား။ စနစ်ဟောင်းတွေ ဖက်တွယ်နေဆဲလား။ အပြည်ပြည်ဆိုင်ရာကပင် မြန်မာ့တရားစီရင်ရေးဆိုတာဘာလဲ။ ဘာတွေချို့ယွင်းနေသလဲ။ တရားဥပဒေ စိုးမိုးရေးအတွက် ဘယ်ဘက်ကဝိုင်းလုပ်ကြမည်လဲ။ အကျင့်စာရိတ္တကောင်းမွန်သော၊ သမိုင်းမှတ်ကျောက်အတင်ခံထိုက်သော၊ အပုပ်နံ့များကို ရှုမုန်းသော၊ အဂတိကင်းစင်သော၊ ရပ်ကွက်၊ ကျေးရွာအထိ ဂုဏ်သတင်းပျံ့သင်းသော ဥပဒေစနစ်ထွန်းတောက်ပြီဟု ကြွေးကြော်ကြစို့။ ဘာလိုသေးလဲ။

**မယိမ်းမယိုင်**

"မယိမ်းမယိုင်တရားရေးမဏ္ဍိုင်" ဟု ကျွန်တော်ရေးသည်။ တွေးသည်။ ရေးသည့်အတိုင်း၊ တွေးသည့်အတိုင်း မှန်ရဲ့လား။ စာရွက်ပေါ်မှာကောင်းလွန်းနေသည်။ လက်တွေ့မှာ "စကားနှင့်တရား" ညီပါသလား။ တကယ်စေတနာထားရဲ့လား။ တကယ်မေတ္တာထားရဲ့လား။ သစ္စာပွားရဲ့လား။ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ တရားရေးနှင့်ဆက်စပ်သူများအားလုံး ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးပြုနိုင်ကြပြီလား။ တာဝန်ကျေပြီလား။ တာဝန်မဲ့သူ၊ အကျိုးမပြုသူ၊ ပြည်သူကိုဒုက္ခပေးသူတွေကို ဆန့်ကျင်ဖယ်ထုတ်နိုင်ပြီလား။ သူတစ်ပါး လက်ညှိုးထိုးစရာတွေ ရှိဆဲ၊ ပျက်ဆဲ၊ ယိမ်းယိုင်ဆဲလား။ ယိမ်းသူ၊ ယိုင်သူမှန်သမျှ ပြည်သူလူထု ဝိုင်းပယ်ကြတော့မည်။ ပြောသူမောပြီ။

**ဥပဒေပြဿနာအတိမ်အနက်**

ဥပဒေပြဿနာအတိမ်အနက်သည် စာအုပ်ကြီးတွေထဲမှာသာရှိသလား။ ထူထူထဲထဲ အမှုတွဲထဲမှာသာ တည်နေသလား။ အသေအချာစဉ်းစား တွေးတောကြည့်လျှင် ပြည်သူ့ဘဝထဲကလာတဲ့ ပြဿနာတွေပါကလား။ ပြည်သူအများသိပြီးသားတွေပါခင်ဗျား။ ။

■

# သာစည်-ညောင်ရမ်းလမ်းပေါ်ရှိ ရွှေကူကွန်ကရစ်တံတား ပြုပြင်

**သာစည် ဇွန် ၂**

သာစည်မြို့နယ်အတွင်း သာစည်-ညောင်ရမ်းလမ်းပေါ် ရှိ ရွှေကူကွန်ကရစ်တံတားကို ဒေသခံပြည်သူများ သွားလာမှုလွယ်ကူအဆင်ပြေစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြုပြင်တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသင်းမင်းလတ်က ကြီးကြပ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ပေ ၂၅ ရက်မှစ၍ တံတားကို ပြုပြင် တည်ဆောက်နေခြင်းဖြစ်ပြီး ရက် ၁၀၀ ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေကူကွန်ကရစ်တံတားသည် သာစည်-ညောင်ရမ်းလမ်းပေါ်ရှိ အဓိကတံတားတစ်စင်းဖြစ်ပြီး တံတားပြုပြင်မှုများပြီးစီးပါက ညောင်ရမ်းတိုက်နယ်အတွင်းရှိ ကျေးရွာများမှပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို လွယ်ကူချောမွေ့ အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါတံတားတည်ဆောက်နေမှုကို မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်အေးသူဇာလှက မေလစတုတ္ထပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**





# အိမ်ရှင်အခွင့်အရေးနဲ့ချန်ပီယံဆု မျှော်လင့်နေတဲ့ ပြင်သစ်

**ဝေမိုးဆက်**

## ယူရို ၂၀၁၆ မှာ ဗိုလ်စွဲနိုင်တဲ့အသင်းများ

ယူရို ၂၀၁၆ ပြိုင်ပွဲကို လာမယ့် ဇွန် ၁၀ ရက်မှာ ပြင်သစ်နိုင်ငံမှာ စတင်ကျင်းပပြုလုပ်သွားတော့မှာ ဖြစ်ပါတယ်။ ဒီတစ်ကြိမ်ယူရိုပြိုင်ပွဲဟာ ပြိုင်ပွဲဝင်အသင်း အရေအတွက်တိုးမြှင့်ထားပြီး ယခင်ကျင်းပနေကျ ၁၆ သင်းအစား ၂၄ သင်းနဲ့ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ယူရို ၂၀၁၆ ပြိုင်ပွဲဟာ အသင်းအရေအတွက် တိုးမြှင့်လာတာနဲ့အမျှ အသင်းကောင်းတွေ အများအပြားလည်း ပါဝင်လာခဲ့ပါတယ်။ မျက်နှာသစ်အသင်းတွေအဖြစ် ပါဝင်လာခဲ့တဲ့ ဝေလ၊ စလိုဗက်ကီးယားတို့လို အသင်းတွေကအစ ခြေစွမ်းခြေစကောင်းမွန်ကြသလို ပြင်သစ်၊ ဂျာမနီ၊ စပိန်၊ အင်္ဂလန်၊ အီတလီတို့လို ထိပ်တန်းအသင်းကြီးတွေလည်း အစုံအလင်ပါဝင်နေတာကြောင့် ဒီယူရို ၂၀၁၆ ပြိုင်ပွဲဟာ ပိုမိုပြီး အားပြိုင်မှုပြင်းထန်လာမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ဘယ်အသင်း ဗိုလ်စွဲမလဲဆိုတာ စိတ်ဝင်စားဖို့ ပိုမိုကောင်းလာပြီး အဆိုပါအချက်အတွက် ပြိုင်ပွဲဝင်အသင်း ၂၄ သင်းအနက်က ဗိုလ်စွဲနိုင်တဲ့ အသင်းအချို့ကို ထုတ်နုတ်သုံးသပ်တင်ပြပေးဖို့အတွက် ရည်ရွယ်ခဲ့ကာ ဒီတစ်ပတ်မှာတော့ အဆိုပါဗိုလ်စွဲနိုင်လောက်တဲ့အသင်းတွေအနက်က အိမ်ရှင်လည်းဖြစ်တဲ့အပြင် ကစားသမားအင်အားပိုင်းလည်း တောင့်တင်းကာ ဗိုလ်စွဲဖို့အတွက်လည်း ရေပန်းစားနေတဲ့ ပြင်သစ်အသင်းအကြောင်းကို ဖော်ပြပေးလိုက်ရပါတယ်။

ပြင်သစ်ဟာဒီတစ်ကြိမ်ယူရိုပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ဖို့အထိ ရေပန်းစားနေတဲ့အသင်းလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ အိမ်ရှင်အသင်းတွေဟာ ချန်ပီယံဖြစ်လေ့ဖြစ်ထရှိတဲ့ အစဉ်အလာ အများအပြားရှိခဲ့ပြီး ၁၉၆၄ မှာ စပိန်၊ ၁၉၆၈ မှာ အီတလီ၊ ၁၉၈၄ ခုနှစ်မှာ ပြင်သစ်တို့ဟာ ဒီယူရိုပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံ ကျင်းပပြီး ချန်ပီယံဆုဖလားကိုရယူ ကိုင်မြှောက်နိုင်ခဲ့ကြတဲ့ အစဉ်အလာတွေ ရှိခဲ့ဖူးတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီတစ်ကြိမ်မှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ပြင်သစ်ကိုလည်း ဒီယူရိုပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်တဲ့ အသင်းတစ်သင်း အဖြစ်လက်ခံမှတ်ချက်ပေးထားကြတာဖြစ်ပါတယ်။

အထူးသဖြင့် လက်ရှိအချိန်မှာ ပြင်သစ်ဟာကစားသမားအင်အားပိုင်းအရလည်း ပြည့်ပြည့်ဝဝရှိနေပါတယ်။ အသင်းရဲ့အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဘင်ဇီမာဟာ ဒီယူရိုပြိုင်ပွဲမှာ ပါဝင်ခွင့်ရမှာမဟုတ်ပေမယ့်လည်း အဆိုပါဘင်ဇီမာမပါဝင်ခြင်းကတောင် ပြင်သစ်အတွက်အားလျော့မှုဖြစ်မလာခဲ့ပါဘူး။

ပြောရမယ်ဆိုရင်။ ပြင်သစ်တိုက်စစ်မှာ အက်သလက်တီကိုအသင်းအတွက် ပြီးခဲ့တဲ့ ၂၀၁၅-၁၆ ဘောလုံးရာသီ တစ်လျှောက်လုံး ခြေစွမ်းပြကစားပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဂရစ်ဇ်မန်း၊ ပြီးခဲ့တဲ့ရာသီမှာမန်ယူအတွက် ခြေစွမ်းပြကစားနိုင်ခဲ့ကာ အရေးပါတဲ့ဂိုးတွေသွင်းယူပေးခဲ့တဲ့ မာတီရယ်နဲ့ ဘိုင်ယန်မြူးနစ်ရဲ့တောင်ပံကနေ အကောင်းဆုံးခြေစွမ်းတွေ ပြသခဲ့တဲ့ ကိုးလ်မန်းတို့ရှိနေပါတယ်။ အထူးသဖြင့် အဆိုပါပြင်သစ်ရဲ့ တိုက်စစ်စုဖွဲ့မှုဟာ ငယ်ဂုဏ်ရှိတဲ့အပြင်တစ်ဦးချင်း ခြေစွမ်းပိုင်းထက်မြက်သူတွေဖြစ်တာကြောင့် လျင်မြန်ထက်မြက်တဲ့ တိုက်စစ်အတွဲအဖက်ဖြစ်လာဖို့လည်းရှိနေတယ်လို့ယူဆကြပါတယ်။

ပြင်သစ်ရဲ့တိုက်စစ်ဟာ ၂၀၁၅ ကနေ ယနေ့အချိန်အထိ ခြေစမ်းပွဲ ၁၂ ပွဲအထိကစားခဲ့ရာမှာ အဆိုပါ ၁၂ ပွဲအနက် ဂိုးသွင်းယူနိုင်မှုမရှိတဲ့ ပွဲကနှစ်ပွဲသာရှိခဲ့တာတွေ့ရပါတယ်။ ကျန် ၁၀ ပွဲမှာတော့ပြင်သစ်တိုက်စစ်ဟာ ၂၄ ဂိုး သွင်းယူနိုင်ခဲ့တဲ့အထိ



ထက်မြက်ခဲ့တာ တွေ့ရပါတယ်။

ဒါ့အပြင် အဆိုပါတိုက်စစ်ကို အပြောင်းအလဲပြုလုပ်နိုင်ဖို့အတွက်လည်း အာဆင်နယ်အဓိကတိုက်စစ်မှူး ဂျရူးစ်၊ UANL တိုက်စစ်မှူး ဂီနာ့စ်တို့လို ဝါရင့်တိုက်စစ်မှူးတွေလည်း ရှိနေတာကြောင့် ပြင်သစ်တိုက်စစ်ဟာ အတွေ့အကြုံ၊ ကစားအားနဲ့ တစ်ဦးချင်း အရည်အသွေး ပိုင်းကအစပြည့်ပြည့် ဝဝရှိနေတယ်လို့ သုံးသပ်ကြပါတယ်။

ပြောမယ်ဆိုရင်။ ပြင်သစ်ရဲ့ကွင်းလယ်ဟာလည်း လက်ရှိအချိန်မှာတောင့် တင်းကျစ်လျစ်မှု အပြည့်ရှိနေပါတယ်။ လက်စတာမှာခြေစွမ်းပြသခဲ့ပြီး အသင်းကြီးအများစုကတောင် ခေါ်ယူဖို့ကြိုးစားနေတဲ့ ကန်တီ၊ လက်ရှိကမ္ဘာ့အကောင်းဆုံးကွင်းလယ်ကစားသမားများအနက်က တစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရတဲ့ ပေါ့ဂ်ဘာတို့အပြင် ပီအက်စ်ဂျီမှာ ခြေစွမ်းပြသခဲ့တဲ့ မက်အူဒီ၊ ဝက်စ်ဟမ်းမှာခြေစွမ်းပြသခဲ့တဲ့ ပါယက်စ်တို့လည်း ပြင်သစ်ကွင်းလယ်မှာရှိနေပါတယ်။ အဆိုပါ ကန်တီ၊ ပါယက်စ်၊ ပေါ့ဂ်ဘာ၊ မက်အူဒီတို့ဟာ တစ်ဦးချင်းအရည်အသွေးပိုင်းရော အတွေ့အကြုံပိုင်းမှာပါ ပြည့်ဝသူများဖြစ်တာကြောင့် ပြင်သစ်ရဲ့ ကွင်းလယ်ဟာလည်း ပြည့်စုံမှုရှိနေတဲ့အပြင် ကာဘာရီ၊ ဒီရာယာတို့လို ဝါရင့်ကစားသမားတွေလည်း ရှိနေပြန်တာကြောင့် ပြင်သစ်ကွင်းလယ်ဟာ ပြိုင်ဘက်တိုင်းအတွက် သတိပြုချင်စရာကောင်းနေပါတယ်။

ဒါ့အပြင် ခံစစ်ပိုင်းမှာဆိုရင်လည်း ရိုးမားမှာခြေစွမ်းပြသခဲ့တဲ့ လူးကပ်စ်ဒီနီ၊ ဆီဗီလာရဲ့အဓိကခံစစ်မှူး ရာမီတို့လိုကစားအားကောင်းမွန်ကာ ခြေစွမ်းပိုင်း လည်းထက်မြက်တဲ့ခံစစ်မှူးကောင်းတွေ အပြင် ကိုစီနီ၊ ဆက်ဂ်ညာ၊ ဂျဲလ်လက်၊ အီဗရာတို့လို ဝါရင့်ခံစစ်မှူးတွေနဲ့လည်း ပေါင်းဖက်ဖွဲ့စည်းထားတာကြောင့် ပြင်သစ်ဟာ ဒီတစ်ကြိမ် ယူရိုပြိုင်ပွဲမှာနေရာစုံပြီး ပြည့်စုံမှုရှိတဲ့ အသင်းတစ်သင်းအဖြစ် တည်ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီတစ်ကြိမ် ယူရိုပြိုင်ပွဲမှာ ပြင်သစ်ဟာဗိုလ်စွဲဖို့ ရေပန်းစားနေတဲ့ အသင်းတွေထဲကို တိုးဝင်လာနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ပြောရမယ်ဆိုရင် ပြင်သစ်အသင်းဟာ ယူရိုပြိုင်ပွဲရဲ့အိမ်ရှင်ဖြစ်တာကြောင့် ခြေစစ်ပွဲကစားရခြင်းမရှိခဲ့ဘဲ ခြေစမ်းပွဲတွေသာယှဉ်ပြိုင်ကစားခဲ့ရပါတယ်။ ဒါကြောင့်ပြင်သစ်အသင်းရဲ့ ခြေစွမ်းအစစ် အမှန်ကို ခန့်မှန်းဖို့ခက်တယ်လို့ အများစုက သတ်မှတ်ကောက်ချက်ဆွဲကြပေမယ့်လည်း ပြင်သစ်ဟာ အဆိုပါ ခြေစမ်းပွဲတွေမှာ အကောင်းဆုံးခြေစွမ်းတွေကိုပြသနိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ပြင်သစ်ဟာ ၂၀၁၅ ခုနှစ်ကနေ ယနေ့အချိန်အထိ ခြေစမ်းပွဲ ၁၂ ပွဲ ကစားခဲ့ရာမှာ အဆိုပါခြေစမ်းပွဲတွေအနက် ဘရာဇီး၊ အင်္ဂလန်၊ ဘယ်လ်ဂျီယံတို့ကို ရှုံးနိမ့်ခဲ့ရတာမှန်ပေမယ့်လည်း ပြင်သစ်ဟာ အခြားထိပ်တန်းအသင်းကြီးတွေနဲ့ကစားခဲ့တဲ့ခြေစမ်းပွဲတွေမှာတော့ ခြေစွမ်းပြသနိုင်ခဲ့သလို နိုင်ပွဲတွေလည်း ရယူနိုင်ခဲ့တာကို တွေ့ရပါတယ်။ ပြင်သစ်ဟာယူရိုခြေစစ်ပွဲတွေအတွင်းမှာ ခြေစွမ်းပြသခဲ့တဲ့ ကမ္ဘာ့ချန်ပီယံ ဂျာမနီကို နှစ်ဂိုးပြတ်နဲ့အနိုင်ယူနိုင်ခဲ့သလို ဥရောပရဲ့ထိပ်တန်းအသင်းကြီးတစ်သင်းဖြစ်တဲ့ ပေါ်တူဂီကိုလည်း ၁-၀ ဂိုးနဲ့အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒါ့အပြင်ပြင်သစ်ဟာနာမည်ကြီး ဟော်လန်ကိုလည်း ၃-၂ ဂိုးနဲ့ အနိုင်ယူနိုင်ခဲ့သလို ဒိန်းမတ်၊ ဆားဘီးယား၊ ရုရှားတို့လို အသင်းကောင်းတွေကိုလည်း ခြေစမ်းပွဲတွေမှာ အနိုင်ကစားနိုင်ခဲ့တဲ့အနေအထားတွေအရ ပြင်သစ်ရဲ့ဒီတစ်ကြိမ် ခြေစွမ်းခြေစဟာ ထိပ်တန်းအဆင့်မှာရှိ တယ်လို့ ကောက်ချက်ဆွဲနိုင်ပါတယ်။

တကယ်လို့ ပြင်သစ်ဟာ လက်ရှိ ရွေးချယ်ထားတဲ့ကစားသမားတွေအနက်က ပြိုင်ပွဲမတိုင်ခင်မှာ တစ်ဦးဦးဒဏ်ရာပြသနာ ဖြစ်ပေါ်ခဲ့မယ်ဆိုရင်လည်းအစား ထိုးရွေးချယ်စရာအဖြစ် စနိုက်ဒါလင်၊ လာကာဇက်တီ၊ ကွန်ဒေါ့ဘီယာ၊ ဗာရာနီတို့လိုကစားသမားကောင်းတွေလည်း အဆင်သင့်ရှိနေပါတယ်။ ဒါ့အပြင်နည်းပြ ဒက်ချမ့်ဟာပြင်သစ်ကို ၂၀၁၂ခုနှစ် ကတည်းက တာဝန်ယူခဲ့သူဖြစ်တာနဲ့အမျှ ပြင်သစ်အသင်းနဲ့အသားကျနေပြီဖြစ်သလို ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း ဝင်နွှဲခဲ့ပြီးသားဖြစ်တာကြောင့် အတွေ့အကြုံလည်းရရှိပြီးသားဖြစ်နေတာကြောင့် ပြင်သစ်ကို အကောင်းဆုံးဦးဆောင်နိုင် မယ့်အခြေအနေမှာလည်းရှိနေပါတယ်။

အရှင်းဆုံးပြောရရင်။ အိမ်ရှင် အားသာချက်ရှိနေခြင်း၊ အသင်းလိုက် စုဖွဲ့မှုကောင်းမွန်ခြင်း၊ တစ်ဦးချင်းခြေ စွမ်းထက်မြက်သူပေါ်များခြင်း၊ အသင်းကို လူငယ်နဲ့သမ္ဘာအချိုး ညီညီဖွဲ့စည်းထားခြင်းတို့ကြောင့် ပြင်သစ်ဟာ ဒီယူရို ၂၀၁၆ မှာ ဗိုလ်စွဲနိုင်တဲ့အသင်းတွေထဲကနေ ပယ်ထုတ်လို့မရနိုင်တဲ့ အသင်းကောင်းတစ်သင်းအဖြစ် တည်ရှိရပ်တည်နေပါတယ်။

> **၂၀၁၅-၁၆ ဘောလုံးရာသီ တစ်လျှောက်လုံး ခြေစွမ်းပြကစားပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဂရစ်ဇ်မန်း၊ ပြီးခဲ့တဲ့ ရာသီမှာမန်ယူအတွက် ခြေစွမ်းပြကစားနိုင်ခဲ့ကာအရေးပါတဲ့ ဂိုးတွေသွင်းယူပေးခဲ့တဲ့ မာတီရယ်နဲ့ ဘိုင်ယန်မြူးနစ်ရဲ့တောင်ပံကနေ အကောင်းဆုံးခြေစွမ်းတွေပြသခဲ့တဲ့ ကိုးလ်မန်းတို့ ရှိနေပါတယ်။**



## မိမိလက်မှတ်ရေးထိုးသည့် စာချုပ်များကို ကြည့်ရှုခြင်းမရှိခဲ့ကြောင်း တရားရုံးတွင် မက်ဆီ ထွက်ဆို

အခွန်တိမ်းရှောင်ခဲ့သည်ဆိုသည့် စွပ်စွဲချက်ဖြင့် စပိန်နိုင်ငံ ဘာစီလိုနာမြို့ရှိ တရားရုံးတွင် အမှုရင်ဆိုင်နေရသူ အာဂျင်တီးနားနှင့် ဘာစီလိုနာတိုက်စစ်ကစားသမား လီယွန်နယ်မက်ဆီက မိမိလက်မှတ်ရေးထိုးခဲ့သည့် စာချုပ်များကို မည်သည့်အခါကမှ ကြည့်ရှုခဲ့ခြင်းမရှိဟု ရှေ့နေတစ်ဦးအား ပြောဆိုခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မက်ဆီနှင့် သူ၏ ဖခင်ဖြစ်သူ ဂျော့ဘ်ဟိုရာစီယိုမက်ဆီတို့သည် ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ မက်ဆီ၏ ပုံရိပ်အသုံးပြုမှု မူပိုင်ခွင့်ရောင်းချရခြင်းမှ ရရှိခဲ့သည့် ဝင်ငွေဖြစ်သော ယူရို ၄ ဒသမ ၁၆ သန်းအား အခွန်ရှောင်တိမ်းရန်အတွက် ဘီလီဇီနိုင်ငံနှင့် ဥရုဂွေးနိုင်ငံတို့တွင် ကုမ္ပဏီ အတုများ ဖန်တီးအသုံးပြုခဲ့သည်ဟု စွပ်စွဲခံထားရခြင်းဖြစ်ကာ မက်ဆီနှင့် သူ၏ ဖခင်ကို အခွန်ရှောင်တိမ်းမှုနှင့်ပတ်သက်သည့် တရားရုံး သုံးခုက တရားစွဲ ဆိုထားသည်။

ဘာစီလိုနာတရားရုံးမှ စစ်ဆေးမှုတွင် ရှေ့နေဖြစ်သူက မက်ဆီ လက်မှတ်ရေးထိုးထားသော စပွန်ဆာကန် ထရိုက်စာချုပ်အချို့ကို မက်ဆီအား ပြသကာ မေးမြန်းမှုများပြုလုပ်ခဲ့သည်ဟု ဆိုသည်။

အဆိုပါ မေးမြန်းမှုနှင့်ပတ်သက်၍ မက်ဆီက “စာချုပ်အချို့မှာ ကျွန်တော် လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါပေမယ့် အဲဒီစာချုပ်တွေကို ကျွန်တော် ဘယ်တုန်းကမှ မကြည့်ခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော် လက်မှတ်ရေးထိုးလိုက်တဲ့ စာချုပ်က ဘာစာချုပ်လည်းဆိုတာကို ကျွန်တော် မသိဘူး။ စာချုပ်ကိစ္စတွေက ကျွန်တော့်ဖခင်ဖြစ်သူ စီမံခန့်ခွဲနေတဲ့ ကိစ္စတွေဖြစ်ပါတယ်။ သူ့ကို ကျွန်တော် ယုံတယ်။ ကျွန်တော့်ကိုယ် ကျွန်တော်ကတော့ ဘောလုံးကစားခြင်းမှာပဲ နှစ်မြှုပ်ထားတာပါ။ စာချုပ်ကိစ္စတွေနဲ့ ပတ်သက်လို့ ကျွန်တော်ဖခင်က ပြောတဲ့အတိုင်း ကျွန်တော်လုပ်တာပါ ပဲ”ဟု ဖြေဆိုခဲ့ကြောင်း Barcelona Daily သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။ မက်ဆီနှင့် သူ၏ ဖခင်တို့သည် အခွန်ရှောင်တိမ်းကြောင်း စစ်ဆေးတွေ့ရှိပါက ထောင်ဒဏ် ၂၂ လခွဲ ကျခံရမည်ဖြစ်ပြီး အခွန်ရှောင်တိမ်းသည်ဟု စွပ်စွဲခဲ့ရသည့် ငွေနှင့် ပမာဏတူညီသည့် ငွေကြေးကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်သည်။

# ရာပြည့်ကိုပါအမေရိကဖလားနဲ့အတူ စောင့်ကြည့်ရမယ့် မက္ကဆီကို သူရဲကောင်း ဟာနန်ဒက်ဇ်



**အောင်က**

ရာပြည့်ကိုပါအမေရိကဖလားကို ဇွန် ၄ ရက်မှာ စတင်ကျင်းပမည်ဖြစ်ပြီး အသင်းပေါင်း ၁၆သင်း ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ လက်ခံကျင်းပမယ့်နိုင်ငံကတော့ အမေရိကနိုင်ငံဖြစ်ပြီး တောင်အမေရိက အပြင်ဘက်မှာ ကျင်းပတဲ့ ပထမဦးဆုံး ကိုပါအမေရိကဖလားပြိုင်ပွဲလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဒီပြိုင်ပွဲဟာ ယခင်ကျင်းပနေကျ ကိုပါအမေရိကဖလားနဲ့မတူညီဘဲ နှစ် ၁၀၀ပြည့်အဖြစ် အထူးကစားတဲ့ ပြိုင်ပွဲလည်း ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ထိပ်တန်းကစားသမားတွေဖြစ်တဲ့ မက်ဆီ၊ အဂူရို၊ ဆွာရက်ဇ်တို့လို ကစားသမားကောင်းတွေ ပါဝင်နေတာကြောင့်လည်း လူတိုင်းက ပိုမိုစိတ်ဝင်စားနေကြပါတယ်။ ဒါပေမယ့် အဲ့ဒီထဲမှာမှ ဒီနှစ် ရာပြည့်ကိုပါအမေရိကဖလားပြိုင်ပွဲမှာ စောင့်ကြည့်ရမယ့် ကစားသမားကတော့ မက္ကဆီကိုတိုက်စစ်မှူး ဂျာဗီးဟာနန်ဒက်ဇ်ပဲဖြစ်ပါတယ်။

ဘောလုံးလောကမှာဆိုရင် မိမိနာမည်ရင်းတွေသာ ထင်ရှားကျော်ကြားပေမယ့် ဟာနန်ဒက်ဇ်ကတော့ သူ့ရဲ့ ဂျာဗီးဟာနန်ဒက်ဇ်ဆိုတဲ့နာမည်ထက် ချစ်ချာရီတိုဆိုတဲ့ နာမည်ပြောင်က လူသိများ ထင်ရှားတဲ့သူဖြစ်ပါတယ်။ ချစ်ချာရီတိုဆိုတဲ့နာမည်ပြောင်ရဲ့စပိန်လို အဓိပ္ပာယ်ကတော့ ပဲစေ့လေးဖြစ်ပါတယ်။ ဟာနန်ဒက်ဇ်ဟာ မက္ကဆီကိုရဲ့ အဓိကပြည်နယ်ဖြစ်တဲ့ ဂျာလီစကိုရဲ့ အကြီးဆုံးမြို့ဖြစ်တဲ့ ဂွာဒါလာဟာရာမှာ မွေးဖွားခဲ့တာဖြစ်ပြီး ကမ္ဘာ့ထိပ်တန်းကစားသမားတစ်ဦးဖြစ်လာခဲ့တဲ့သူ ဖြစ်ပါတယ်။ တကယ်တော့သူဟာ မက္ကဆီကိုလက်ရွေးစင်အသင်းရဲ့တတိယမြောက်မျိုးဆက်ကစားသမားလို့ ပြောရမှာဖြစ်ပါတယ်။

ဟာနန်ဒက်ဇ်ရဲ့ အဘိုးဖြစ်သူဟာ မက္ကဆီကို လက်ရွေးစင်ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး မက္ကဆီကိုအသင်းနဲ့အတူ ဆွစ်ဇာလန်မှာကျင်းပခဲ့တဲ့ ၁၉၅၄ ကမ္ဘာ့ဖလားမှာ ပါဝင်ကစားခဲ့တဲ့သူ ဖြစ်ပါတယ်။ သူ့ရဲ့အဖေဖြစ်သူ ချစ်ချာရိုဟာနန်ဒက်ဇ်ကတော့ မက္ကဆီကို အိမ်ရှင်အဖြစ် ကျင်းပခဲ့တဲ့ ၁၉၈၆ ကမ္ဘာ့ဖလားမှာ မက္ကဆီကိုလက်ရွေးစင်အသင်းနဲ့အတူ ပါဝင်ကစားခဲ့တဲ့သူဖြစ်ပါတယ်။ ဟာနန်ဒက်ဇ်ရဲ့ဖခင်ဖြစ်သူကို ချစ်ချာရိုအဖြစ်လူသိများကာ အဓိပ္ပာယ်ကတော့ ပဲစေ့ဖြစ်ပြီး သူ့ရဲ့ မျက်ဝန်းစိမ်းတွေကြောင့် အခုလိုချစ်စနိုးနဲ့ ခေါ်ယူခဲ့ကြခြင်းလည်း ဖြစ်ပါတယ်။ ဟာနန်ဒက်ဇ်ကတော့ သူ့ဘိုး၊ သူ့အဖေခြေရာတွေကို နင်းပြီး အားလုံးထက်ပိုမို အောင်မြင်အောင်ကစားနိုင်ခဲ့တဲ့သူလို့ ဆိုရမှာဖြစ်ပါတယ်။

ဟာနန်ဒက်ဇ်ဟာ သူ့ရဲ့ပရိုကစားသမားဘဝကို ဂွာဒါလာဟာရာအသင်းမှာ ၂၀၀၆ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပြီး ၂၀၀၉-၁၀ရာသီကတော့သူ့ကစားသမားဘဝရဲ့အမြင့်ဆုံးအဆင့်အထိ ရောက်ခဲ့ပါတယ်။ အဲ့ဒီရာသီမှာသူဟာ ဂွာဒါလာဟာရာအသင်းအတွက် ၂၁ ဂိုးတောင် သွင်းယူနိုင်ခဲ့ပါတယ်။ အဲ့ဒါကြောင့်လည်း အဲ့ဒီရာသီမှာ သူဟာ မက္ကဆီကိုလက်ရွေးစင်အသင်းမှာ စတင်ပါဝင်ကစားခွင့် ရရှိခဲ့တာဖြစ်သလို ပရီမီယာလိဂ်ကလပ် မန်ယူအသင်းကလည်း မျက်စိကျခဲ့တာဖြစ်ပါတယ်။ ဟာနန်ဒက်ဇ်ဟာ မန်ယူအသင်းရဲ့သမိုင်းမှာလည်း ပထမဦးဆုံးခေါ်ယူခဲ့တဲ့ မက္ကဆီကိုကစားသမားလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာနန်ဒက်ဇ်ဟာ မန်အသင်းမှာကစားခဲ့တဲ့ လေးရာသီအတွင်း ၃၇ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်းမှာတော့ သူဟာ ရီးရဲမက်ဒရစ်အသင်းကို အငှားနဲ့သွားရောက်ကစားခဲ့ရပါတယ်။ အဲ့ဒီမှာတော့ သူဟာ ရီးရဲမက်ဒရစ်အသင်းအတွက် စပိန်လာလီဂါ ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်း သူဟာ လေဗာကူဆင်အသင်းကို ပြောင်းရွှေ့ပြီး အသင်းရဲ့ပြိုင်ပွဲစုံမှာ ၂၆ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ ဒါ့အပြင်အသင်းကိုလည်း ဘွန်ဒက်စ်လီဂါ အမှတ်ပေးဇယားရဲ့အဆင့် ၃ နေရာ ရပ်တည်စေခဲ့ပြီး လာမယ့် ရာသီအတွက် တိုက်ရိုက်ချန်ပီယံလိဂ်ဝင်ခွင့်ကို ရရှိစေခဲ့ပါတယ်။

တိုက်စစ်မှူးဟာနန်ဒက်ဇ်ဟာ လက်ရှိအချိန်မှာအသက် ၂၇နှစ်သာ ရှိနေသေးပေမယ့် ကမ္ဘာ့ထိပ်တန်း လိဂ်လေးခုမှာ ကစားခဲ့ဖူးတဲ့သူဖြစ်သလို ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ နှစ်ခုမှာလည်း မက္ကဆီကို အသင်းအတွက် ဂိုးတွေသွင်းယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ဟာနန်ဒက်ဇ်ဟာ UNICEF ရဲ့ မက္ကဆီကိုအထူးသံတမန်လည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိအခြေအနေတွေအရတော့ ဟာနန်ဒက်ဇ်ဟာ မက္ကဆီကိုရဲ့အကောင်းဆုံးကစားသမား တစ်ဦးအဖြစ် ရပ်တည်နေတာဖြစ်ပြီး သူ့ရဲ့ဂုဏ်သတင်းတွေကလည်း ပိုမိုတောက်ပဖို့သာ ရှိနေပါတယ်။ လက်ရှိအချိန်မှာလည်း သူဟာ မက္ကဆီကို လက်ရွေးစင်အသင်းရဲ့ အမြဲတမ်းဂိုးသွင်းအများဆုံး ဒုတိယမြောက်ကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပြီး ပထမကစားသမားအဖြစ် ရပ်တည်နေတဲ့ ဘိုဂတ်တီရဲ့စံချိန်ကို လိုက်မီနိုင်ဖို့ကလည်း သုံးဂိုးသာလိုပါတော့တယ်။

လက်ရှိအခြေအနေတွေအရတော့ ဟာနန်ဒက်ဇ်ဟာ မက္ကဆီကိုရဲ့ အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် ရပ်တည်နေတာဖြစ်ပြီး သူ့ရဲ့ဂုဏ်သတင်းတွေကလည်း ပိုမိုတောက်ပဖို့သာ ရှိနေပါတယ်။ လက်ရှိအချိန်မှာလည်း သူဟာ မက္ကဆီကို လက်ရွေးစင်အသင်းရဲ့ အမြဲတမ်းဂိုးသွင်းအများဆုံး ဒုတိယမြောက်ကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပြီး ပထမကစားသမားအဖြစ် ရပ်တည်နေတဲ့ ဘိုဂတ်တီရဲ့စံချိန်ကို လိုက်မီနိုင်ဖို့ကလည်း သုံးဂိုးသာလိုပါတော့တယ်။

ဒါကြောင့် နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ စံချိန်တင်ဂိုးတွေသွင်းယူဖို့အတွက် စောင့်ဆိုင်းနေတဲ့ ဟာနန်ဒက်ဇ်ဟာ ဒီရာပြည့်ကိုပါအမေရိကဖလားပြိုင်ပွဲမှာလည်း မက္ကဆီကိုအသင်းကို အကောင်းဆုံး ဦးဆောင်သွားမှာဖြစ်ပါတယ်။ ဟာနန်ဒက်ဇ်ဟာ မက္ကဆီကိုအသင်းနဲ့အတူ ယခင်ပါဝင်ခဲ့တဲ့ ကိုးကြိမ်မှာ အသင်းကို ဆီမီးဖိုင်နယ်အဆင့်အထိ ငါးကြိမ်၊ ဒုတိယနေရာအဖြစ် နှစ်ကြိမ်နဲ့ တတိယနေရာမှာ သုံးကြိမ် တိုင်ရပ်တည်နိုင်ဖို့အတွက်ကူညီနိုင်ခဲ့တဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဟာနန်ဒက်ဇ်ဟာ ဒီနှစ်ရာပြည့် ကိုပါအမေရိကဖလားပြိုင်ပွဲမှာတော့ မက္ကဆီကိုအသင်းအတွက် ဂိုးတွေနဲ့အတူ အောင်မြင်မှုတွေရယူပေး နိုင်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမယ့် ကစားသမားအဖြစ်ရှိနေတာ ဖြစ်ပါတယ်။

## စပိန်လီဂါတွင် မအောင်မြင်မှုကြောင့် ရီးရဲအသင်း စိတ်ပျက်နေရမည်ဟု အင်နီယေစတာ ပြောဆို

ဘာစီလိုနာအသင်းခေါင်းဆောင်း အင်နီယေစတာက ဘာစီလိုနာ၏ အဓိကပြိုင်ဘက်ဖြစ်သည့် ရီးရဲမက်ဒရစ်အသင်းသည် စပိန်လီဂါပြိုင်ပွဲတွင် အောင်မြင်မှုနှင့် ကင်းဝေးနေရခြင်းကြောင့် စိတ်ပျက်နေရလိမ့်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ပြီးခဲ့သည့် ၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဆုဖလားကို ၁၁ ကြိမ်မြောက်အဖြစ် ရယူနိုင်ခဲ့သော်လည်း စပိန်လီဂါပြိုင်ပွဲတွင်မူ အမှတ်ပေးဇယား၏ အဆင့်နှစ်နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။ စပိန်လီဂါပြိုင်ပွဲ သမိုင်းကြောင်းတွင် ရီးရဲအသင်းသည် ချန်ပီယံဆု ၃၂ ကြိမ် ရရှိပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသော်လည်း စပိန်လီဂါနောက်ဆုံး လေးရာသီတွင် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခြင်း မရှိခဲ့ဘဲ အဆိုပါ လေးရာသီအတွင်း ဘာစီလိုနာအသင်းက ချန်ပီယံဆု သုံးကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။

စပိန်ကစားသမား အင်နီယေစတာက “ကျွန်တော်တို့ရဲ့ အောင်မြင်မှုအတွက် ပျော်ရွှင်သလို ရှုံးနိမ့်မှုတွေအတွက်လည်း စိတ်ပျက်မိပါတယ်။ ရီးရဲမက်ဒရစ်က ချန်ပီယံလိဂ်ဆုဖလားကို ကိုင်မြှောက်ခွင့်ရရှိခဲ့တယ်။ ဒါပေမယ့် စပိန်လီဂါပြိုင်ပွဲမှာ အောင်မြင်မှုမရတာကတော့ သူတို့အတွက် စိတ်ပျက်စရာဖြစ်လာပါလိမ့်မယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာရရှိခဲ့တဲ့ ကျွန်တော်တို့ရဲ့ အောင်မြင်မှုအတွက် ဘာစီလိုနာ အသင်းပရိသတ်တွေ ဂုဏ်ယူနေကြမှာပါ။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကျရှုံးခဲ့ရတာက အရေးပါတဲ့ ကိစ္စဖြစ်ခဲ့ပေမယ့် လာမယ့်ရာသီမှာတော့ ဘာစီလိုနာအသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အောင်မြင်မှုရရှိဖို့ ပြန်လည်တိုက်ပွဲဝင်သွားမှာဖြစ်ပါတယ်”ဟု ပြောသွားသည်။

၂၀၁၅-၁၆ ခုနှစ်ရာသီတွင် ဘာစီလိုနာအသင်းသည် စပိန်လာလီဂါချန်ပီယံဆုဖလားအပြင် စပိန်ဘုရင့်ဖလား ချန်ပီယံဆုကိုပါ ဆွတ်ခူးနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင်မူ ကွာတားဖိုင်နယ်အဆင့်မှပင် ထွက်ခဲ့ရသည်။



## ကမ်းလှမ်းမှုများအပေါ် စိတ်ပါဝင်စားမှုမရှိပါက နည်းပြလောကမှ အနားယူမည်ဟု ပယ်လီဂရီနီ ပြောဆို



မန်စီးတီးအသင်း မန်နေဂျာဟောင်း ပယ်လီဂရီနီက မိမိအား ကမ်းလှမ်းလာသည့် ကမ်းလှမ်းမှုများအပေါ် စိတ်ပါဝင်စားမှုမရှိပါက နည်းပြလောကမှ အနားယူဖြစ်နိုင်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ချီလီလူမျိုး မန်နေဂျာ ပယ်လီဂရီနီ(၆၂ နှစ်)သည် ၂၀၁၃ ခုနှစ် မေလမှ ၂၀၁၅-၁၆ ဘောလုံးရာသီကုန်ဆုံးချိန်အထိ မန်စီးတီးအသင်းမန်နေဂျာအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး မန်စီးတီးအား ပရီမီယာလိဂ်ချန်ပီယံဆုဖလားတစ်ကြိမ်၊ Capital One ချန်ပီယံဆုဖလား နှစ်ကြိမ် ရယူပေးနိုင်ခဲ့သူဖြစ်သည်။

ရီးရဲမက်ဒရစ်၊ ဗီလာရီးရဲ၊ မာလာဂါ၊ ရေးဗားပလိတ်စသည့်အသင်းများကို တာဝန်ယူခဲ့ဖူးသူ ပယ်လီဂရီနီသည် အဲဗာတန်အသင်း မန်နေဂျာရာထူးအတွက် ဆက်သွယ်ခံနေရကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

“တကယ်လို့ ကျွန်တော် စိတ်ဝင်စားတဲ့ အလုပ်အကိုင်ကို မတွေ့ရှိဘူး ဆိုရင် စိတ်ဝင်စားနိုင်မယ့် ကမ်းလှမ်းမှုမျိုး တွေ့ရှိချိန်အထိ နည်းပြလောကကနေ အနားယူဖြစ်ပါလိမ့်မယ်။ ဒီအနားယူမှုဟာ အပြီးသတ် အနားယူမှုလည်း ဖြစ်လာနိုင်တယ်။ ကျွန်တော့်အနေဖြင့် နည်းပြလောကကနေ လာမယ့် ဒီဇင်ဘာအထိ၊ ဒါမှမဟုတ် နောက်တစ်နှစ်အထိ ဒါမှမဟုတ် အမြဲတမ်းဖြစ်ဖြစ် အနားယူဖြစ်မှာပါ” ဟု ပယ်လီဂရီနီက ပြောဆိုခဲ့သည်။

လာမည့် ဘောလုံးရာသီတွင် ပရီမီယာလိဂ်သို့ ဂွာဒီယိုလာ၊ အန်တိုနီ ယိုကွန်တီ၊ ဟိုဆေးမော်ရင်ညိုစသည့် မန်နေဂျာများ ရောက်ရှိလာမည်ဖြစ်ခြင်းကြောင့် ၂၀၁၆-၁၇ ခုနှစ် ပရီမီယာလိဂ်ရာသီသည် စိတ်လှုပ်ရှားဖွယ် ရာသီတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ပယ်လီဂရီနီက ဆက်လက်ပြောဆိုခဲ့သည်။

# ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

## ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်း

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် --- )

(၁၃၇၈ ခုနှစ်၊ လဆန်း/လပြည့်ကျော် -- ရက်)

၂၀၁၆ ခုနှစ်၊ -- လ -- ရက်

ပြည်ထောင်စုလွှတ်တော်သည် ရေနံနှင့်ရေနံထွက်ပစ္စည်းအား ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်း၊ စမ်းသပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ရေနံထွက်ပစ္စည်း ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သော ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ရေနံ**ဆိုသည်မှာ ဟိုက်ဒြိုကာဗွန်အရည် သို့မဟုတ် ဟိုက်ဒြိုကာဗွန် အရောအနှောနှင့် ဟိုက်ဒြိုကာဗွန်အရည်ပါဝင်သော အရည်၊ အငွေ့၊ အခဲ၊ မီးလောင်လွယ်သည့် အရောအနှောနှင့် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေနံအဖြစ် အမိန့် ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့်အရာကို ဆိုသည်။ ယင်းစကား ရပ်တွင် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ (Fossil Fuel) များဖြစ် သော ရေနံစိမ်း(Crude Oil)၊ လေဆီ (Condensate)၊ သဘာဝ ဓာတ်ငွေ့(Natural Gas)တို့ ပါဝင်သည်။

(ဂ) **ရေနံထွက်ပစ္စည်း**ဆိုသည်မှာ ရေနံအားပြုပြင်ချက်လုပ်ထားသည့် ဟိုက်ဒြိုကာဗွန် ပါဝင်သော ဒြပ်ပေါင်းများဖြစ်သော အရည်၊ အရည်ပျစ်၊ အစိုင်အခဲ၊ အငွေ့၊ အငွေ့ရည်နှင့် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ရေနံထွက်ပစ္စည်းအဖြစ် အမိန့် ကြော်ငြာ စာထုတ်ပြန်သတ်မှတ်သည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဖိအားမြင့် သဘာဝဓာတ်ငွေ့ (Compressed Natural Gas-CNG)၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas-LNG)၊ ရေနံဓာတ်ငွေ့ရည် (Liquefied Petroleum Gas-LPG)၊ ဓာတ်ဆီ၊ ဓာတ်ပြန်ဆီ၊ ဒီဇယ်ဆီ၊ လေယာဉ်ဆီ၊ ရေနံဆီ၊ မီးထိုးဆီ၊ စက်ဆီ၊ ချောဆီ၊ ဇီဝလောင်စာဆီနှင့် ရေနံဓာတုဗေဒပစ္စည်းများ ပါဝင်သည်။

(ဃ) **ဘေးအန္တရာယ်ရှိသောရေနံ** ဆိုသည်မှာ မီးလောင်မှတ် ၇၆ ဒီဂရီ ဖာရင်ဟိုက် သို့မဟုတ် ၂၄.၄၄ ဒီဂရီစင်တီဂရိတ် အောက်နိမ့်သော ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ဆိုသည်။

(င) **ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး၏မီးလောင်မှတ်** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းမှ အငွေ့ဖြစ်ပေါ်ပြီး မီးကူးစက် သည့်အခါ ရုတ်တရက် မီးလောင်ကျွမ်းမှုဖြစ်ပေါ်သော အပူချိန်နှင့် ဤဥပဒေအရသတ်မှတ်ထားသော အခြေအနေတစ်ခုတွင် တည်ရှိသည့် အနိမ့်ဆုံးအပူချိန်ကို ဆိုသည်။

(စ) **ချက်လုပ်ခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို နည်းစဉ် တစ်ရပ်ရပ်ဖြင့် ချက်လုပ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းကို ဆိုသည်။

(ဆ) **ပြည်တွင်းသို့တင်သွင်းခြင်း** ဆိုသည်မှာ သယ်ယူပို့ဆောင်နေစဉ် နိုင်ငံ တော်နယ်နိမိတ်အတွင်း ဖြတ်သန်းသယ်ယူခြင်းမှတစ်ပါး ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို မြန်မာနိုင်ငံအတွင်းသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ ပိုက်လိုင်း သို့မဟုတ် အခြား နည်းလမ်းတစ်ရပ်ရပ်ဖြင့် တင်သွင်းခြင်းကို ဆိုသည်။

(ဇ) **ပြည်ပသို့တင်ပို့ခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို ပြည်ပသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ ပိုက်လိုင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် တင်ပို့ခြင်းကို ဆိုသည်။

(ဈ) **ဖြန့်ဖြူးရောင်းချခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို အဖိုးစားနားဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် လဲလှယ်ခြင်းကိုဆိုသည်။

(ည) **လက်ဝယ်ထားခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ စီမံခန့်ခွဲမှုအောက် တွင် ထားရှိခြင်းကို ဆိုသည်။

(ဋ) **သယ်ယူပို့ဆောင်ခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို မြန်မာနိုင်ငံအတွင်း တစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းခြင်း ကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်းကြောင်း၊ ရေကြောင်း၊ လေ ကြောင်း၊ ပိုက်လိုင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မြန်မာနိုင်ငံအတွင်း တစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းခြင်း သို့မဟုတ် မြန်မာနိုင်ငံ၏ ပိုင်နက်နယ်နိမိတ်ကိုဖြတ်၍ ရွှေ့ပြောင်းခြင်း လည်း ပါဝင်သည်။

(ဌ) **ဖြတ်သန်းသယ်ယူခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို မြန်မာနိုင်ငံနယ်နိမိတ်ကိုဖြတ်၍ ကုန်းကြောင်း၊ ရေ ကြောင်း၊ လေကြောင်း၊ ပိုက်လိုင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ် ဖြင့် ဖြတ်သန်းသယ်ယူခြင်းကို ဆိုသည်။

(ဍ) **သိုလှောင်ခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက်နှင့်အညီ နေရာတစ်ခုခုတွင် ထားသိုခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော လမ်း ကြောင်းဖြင့် သယ်ယူနေစဉ်အတွင်း ခေတ္တထားသိုခြင်းမပါဝင်။

(ဎ) **ရေနံထွက်ပစ္စည်းထုတ်လုပ်ခြင်း**ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက် ပစ္စည်းတစ်မျိုးမျိုးအား နည်းစဉ်တစ်ရပ်ရပ်ဖြင့် ပြုပြင်ထုတ်လုပ်ခြင်း၊ ရောနှောထုတ်လုပ်ခြင်း သို့မဟုတ် ရောစပ်ပြုပြင်ခြင်းကို ဆိုသည်။

(ဏ) **စက်အားသုံးယာဉ်** ဆိုသည်မှာ လူကိုဖြစ်စေ တိရစ္ဆာန်ကိုဖြစ်စေ ကုန်စည် ကိုဖြစ်စေ ကုန်းကြောင်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းမှ သယ်ယူ ပို့ဆောင်ရာတွင် စက်အားရရှိရန် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို အသုံးပြုသည့် ယာဉ်၊ ရေယာဉ်၊ လေယာဉ် သို့မဟုတ် စက်ယန္တရားကိုဆိုသည်။

(တ) **လိုင်စင်**ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ထုတ်ကုန် ပစ္စည်းအဖြစ် ပြုပြင်ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လွှဲပြောင်း ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ လက်ဝယ်ထား ခြင်း၊ စမ်းသပ်ခြင်းစသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်း တစ်ခုခုကိုဆောင်ရွက်ရန် သက်ဆိုင်ရာဌာနက ခွင့်ပြုမိန့်ထုတ်ပေး သည့် လိုင်စင်တစ်မျိုးမျိုးကို ဆိုသည်။

(ထ) **ဂါလန်** ဆိုသည်မှာ ဗြိတိသျှဂါလန်ကို ဆိုသည်။

(ဒ) **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။

(ဓ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနမှတစ်ပါး ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(န) **ဝန်ကြီး**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ပ) **ကော်မတီ**ဆိုသည်မှာ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို ဆိုသည်။

### အခန်း (၂)
### ရေနံနှင့်ရေနံထွက်ပစ္စည်းကို ထိန်းသိမ်းကြီးကြပ်ခြင်း

၃။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍-

(က) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းပြုရာတွင် မည်သည့်နေရာမှ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းပြုရမည်ကို သတ်မှတ်ပြီး ယင်းနေရာများမှတစ်ပါး အခြားနေရာများမှ တင်သွင်း ခြင်း သို့မဟုတ် တင်ပို့ခြင်းကို တားမြစ်နိုင်သည်။

(ခ) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းနှင့် သက်ဆိုင်သော စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(ဂ) ပြည်တွင်းသို့တင်သွင်းရန် သို့မဟုတ် ပြည်ပသို့တင်ပို့ရန် လိုင်စင်များကို လျှောက်ထားရန် ကာလသတ်မှတ်နိုင်သည်။

(ဃ) သတ်မှတ်ကာလအတွင်း လိုင်စင်လျှောက်ထားခြင်းမရှိသော သို့မဟုတ် လိုင်စင်ထုတ်ပေးရန်ငြင်းပယ်ခြင်းခံရသော သို့မဟုတ် ပြည်ပသို့ တင်ပို့ ခြင်းမပြုသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သိမ်းဆည်း ခြင်း သို့မဟုတ် အခြားနည်းဆောင်ရွက်ခြင်း ပြုနိုင်သည်။

၄။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ -

(က) သယ်ယူပို့ဆောင်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်းတို့နှင့် သက်ဆိုင်သော စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ယူပို့ဆောင်မည့် ထုပ်ပိုးထည့်သွင်းသည့် ပစ္စည်းများနှင့် ပိုက်လိုင်းများအားလုံး၏ သဘာဝနှင့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(ဂ) သိုလှောင်မည့်နေရာနှင့် သိုလှောင်ရာတွင် လိုက်နာရမည့် စည်းကမ်း ချက်များကို သတ်မှတ်နိုင်သည်။

(ဃ) ထုပ်ပိုးထည့်သွင်းနိုင်သည့် ပစ္စည်းများ၏ သဘာဝ၊ အခြေအနေနှင့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(င) လက်ဝယ်ထားခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက် များကို သတ်မှတ်နိုင်သည်။

(စ) အရည်အသွေး၊ အခြင်အတွယ် မှန်ကန်မှုရှိစေရန်အတွက် စည်းကမ်း ချက်များကို သတ်မှတ်နိုင်သည်။

၅။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည်-

(က) ထုတ်လုပ်သည့် သို့မဟုတ် တင်သွင်းသည့် ရေနံနှင့်ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးတွင် တည်ဆဲဥပဒေများအရ တားမြစ်ကန့်သတ်ချက်တွင် မပါဝင်သည့် အဆိပ်အတောက်ရှိသော ဓာတုပစ္စည်း၏ ပါဝင်ရမည့် အချိုးအစားနှင့် ပမာဏကို သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်သည့် အချိုးအစား၊ ပမာဏထက်ကျော်လွန် သည့် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ပြည်တွင်းသို့ တင်သွင်း ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ချက်လုပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း၊ စမ်းသပ်စစ်ဆေး ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းကို တားမြစ်နိုင်သည်။

၆။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည်-

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းလက်ခံခြင်း၊ သိုလှောင်ခြင်း၊ စစ်ဆေးခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းအပေါ် သင့်လျော်သော ထိန်းကွပ်ကြီးကြပ်မှုပြုလုပ်ရန် လိုအပ်သည်ဟု ယူဆ သည့် အခြားကိစ္စတစ်ရပ်ရပ်အတွက် စည်းကမ်းချက်များ သတ်မှတ် ပြဋ္ဌာန်းနိုင်သည်။

(ခ) သတ်မှတ်အရည်အသွေးနှင့် မကိုက်ညီသော ရေနံနှင့်ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် အသုံးပြုခြင်း၊ ပြန်လည် ချက်လုပ်ခြင်း သို့မဟုတ် သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် ဖျက် ဆီးခြင်းများအတွက် စည်းကမ်းချက်များ သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

၇။ (က) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည်-

(၁) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ချက်လုပ်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ရောနှောပြုပြင်ခြင်းပြုရာတွင် လိုက်နာ ရမည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(၂) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ချက်လုပ်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ရောနှောပြုပြင်ခြင်းပြုသည့် နေရာများ မှ ရွှေ့ပြောင်းသယ်ယူခြင်းစသည်တို့ကို ကြီးကြပ်ခြင်း၊ စမ်းသပ် စစ်ဆေးမှုများအရ သတ်မှတ်အရည်အသွေးနှင့် မကိုက်ညီသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ယင်းနေရာတွင် သိုလှောင်ခြင်းနှင့် ယင်းနေရာမှရွှေ့ပြောင်းခြင်းကို တားမြစ် နိုင်သည်။

(ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ(က)(၁)ပါ စည်းကမ်းချက်များနှင့် ပုဒ်မခွဲ(က)(၂)အရ ထုတ်ပြန်သော တားမြစ်ချက်များသည် ၁၉၁၈ ခုနှစ်၊ မြန်မာနိုင်ငံ ရေနံမြေများအက်ဥပဒေအရ ဆောင်ရွက်သည့် ကိစ္စရပ်များနှင့် မသက်ဆိုင်စေရ။

၈။ ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးပါရှိသည့် ထုပ်ပိုး ထည့်သွင်းပစ္စည်းအားလုံးတွင် တံဆိပ်နှိပ်ခြင်း၊ ဖောင်းကြွပုံဖော်ခြင်း၊ ဆေးဖြင့် ရေးသားခြင်း၊ ပုံနှိပ်ခြင်းတို့ဖြင့်ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အန္တရာယ် သတိပေးချက်ကို ဖော်ပြရမည်။ ထိုသို့ ဖော်ပြရန်မဖြစ်နိုင်ပါက ထုပ်ပိုးထည့်သွင်း ပစ္စည်းအနီး၌ "ဓာတ်ဆီ" သို့မဟုတ် "အရက်ပြန်" သို့မဟုတ် ရေနံ၏ ဘေးအန္တရာယ် ရှိသည့် သဘာဝကို သတိပေးသည့် အလားတူ သတိပေးချက်ကို ထင်သာမြင်သာ ရှိသောစာလုံးများဖြင့်ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်။

၉။ ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်သည် အောက်ပါထုပ်ပိုးထည့်သွင်းပစ္စည်း တစ်ခုခုနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(က) ရောင်းချရန်မဟုတ်သော နှစ်ဂါလန်ပမာဏအောက်လျော့နည်းသည့် ဘေးအန္တရာယ်ရှိသော ရေနံကို အဖုံးလုံခြုံစွာဖြင့် ထည့်သွင်းထားသည့် ဖန်ထည်၊ ကျောက်ထည် သို့မဟုတ် သတ္တုထည်တစ်ခုခု၊

(ခ) စက်၏စက်အားကို လည်ပတ်စေရန်သုံးသည့် ရေနံနှင့်ရေနံထွက် ပစ္စည်းတစ်မျိုးမျိုးပါဝင်ပြီး စက်အားသုံးယာဉ်တွင်တွဲလျက် ပါဝင်သော သို့မဟုတ် အတွင်းပေါက်ကွဲအင်ဂျင်စက်နှင့် တွဲထားသော တိုင်ကီ၊

(ဂ) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး သယ်ယူပို့ဆောင်သည့် ပိုက်လိုင်း၊

(ဃ) မြေအောက်တွင် လုံးဝမြှုပ်ထားသော တိုင်ကီ၊

(င) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤပုဒ်မနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားသော ထုပ်ပိုး ထည့်သွင်းပစ္စည်း အတန်းအစားတစ်ခုခု။

၁၀။ ဤအခန်းပါ ဖော်ပြချက်များသည် ဘေးအန္တရာယ်မရှိသော ရေနံများအနက်မှ မီးလောင်မှတ် ၂၀၀ ဒီဂရီဖာရင်ဟိုက်နှင့် အထက်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်ခုခုနှင့် မသက်ဆိုင်စေရ။

၁၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ဤအခန်းပါ ပြဋ္ဌာန်းချက်တစ်ခုခုမှ ခြွင်းချက်ပေးနိုင်သည်။

၁၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည်-

(က) ဤအခန်းပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေ များ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းရှိမရှိ သိရှိနိုင် ရေးအတွက် ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ စစ်ဆေးခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောစပ်ခြင်း ပြုသည့် နေရာတစ်ခုခုကိုဖြစ်စေ၊ သယ်ယူပို့ဆောင်နေဆဲ အချိန်တွင် ဖြစ်စေ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍အသုံးပြု သော ထုပ်ပိုးထည့်သွင်းပစ္စည်း၊ စက်ရုံ၊ အလုပ်ရုံနှင့် ကိရိယာများ အားလုံးကိုဖြစ်စေ ဝင်ရောက်စစ်ဆေးရန် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေကြမ်း

အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်

## မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေကြမ်း

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်၊ ။ )**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**( ၂၀၁၆ ခုနှစ်၊ လ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါ သင်္ဘောများနှင့် သက်ဆိုင်စေရမည် -

(က) မြန်မာ့ရေပြင်နှင့် မြန်မာ့ဆိပ်ကမ်းတစ်ခုခုတွင် ရှိနေသည့် မြန်မာသင်္ဘောများ၊

(ခ) နိုင်ငံခြားရေပြင်နှင့် အပြည်ပြည်ဆိုင်ရာရေပြင်တို့တွင် လည်းကောင်း၊ ပြည်ပဆိပ်ကမ်းတစ်ခုခုတွင်လည်းကောင်း ရောက်ရှိနေသည့် မြန်မာသင်္ဘောများ၊

(ဂ) မြန်မာ့ရေပြင်နှင့် မြန်မာ့ဆိပ်ကမ်းတစ်ခုခုတွင် ရောက်ရှိနေသည့် နိုင်ငံခြားသင်္ဘောများ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **သင်္ဘော** ဆိုသည်မှာ စက် သို့မဟုတ် စွမ်းအာ တစ်မျိုးမျိုးကို အသုံးပြု၍ ဖြစ်စေ၊ အသုံး မပြုဘဲဖြစ်စေ ရေကြောင်းတွင် အသုံးပြုသည့် ရေယာဉ် တစ်မျိုးမျိုးကို ဆိုသည်။ ယင်း စကားရပ်တွင် အောက်ပါရေယာဉ် တစ်မျိုးမျိုးလည်း ပါဝင်သည် -

(၁) သောင်တူးသင်္ဘော၊ ရွေ့လျားဝန်ချီသင်္ဘော(floating crane)၊

(၂) ရေကြောင်းတွင်သာ အဓိကအသုံးပြုသော ရေပြင်ပေါ်ရုပ်ပြေး လေယာဉ် (air -cushion) သို့မဟုတ် အခြား အလားတူ ရေယာဉ်၊

(၃) ကမ်းလွန်ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ပင်လယ်ရေအောက် သယံဇာတများ သုတေသနပြုလုပ်ခြင်း၊ တိုင်းတာခြင်း၊ ရှာဖွေခြင်း၊ တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းသုံး ရေယာဉ် တစ်မျိုးမျိုး၊

(၄) ရေပေါ် လွန်းကျင်း (floating dock)၊ ရေပေါ်ဟိုတယ် (floating hotel)၊ ပင်လယ်ရေအောက် ကြေးနန်းကြိုး အတင်အချရေယာဉ် (cable laying vessel) နှင့် အခြား အလားတူပစ္စည်းကိရိယာဆိုင်ရာ ရေယာဉ်များ၊

(၅) ရွေ့လျားကမ်းလွန်လုပ်ငန်းယူနစ်များ (Off- Shore Industry Mobile Units)၊ လုပ်ငန်းသုံး ပင်လယ်ပြင်စင်မြင့် (Platform)၊

(၆) အပျော်စီးရေယာဉ်၊ ရေငုပ်သင်္ဘော၊ ငါးဖမ်းသင်္ဘောနှင့် ရွက်သင်္ဘော၊

(၇) ခရီးသည်တင်သင်္ဘောနှင့် ကုန်တင်သင်္ဘောတစ်မျိုးမျိုး၊

(၈) အစိုးရသင်္ဘော၊ စစ်သင်္ဘော၊

(၉) ပင်လယ်ရေအောက်ကျောက်တုံးများ ဖယ်ရှားရေးသင်္ဘော (boulder - removal vessel)၊

(၁၀) ဆယ်တင်ရေးသင်္ဘော၊ တွန်းသော၊ တွဲသော သို့မဟုတ် ဆွဲသော သင်္ဘောတစ်မျိုးမျိုး၊

(၁၁) သင်္ဘောဖြင့် တွန်းသော၊ တွဲသော သို့မဟုတ် ဆွဲသော စက်မဲ့ ကုန်တွဲနှင့် ရေနံတွဲရေယာဉ်တစ်မျိုးမျိုး၊

(၁၂) တည်ဆောက်ဆဲသင်္ဘော။

(ဂ) **မြန်မာသင်္ဘော** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ရန် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသည့်အပြင် ဤဥပဒေအရ မှတ်ပုံမတင်မနေရတင်ရန် တာဝန်အရ မှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံတင်ရန် တာဝန်ရှိသော သင်္ဘောကိုလည်းကောင်း၊ မိမိတို့၏ ဆန္ဒအလျောက် မှတ်ပုံတင်ထားသော မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားတို့ အကျိုးတူ ဖက်စပ်ကုမ္ပဏီပိုင်သင်္ဘော သို့မဟုတ် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းပိုင် သင်္ဘောကိုလည်းကောင်း ဆိုသည်။

(ဃ) **နိုင်ငံခြားသင်္ဘော** ဆိုသည်မှာ ပြည်ပနိုင်ငံတွင် မှတ်ပုံတင်ထားသော သင်္ဘောကို ဆိုသည်။

(င) **သင်္ဘောငယ်** ဆိုသည်မှာ မှတ်ပုံတင်အလျား ၂၄ မီတာအောက် ငယ်သော ရေယာဉ်နှင့် ဝန်ကြီးဌာနက သင်္ဘောငယ်ဟု သတ်မှတ်သော အခြားရေယာဉ်ကို ဆိုသည်။

(စ) **သင်္ဘောပိုင်ရှင်** ဆိုသည်မှာ ရေကြောင်းတွင် စီးပွားရေးအလို့ငှာ အသုံးပြုသောသင်္ဘောကို ပိုင်ဆိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် သင်္ဘောပိုင်ရှင်ထံမှ တာဝန်ယူထားပြီးသူ ဖြစ်သည့်အပြင် သင်္ဘောပိုင်ရှင်အပေါ်တင်ရှိမည့် တာဝန်နှင့် ဝတ္တရားများကို လွှဲပြောင်းခံယူပါမည်ဟု သဘောတူထားပြီးဖြစ်သော ထိုသင်္ဘောပိုင်ရှင်က တာဝန်ပေးအပ်ထားသည့် အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ ပါဝင်သည် -

(၁) သင်္ဘောကို စီမံခန့်ခွဲအုပ်ချုပ်သူနှင့် ယင်း၏ကိုယ်စားလှယ်၊

(၂) သင်္ဘောစင်းလုံး ငှားရမ်းလုပ်ကိုင်သည့် သို့မဟုတ် အကျိုးတူ ဖက်စပ်လုပ်ငန်း လုပ်ကိုင်သည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ။

(ဆ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ပြီး ဤဥပဒေအရ ဦးစီးဌာနကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဇ) **ယာယီမှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်းမပြုမီ လိုအပ်ချက်များ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဦးစီးဌာနက ယာယီအားဖြင့် ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဈ) **လုံးပေါင်းတန်ချိန် (Gross Tonnage)** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ရန် မြန်မာကုန်သည်သင်္ဘောဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းတာ၍ တွက်ချက်ထားသော သင်္ဘောအရွယ်အစားကို ဖော်ညွှန်းသည့်ယူနစ်ကို ဆိုသည်။

(ည) **မှတ်ပုံတင်အလျား** ဆိုသည်မှာ သင်္ဘော၏ရေမှ ပင်မကုန်းပတ်အထိ တိုင်းတာရရှိသော အနည်းဆုံးစောက်၏ ၈၅ ရာခိုင်နှုန်း အမြင့်တွင်ရှိပြီး သင်္ဘော၏ရေမျဉ်းနှင့် အပြိုင်ဖြစ်သော ရေစပ်မျဉ်းတစ်လျှောက် စုစုပေါင်းအလျား၏ ၉၆ ရာခိုင်နှုန်းဖြစ်သည့် အလျားနှင့် ဖော်ပြပါ ရေစပ်မျဉ်းတစ်လျှောက် သင်္ဘော၏ဦးပိုင်းနှာဖျားမှ တက်မတိုင်လုံးပတ်အလယ်ထိ တိုင်းတာရရှိသော အလျားနှစ်ခုတို့အနက်မှ များသော အလျားကို ဆိုသည်။

(ဋ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မြန်မာသင်္ဘောများကို မှတ်ပုံတင်ရန် အလို့ငှာ ဤဥပဒေအရ ခန့်ထားသော အရာရှိကို ဆိုသည်။

(ဌ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနကို ဆိုသည်။

(ဍ) **ဦးစီးဌာန** ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဎ) **အဖွဲ့အစည်း**ဆိုရာတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီ၊ အစုစပ်လုပ်ငန်း၊ အသင်း၊ ဘုတ်အဖွဲ့နှင့် ကော်ပိုရေးရှင်းတို့ ပါဝင်သည်။

(ဏ) **တိုင်းတာစစ်ဆေးရေးမှူး** ဆိုသည်မှာ သင်္ဘောများကို မှတ်ပုံတင်ရေး အတွက် လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(တ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ ရေယာဉ်ခုတ်မောင်းသွားလာခွင့် လက်မှတ်ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ထားသူကို ဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်က လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ရေကြောင်း ဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က အတည်ပြု ပြဋ္ဌာန်းသတ်မှတ်ထားသော ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ သင်္ဘောများကို စနစ်တကျ မှတ်ပုံတင်နိုင်ရန်၊

(ခ) မြန်မာနိုင်ငံသားပိုင် သင်္ဘောများသာမက မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားများဖြင့် ဖွဲ့စည်းထားသည့် အကျိုးတူ ဖက်စပ်ကုမ္ပဏီက ပိုင်ဆိုင်သော သင်္ဘောများနှင့် နိုင်ငံခြားသားပိုင် သင်္ဘောများကိုပါ နိုင်ငံတော်အလံ လွှင့်ထူခွင့်ပြုသည့် သင်္ဘောအဖြစ် မှတ်ပုံတင်ပေးနိုင်ရန်၊

(ဂ) မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ခများ တိုးမြှင့်ရရှိရန်နှင့် မြန်မာ ပင်လယ်ကူးသင်္ဘောသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန်၊

(ဃ) အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးအတွက် ပင်လယ် ရေကြောင်း သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မြန်မာသင်္ဘောများ ပိုမိုပါဝင်၍ သယ်ယူပို့ဆောင်ပေးခြင်းဖြင့် မြန်မာပို့ကုန်သွင်းကုန်များ ပို၍ လျင်မြန်ချောမွေ့လာစေရန်၊

(င) မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ထားသော သင်္ဘောများကို ဤဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာမှုဆိုင်ရာ ဥပဒေများနှင့်အညီ ခုတ်မောင်းသွားလာမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုနိုင်ရန်။

### အခန်း (၃)
### မှတ်ပုံတင်အရာရှိ ခန့်အပ်တာဝန်ပေးခြင်းနှင့် မှတ်ပုံတင်ဆိပ်ကမ်း

၅။ ဦးစီးဌာနသည် ဤဥပဒေအရ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဦးစီးဌာနမှ ကျွမ်းကျင်သည့် အရာရှိတစ်ဦးဦးကို လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးဌာနမှ အရာရှိများကို လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနနှင့် ညှိနှိုင်းပြီး လွှဲအပ်တာဝန်ပေးထားသည့် အရာရှိများကို လည်းကောင်း ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးနိုင်သည်။

၆။ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်သည့် ပင်မဆိပ်ကမ်းသည် ရန်ကုန်ဆိပ်ကမ်း ဖြစ်သည်။ ထို့ပြင် မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်သည့် အခြားဆိပ်ကမ်းများကို လည်း ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

### အခန်း (၄)
### မှတ်ပုံတင်ရန် တာဝန်ရှိသည့် သင်္ဘောများ

၇။ ပြည်တွင်းရေကြောင်းတွင် ဖြစ်စေ၊ မြန်မာ့ကမ်းရိုးတန်းတွင် ဖြစ်စေ၊ မြန်မာ့ရေပြင်တွင်ဖြစ်စေ အသုံးပြုသည့် အောက်ဖော်ပြပါ သင်္ဘောတစ်စီးစီးသည် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံလျှင် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ရမည် -

(က) ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ၊ တစ်မျိုးမျိုးကိုဖြစ်စေ သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သည့် -

(၁) လုံးပေါင်းတန်ချိန် ငါးတန် သို့မဟုတ် မှတ်ပုံတင်အလျား ခုနစ်မီတာထက် ပိုသည့် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘော၊

(၂) လုံးပေါင်းတန်ချိန် သုံးတန် သို့မဟုတ် မှတ်ပုံတင်အလျား သုံးမီတာထက်ပိုသည့် ပြည်တွင်းရေကြောင်းသွားသင်္ဘော။

(ခ) နိုင်ငံတော်၌ အမြဲတမ်းနေထိုင်သော ပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ တည်ထောင်ထားသော ကုမ္ပဏီပိုင်သင်္ဘောငယ်၊

(ဂ) အစိုးရသင်္ဘောနှင့် ကင်းလှတ်ခွင့်ပြုမထားသည့် စစ်သင်္ဘောများ၊

(ဃ) ငါးဖမ်းသင်္ဘောနှင့် အပျော်စီးသင်္ဘော၊

(င) ဤပုဒ်မအရ မှတ်ပုံတင်ရန် လိုအပ်သည်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော အခြားသင်္ဘော အမျိုးအစား တစ်မျိုးမျိုး။

၈။ နိုင်ငံခြားတိုင်းပြည် တစ်ခုခုတွင် မှတ်ပုံတင်ထားခြင်းမရှိသည့် အောက်ဖော်ပြပါ သင်္ဘောသည် မြန်မာ့ဆိပ်ကမ်းတစ်ခုခုကို အခြေပြု၍ နိုင်ငံခြားရေပြင်နှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းတို့တွင် အသုံးပြုရန်အလို့ငှာ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံလျှင် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ရမည် -

(က) လုံးပေါင်းတန်ချိန် နှစ်ရာ နှင့် မှတ်ပုံတင်အလျား နှစ်ဆယ့်လေးမီတာ ထက်ပိုသည့် ပင်လယ် ရေကြောင်းသွားသင်္ဘော၊

(ခ) ဤပုဒ်မအရ မှတ်ပုံတင်ရန် လိုအပ်သည်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော အခြားသင်္ဘော အမျိုးအစား တစ်မျိုးမျိုး။

### အခန်း (၅)
### သင်္ဘောကို မှတ်ပုံတင်ရန် လိုအပ်သည့် အရည်အချင်းများ

၉။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့အရ မှတ်ပုံတင်ရန် တာဝန်ရှိသော မြန်မာနိုင်ငံသားပိုင် သင်္ဘောကို မှတ်ပုံတင်နိုင်ရန် အောက်ဖော်ပြပါ အရည်အချင်းများ၊ လိုအပ်ချက်များနှင့် ကိုက်ညီရမည် -

(က) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီပိုင် သို့မဟုတ် မြန်မာနိုင်ငံသားပိုင် သင်္ဘောဖြစ်ခြင်း၊

(ခ) ဦးစီးဌာနက တာဝန်ပေးသည့် တိုင်းတာစစ်ဆေးရေးမှူး၏ စစ်ဆေးချက်လက်မှတ် သို့မဟုတ် ဦးစီးဌာနက လက်ခံအသိအမှတ်ပြုသော နိုင်ငံခြားတိုင်းပြည်မှ တိုင်းတာစစ်ဆေးရေးမှူး၏ စစ်ဆေးချက်လက်မှတ် (Certificate of Survey ) အရ -

(၁) ပြည်တွင်းရေကြောင်းတွင်ဖြစ်စေ၊ မြန်မာ့ကမ်းရိုးတန်းနှင့် မြန်မာ့ရေပြင်တွင် ဖြစ်စေ၊ နိုင်ငံခြားရေပြင်နှင့် အပြည်ပြည်ဆိုင်ရာရေပြင်တို့တွင် ဖြစ်စေ အန္တရာယ်ကင်းရှင်းပြီး ကြံ့ခိုင်၍ လုံခြုံစိတ်ချစွာ မောင်းနှင်နိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကာကွယ်ရေး အစီအစဉ်များကို လိုက်နာဆောင်ရွက်ထားသော သင်္ဘောဖြစ်ခြင်း၊

(၂) လုံးပေါင်းတန်ချိန် နှစ်ရာအောက်ရှိ သင်္ဘောများမှတစ်ပါး ပင်လယ်ရေကြောင်းသွား သင်္ဘောပေါ်တွင် သင်္ဘောသားများ၏ လုံခြုံမှုကို စီမံထားရှိရမည်။ ထို့ပြင် သင်္ဘောသားများ၏ ကျန်းမာရေး၊ နေထိုင်ရေး၊ ထောက်ပံ့ရေးပစ္စည်းများနှင့် သက်သာချောင်ချိမှုများကို လုံလောက်စွာ စီမံထားရှိပြီး ဖြစ်ခြင်း၊

(၃) ကမ်းရိုးတန်းသွား သင်္ဘော၊ ပင်လယ်ရေကြောင်းသွား သင်္ဘောနှင့် မြန်မာ့ရေပြင်တွင် အသုံးပြုသော သင်္ဘောတို့ကို မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ခြင်း မပြုမီ သတ်မှတ်ထားသော ထင်ရှားမြင်သာသည့် နေရာတွင် သင်္ဘော၏ အမည်၊ လုံးပေါင်းတန်ချိန် နှင့် ရေစူးပေ သို့မဟုတ် မီတာ အမှတ်အသားများကို သတ်မှတ်ချက်များနှင့် အညီ ပြုလုပ်ထားပြီးဖြစ်ခြင်း၊

(၄) ပင်လယ်ရေကြောင်းသွား သင်္ဘောများအတွက် အပြည်ပြည်ဆိုင်ရာ တန်ချိန်အတိုင်းအတာဆိုင်ရာ ကွန်ဗင်းရှင်း (International Tonnage Conveniton, 1969) နှင့်အညီ စစ်ဆေး၍ ကျေနပ်ဖွယ်ရာ တွေ့ရှိပြီးဖြစ်ခြင်း၊

(ဂ) နိုင်ငံခြားမှ တင်သွင်းသည့် သင်္ဘောဖြစ်ပါက နိုင်ငံခြားသင်္ဘောအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားပြီးဖြစ်ခြင်း၊

(ဃ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အခြား အရည်အချင်းများနှင့် ပြည့်စုံသည့် သင်္ဘောဖြစ်ခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# ကျေးဇူးတင်လွှာ




TD သိဒ္ဓိဝင် စိန်ရွှေရတနာဆိုင် (၂) ဖွင့်ပွဲအခမ်းအနားသို့

ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော အကယ်ဒမီနေတိုး၊ မိုးယုစံ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ နှင့် ဝယ်ယူအားပေးကြသော ရွှေချစ်သူများ အားလုံးတို့ကို ကျေးဇူး ဥပကာယ အထူးတင်ရှိပါသည်။

သိဒ္ဓိဝင် မိသားစု


## အမည်မှန်

ဦးဖိလစ်၏သမီး လားရှိုးမြို့၊ အလက(၉)၊အဌမတန်းမှ မနိုးရာ၏အမည်မှန်မှာ မနူးလာ ၁၃/မတန(နိုင်)၀၂၉၁၃၃ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃ဖယ/၉၁၃၉၄ ယာဉ်လက်ဝယ်ရှိသူ ဦးချင်းကြည် ၂/လကန(နိုင်)၀၀၃၁၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## မိဘအမည်မှန်

ကြည့်မြင်တိုင်မြို့နယ်၊ လခွဲမ ၁၅၊ ပဥ္စမတန်း(A)မှ မမေပြည့်ပြည့်ကျော်၏ မိဘအမည်မှန်မှာ ဦးမြင့်မင်းသူ ၁၂/ဒဂဆ(နိုင်)၀၀၈၉၉၃နှင့် ဒေါ်သန်းသန်းအေး ၁၂/ကမတ(နိုင်)၀၇၇၃၇၂ ဖြစ်ပါသည်။

## အမည်မှန်

ဦးအောင်ကျော်စိုး၏သား လားရှိုးမြို့၊ အထက(၃)မှ စတုတ္ထတန်း အောင်မြင်ခဲ့သော မောင်သန့်စင်၏ အမည်မှန်မှာ မွေးစာရင်းအရ မောင်မင်းသုဝေ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အလက(၄)၊ ပဥ္စမတန်းမှ မောင်ဉာဏ်ဝင်းထွန်း၏ ဖခင်အမည်မှာ ဦးသန်းနိုင် ၉/ပဘန(နိုင်)၁၂၈၅၆၅ ဖြစ်ပါကြောင်း။ **ဦးသန်းနိုင်**

## ပျောက်ဆုံးကြောင်း

မသန်းသန်းနွယ် ၁၃/မပတ(နိုင်)၀၂၃၅၉၀ (ဘ) ဦးလှမြင့်၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၉၆၅၇၄၆**

## အမည်မှန်

ဦးစောဝင်းထွန်းအေး-ဒေါ်သီတာအေး တို့၏သမီး ကျောက်မဲမြို့၊ အထက(၂)၊ ဒုတိယတန်းမှ နန်းဆုလွှင်၏ အမည်မှန်မှာ နော်သက်ဆုစန္ဒီ ဖြစ်ပါကြောင်း။ **နော်သက်ဆုစန္ဒီ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် DD/8732 Shwe Mekhong ယာဉ်လက်ဝယ်ရှိသူ Trading Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (တောင်ကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၂၅၈၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/6690 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ထိန်လင်း(ခ)အဘုတ်နှင့် အများသိစေရန်ကြေညာခြင်း

ကိုထိန်လင်း ၁၃/ကတန(နိုင်)၁၂၃၇၉၅နှင့် ကျွန်မ မငြိမ်းငြိမ်းဌေး ၁၃/တကန(နိုင်)၁၆၉၇၁၁တို့သည် ၂၂-၁-၂၀၁၆ရက်တွင် ကျိုင်းတုံမြို့၊ ခရိုင်တရားရုံး၌ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နောင်တွင် ကိုထိန်လင်းနှင့်ပတ်သက်၍ မည်သည့်အကြောင်းကိစ္စမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ကျွန်မအား လာရောက်နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် ပြောဆိုခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **မငြိမ်းငြိမ်းဌေး၊ ကျိုင်းတုံမြို့**

## ဖခင်အမည်မှန်

ကျောက်မဲမြို့နယ်၊ အထက(ခွဲ)၊ တော့ဆန်မှ ဆဋ္ဌမတန်းအောင် စိုင်းအောင်နိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမောင်ဝင်း ၁၃/ကမန(နိုင်)၀၂၂၀၁၇ ဖြစ်ပါကြောင်း။ **ဦးစိုင်းမောင်ဝင်း ၁၃/ကမန(နိုင်)၀၂၂၀၁၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/2343 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (တောင်ကြီး)**

## ပျောက်ဆုံးကြောင်း

Three Princess Co.,Ltd အမည်ဖြင့် 'ID No.138105, 1.8.14 ကညနသို့ ပေးပို့ရမည့် ချိပ်ပိတ်စာအိတ် ပျောက်ဆုံးသွားပါသဖြင့် ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ်ပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဟ/၄၃၅၈ Shine Ray T/W ယာဉ်လက်ဝယ်ရှိသူ ဦးနိုင် ၅/ဝသန(နိုင်)၁၈၁၁၇၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဂ/၇၈၀၄၊ Toyota Corona AT 190, S/L (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာထ ၁/မကန(နိုင်)၀၂၀၅၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၉၉၀၅၉ Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုဦး ၉/ပကခ(နိုင်)၀၁၃၄၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက(၂)၊ ဆဋ္ဌမတန်းမှ နန်းဆီဝမ်းလီ၏ ဖခင်အမည်မှန်မှာ ဦးမောင်လင်း(ခ)ဦးအိုက်လင်း ၁၃/ကမန(နိုင်)၁၅၀၈၂၅ ဖြစ်ပါကြောင်း။ **ဦးမောင်လင်း(ခ)ဦးအိုက်လင်း ၁၃/ကမန(နိုင်)၁၅၀၈၂၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂-က၊ မြေကွက်အမှတ် ၁၀၉နှင့်၁၁၀၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၁၅-၇-၂၀၀၂ရက်စွဲပါ ၂၀၀၂ခုနှစ်(မြေငှား)၊ အမှုတွဲအမှတ် ရပသ(ဇီးကုန်း) ၁၀၃/၂၀၀၂ နှင့် ၁၀၄/၂၀၀၂ အရ ဒေါ်ခင်ခင်ကြီးအမည်ပေါက် ဧရိယာအလျားပေ ၄၀×အနံပေ၆၀အကျယ်အဝန်းရှိ နှစ်၆၀ဂရန်မြေကွက်နှစ်ကွက်ကို တရားဝင်လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ခင်ကြီး ၁၂/စခန(နိုင်)၀၃၆၇၃၆ ထံမှ ကျွန်တော်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ၂၄-၅-၂၀၁၆ ရက်စွဲပါ မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်ကိုချုပ်ဆို၍ ရောင်းဖိုးငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော်(တရားလွှတ်တော်ရှေ့နေ ဦးအေးနိုင်)ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးအပြတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထက်ထက်ခိုင် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၅၈၁၇)**
**Pioneer Law Firm**
**တိုက် ၁၅၁(ဒုထပ်)၊ ၃၈လမ်း(လယ်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ညွှန်ကြားချက်အရ-**
**ဦးအေးနိုင်**
**LL.B.,D.B.L,D.M.L., Advocate**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၅၀၈၇ /၈၉)**
**ဖုန်း-၀၉-၇၃၀၃၂၃၄၃၊**
**၀၉-၄၂၁၀၀၃၈၈၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၅၂၈၉၇၊ ယာဉ်လက်ဝယ်ရှိသူ ဦးစန်းဌေး ၉/ညဥန(နိုင်)၀၉၇၆၀၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

## ဖခင်အမည်မှန်

စစ်ကိုင်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ရွှေမင်းဝံသတ္တမတန်း(A)မှ မောင်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်နိုင်တိုး ၅/စကန(နိုင်)၁၈၀၆၀၆ ဖြစ်ပါကြောင်း။ **ဦးနိုင်နိုင်တိုး**

## အမည်ပြောင်း

မကွေးမြို့၊ အမက(၉) မြင်းကင်းကျောင်း ဒုတိယတန်းမှ (ဘ)ဦးထွန်းထွန်းဝင်း ၈/မကန(နိုင်)၁၂၀၇၉၁၏သမီး မသဒ္ဒါဖြူအား မသွန်းရတီထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မသွန်းရတီထက်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၄၁၅၃၈ Kaiser 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်းအောင် ၈/တတက(နိုင်)၁၈၆၆၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၁၇၁၉၃၊ Honda C90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဝင်း ၉/မလန(နိုင်)၀၈၂၃၇၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၅၀၆၄၆၊ Yamaha F2150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကြီး ၉/သပက(နိုင်)၀၀၃၀၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၄၅၁၃၃ SYM Bonus 110 M/C ယာဉ်အမည်ပေါက်သူ ဦးဝင်းအောင်မြင့် ၉/မနမ(နိုင်)၀၀၀၁၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၃၃၃၃၂ မော်တော်ဆိုင်ကယ်ယာဉ် အမည်ပေါက်သူ ဦးစိုးလွင် ၉/ဝတန(နိုင်)၀၂၈၃၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

# ပြည်သူလူထုပိုင်တဲ့ ကျောက်မျက်ရတနာတွေကနေ ရရှိတဲ့အကျိုးအမြတ်တွေ ပြည်သူလူထုဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့ သုံးစွဲခဲ့ခြင်းသာဖြစ်ပါတယ်

**ပြည်ထောင်စုဝန်ကြီးဟောင်း ဒေါက်တာမြင့်အောင်**

**နေပြည်တော် ဇွန် ၂**

“မီဒီယာတွေမှာ ရေးသားထားသလို အဂတိလိုက်စားမှုတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့မှာ လုံးဝမရှိပါဘူး။ လုပ်ထုံးလုပ်နည်းတွေအရ တစ်ဦးတစ်ယောက်တည်း ဆုံးဖြတ်ချက်ချရတာမျိုးမဟုတ်ဘဲ ဗဟိုကော်မတီနဲ့ ဆုံးဖြတ်ရတဲ့ ကိစ္စတွေဖြစ်ပါတယ်။ ပြည်သူလူထုပိုင်တဲ့ ကျောက်မျက်ရတနာတွေကနေ ရရှိတဲ့အကျိုးအမြတ်တွေကို ပြည်သူလူထုဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့ သုံးစွဲခဲ့ခြင်းသာဖြစ်ပါတယ်”ဟု သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဒေါက်တာမြင့်အောင်က ယနေ့ နံနက်ပိုင်းက ပြုလုပ်သည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ ရန်ပုံငွေသုံးစွဲခြင်းနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



## ပြည်ပနိုင်ငံမှပဲများ ဈေးကွက်သို့ တရားဝင် စတင်တင်သွင်းလာ

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး ဇွန် ၂**

မြန်မာနိုင်ငံပဲဈေးကွက်သို့ ပြည်ပနိုင်ငံများမှ ပဲများတရားဝင် စတင်တင်သွင်းမှုများရှိလာကြောင်း မန္တလေးမြို့ပဲဈေးကွက်မှသိရသည်။

လက်ရှိတွင် ကနေဒါနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ စားတော်ပဲများနှင့် ကုလားပဲခြမ်းများ စတင်တင်သွင်းမှုများရှိလာကြောင်း မန္တလေးမြို့ပွဲရုံပိုင်ရှင်ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

“လောလောဆယ်တော့ ကနေဒါက စားတော်ပဲနှင့် အိန္ဒိယက ကုလားပဲခြမ်းတွေ မန္တလေးဈေးကွက်ကို ဝင်ရောက်လာပြီး အရောင်းအဝယ် ဖြစ်နေပါတယ်၊ မြန်မာ့ပဲတွေ ဈေးမြင့်နေသမျှ နိုင်ငံတကာက ဝင်ရောက်လာနိုင်တာ ဈေးကွက်စီးပွားရေးရဲ့ သဘာဝပါ၊ တကယ်တော့ အရည်အသွေးပိုင်းနှင့် အရသာမှာတော့ မြန်မာကိုဘယ်မီမလဲ၊ ဒါကြောင့် ဈေးနှုန်းလည်း သူတို့ထက်ပိုမြင့်တာပါဟု” ၎င်းကပြောသည်။

ယခုအခါတွင် ကနေဒါမှတင်သွင်းလာသောစားတော်ပဲများမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀ နှုန်း၊ အိန္ဒိယမှတင်သွင်းလာသော ကုလားပဲခြမ်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀ နှုန်းဖြင့် မန္တလေးဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ခါတစ်ရံ ဂျုံမှုန့်များလည်း ဈေးကွက်အပေါ်မူတည်၍ ဝင်ရောက်လျက်ရှိကြောင်း သိရှိရသည်။

## အာရှ ယူ-၁၄ (အာဆီယံဇုန်) အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း ဆီမီးဖိုင်နယ်တက်ရောက်

**ဖိုးသော်ဇင်**

**ရန်ကုန် ဇွန် ၂**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် အာရှ ယူ-၁၄ (အာဆီယံဇုန်) အမျိုးသမီးဘောလုံးပြိုင်ပွဲကို လာအိုနိုင်ငံ၌ ကျင်းပလျက်ရှိရာ အုပ်စုပွဲစဉ်များအပြီးတွင် မြန်မာအမျိုးသမီးအသင်းက အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

အုပ်စုပွဲစဉ်များကို မေ ၃၁ ရက်မှ ဇွန် ၂ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာအသင်းမှာ ဗီယက်နမ်အသင်းနှင့် တစ်ဂိုးစီ သရေ၊ မလေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိကာ ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စု ပထမရရှိခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က) ၌ ထိုင်းအသင်းက ပထမ၊ ဖိလစ်ပိုင်အသင်းက ဒုတိယ၊ အုပ်စု(ခ)၌ မြန်မာအသင်းက ပထမ၊ ဗီယက်နမ်အသင်းက ဒုတိယ ရရှိခဲ့သည်။ ယင်းပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး လေးသင်း နှစ်အုပ်စုခွဲကာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း၊ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အမျိုးသမီးဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ယူ-၁၄ ဘောလုံးပြိုင်ပွဲကို ဇုန်အလိုက်ခွဲ၍ ကျင်းပနေခြင်းဖြစ်သည်။

## လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယနေ့ကျင်းပမည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဇွန် ၂**

ဆူဇူကီးဖလားပြိုင်ပွဲ အကြိုကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ (AYA Bank Cup 2016) ကို ဇွန် ၃ ရက်(ယနေ့) စတင်ကျင်းပတော့မည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် ဗီယက်နမ်အသင်းနှင့် ဟောင်ကောင်အသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင်မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းမှာ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဆူဇူကီးပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်ပြင်ဆင်လျက်ရှိပြီး ယခုပြိုင်ပွဲမှာ ပြင်ဆင်မှုများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် နည်းပြဂတ်ဖရိုင်းဒရစ်လက်ထက်တွင် နိုင်ပွဲပျောက်ဆုံးနေမှုကို စင်ကာပူအသင်းနှင့်ပွဲ၌ ချေဖျက်နိုင်ရန် လိုအပ်နေသည်။ ယခုပြိုင်ပွဲကို ခြေစွမ်းမြင့်မားသည့် ဗီယက်နမ်၊ ဟောင်ကောင်အသင်းတို့ပါဝင်နေရာ အောင်မြင်မှုရရှိရန်ခက်ခဲစွာ ကြိုးပမ်းရမည် ဖြစ်သော်လည်း စင်ကာပူကိုကျော်ဖြတ်ကာ ဗိုလ်လုပွဲတက်ရောက်နိုင်ရန် မျှော်လင့်လျက်ရှိသည်။ ပြိုင်ပွဲအကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ဟိုတယ်ရန်ကုန်၌ ကျင်းပသည်။




*စာမျက်နှာ ၁၄ ကော်လံ ၁* ■



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်မှ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လမ်းပိုင်းအလိုက်(မြန်မာကျပ်ငွေဖြင့်) လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်စဉ်(၁)၊ ၂၀၁၆-၂၀၁၇
(က) လမ်းခင်းကျောက်အရွယ်စုံ - (ခ)ဘိလပ်မြေ
၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၉-၆-၂၀၁၆ရက်(ကြာသပတေးနေ့)
၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၂-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)
၄။ **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်၊ အချိန်** - ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) ၁၀:၀၀ နာရီ
၅။ **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်ရုံး၊ ဖုန်း-၀၆၄-၄၀၃၀၉ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ လမ်းဦးစီးဌာန၊ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ လိုအပ်သည့်ပစ္စည်းအမျိုးအစား၊ ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာမြို့နယ်ရုံးများတွင် စုံစမ်းနိုင်ပါသည်။
၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၆-၆-၂၀၁၆ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၀-၆-၂၀၁၆ရက်၊ ညနေ ၄:၀၀နာရီ
**ဝယ်ယူရမည့်နေရာ** - ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ညောင်ဦးမြို့နယ်၊ ဖုန်း-၀၆၁-၆၀၂၇၆
- ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့နယ် ဖုန်း-၀၆၁-၅၀၅၆၄
**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ညောင်ဦးခရိုင်၊ ဖုန်း-၀၆၁-၆၀၃၂၀
**တင်ဒါဖွင့်မည့်ရက်** - ၂၁-၆-၂၀၁၆ရက် နံနက် ၁၀:၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## သင်တန်းသားခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံနှင့်ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းများတွင် ၂၀၁၆ခုနှစ် ဇူလိုင် ၁ရက်၌ စတင်ဖွင့်လှစ်မည့် အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းကျောင်း | သင်တန်းအမည် | လက်ခံမည့် သင်တန်းသား ဦးရေ |
|---|---|---|---|
| ၁ | ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ | ရိုးရာလွန်းရာကျအချိတ် (၆)လ သင်တန်း | ၁၀ ဦး |
| ၂ | ရက်ကန်းနှင့်အသက်မွေး ပညာသင်တန်းကျောင်း (စစ်တွေ၊ မုဒုံ၊ တောင်ကြီး၊ မိတ္ထီလာ၊ မုံရွာ၊ ပခုက္ကူ၊ ရွှေတောင်၊ ဖလမ်း၊ မြစ်ကြီးနား၊ လှိုင်ကော်၊ ဘားအံ၊မင်းတပ်၊ကျောက်မဲ) | (က) ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူ (၁)နှစ် သင်တန်း | မုံရွာကျောင်း (၄၀)ဦးနှင့် ကျန်ကျောင်းများ (၁)ကျောင်း လျှင် (၂၀)ဦးစီ ဖြင့် စုစုပေါင်း (၂၈၀)ဦး |
| | | (ခ) လက်ရက်ကန်း (၆)လ သင်တန်း | (၁)ကျောင်း လျှင် (၁၀)ဦးစီ ဖြင့် (၁၃၀)ဦး |

၂။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။အမှတ်စဉ်(၁) သင်တန်းနှင့် အမှတ်စဉ်(၂)၊
(ခ) သင်တန်းအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ အမှတ်စဉ်
(၂) (က)သင်တန်းအတွက် အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
(ခ) ၁-၇-၂၀၁၆ရက်တွင် အသက် (၁၆)နှစ်ပြည့်ပြီး (၂၅)နှစ်မကျော်ရ။
(ဂ) အိမ်ထောင်မရှိသူဖြစ်ရမည်။
(ဃ) ရိုးရာလွန်းရာကျအချိတ်သင်တန်းကို အမျိုးသမီးများသာ လျှောက်ထားနိုင်သည်။
(င) ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ (၁)နှစ်သင်တန်းနှင့် လက်ရက်ကန်း (၆)လ သင်တန်းအတွက် အရပ်အမြင့် (ကျား) ၅ပေ ၁လက်မ၊ (မ) ၄ပေ ၁၁ လက်မရှိရမည်။
၃။ သင်တန်းတိုင်းအတွက် အဆောင်အခမဲ့နေထိုင်ခွင့်ပြုမည့်အပြင် ပညာသင်ထောက်ပံ့ကြေးတစ်ဦးလျှင် တစ်လ ၃၀၀၀၀ိ/-ချီးမြှင့်မည်ဖြစ်ပြီး ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ပါဝင်စားသည့် သတ်မှတ်အရပ်အမြင့်ရှိသူများအား အသက်ကန့်သတ်ချက်လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။
၄။ လျှောက်ထားလိုသူများသည် အထက်ပါ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းများနှင့် အောက်ဖော်ပြပါရုံးများတွင် စုံစမ်းလျှောက်ထားနိုင်ပါသည်-
(က) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ အဆောက်အအုံအမှတ်(၁၆)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၇၃၊ ၀၆၇-၄၁၀၂၄၀၊ ၀၆၇-၄၁၀၃၇၀
(ခ) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးများ (မြစ်ကြီးနား၊ လှိုင်ကော်၊ ဘားအံ၊ ဟားခါး၊ မုံရွာ၊ ထားဝယ်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မော်လမြိုင်၊ ရန်ကုန်၊ စစ်တွေ၊ တောင်ကြီး၊ ပုသိမ်၊ နေပြည်တော်ကောင်စီ)

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ရော်ဘာ (၆၅၈.၁၉) တန်အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချခြင်းကို မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။
(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၃-၆-၂၀၁၆ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၃၀-၆-၂၀၁၆ရက် ၁၃:၀၀နာရီ
၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်းအောက်ဖော်ပြပါလိပ်စာများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**
**ရုံးအမှတ် ၅၀၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၁၂၈၊ ၀၆၇-၄၃၁၃၃၂**

### မြန်မာ့သစ်လုပ်ငန်း
## ပစ္စည်းအဟောင်းများ အိတ်ဖွင့်လေလံရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ရုံးလက်အောက်ရှိ သစ်ထုတ်ရေးဒေသများနှင့် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနများတွင် အောက်ဖော်ပြပါပစ္စည်းဟောင်းများအား အိတ်ဖွင့်လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
(က) တာယာ (၆၄၈)လုံး
(ခ) ဘက်ထရီ (၂၈၈)လုံး
(ဂ) လွှပိုင်း (၁၀)ချပ်
(ဃ) သံတိုသံစ (၂.၁၅)တန်
(င) သံရေတိုင်ကီ (၁၂၆)လုံး
၂။ **လေလံတင်ရောင်းချမည့်နေရာ** - ဒုတိယအထွေထွေမန်နေဂျာရုံး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)
၃။ **လေလံရောင်းချမည့်ရက်နှင့်အချိန်** - ၁၇-၆-၂၀၁၆ရက် နံနက် ၁၀:၀၀နာရီ
၄။ **လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံရောင်းချမည့်ရက်နှင့်နေရာ** - ၅-၆-၂၀၁၆ရက်မှ ၁၆-၆-၂၀၁၆ရက်ထိ(ရုံးချိန်အတွင်း)၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရပ်ကွက်(၁)၊ နယ်မြေ(၇)၊ သစ်တောလမ်း၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၅၀၇၀၆၇၆၊ ၀၉-၇၉၇၀၉၁၇၄၄၊၀၈၂-၂၃၇၉၆၊ ၂၃၁၈၈

### မြို့နယ်စည်ပင်သာယာရေးအဖွဲ့
### မိတ္ထီလာမြို့
## တင်ဒါခေါ်ယူခြင်း

၁။ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မိတ္ထီလာမြို့နယ်အတွင်း သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိသော မိလ္လာသိမ်းဆည်းခြင်းလုပ်ငန်းအား အောက်ဖော်ပြပါမိလ္လာသိမ်းဆည်းခနှုန်းထားများဖြင့် ပုဂ္ဂလိကသို့ တင်ဒါချထားလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သဖြင့် ၂၇-၆-၂၀၁၆ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

**မိလ္လာသိမ်းဆည်းခနှုန်းထားများ**
(က) မိလ္လာယာဉ်ဂါလန်(၆၀၀)ဆံ့ ကားလေး(၁)ခေါက်-၃၇၆၀၀ိ/-
(ခ) မိလ္လာယာဉ်ဂါလန်(၁၂၀၀)ဆံ့ ကားကြီး(၁)ခေါက်-၅၀၀၀၀ိ/-

၂။ မိလ္လာယာဉ်ငှားရမ်းအသုံးပြုသူများမှ အထက်ဖော်ပြပါ မိလ္လာသိမ်းဆည်းခနှုန်းထားများအတိုင်း ကျခံပေးဆောင်ရမည်ဖြစ်ပြီး မိလ္လာသိမ်းဆည်းခြင်းလုပ်ငန်း တင်ဒါရရှိသူသည် မိလ္လာသိမ်းယာဉ်အား မိမိအစီအစဉ်ဖြင့်ဝယ်ယူ၍ အဖွဲ့သို့တစ်လလျှင် ကျပ် ၃၀၀၀၀၀ိ/-(ကျပ်သုံးသိန်းတိတိ/-) ပေးသွင်းရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များအားသိရှိလိုပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လာရောက်၍လည်းကောင်း၊ ရုံးဖုန်း-၀၆၄-၂၃၀၁၀သို့ ရုံးချိန်အတွင်း ဖုန်းဆက်၍လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### နေပြည်တော်အရိုးရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများ(FDA)အသိအမှတ်ပြုများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။
၂။ **တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၆-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၇-၂၀၁၆ ရက် ညနေ ၄:၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**နေပြည်တော်အရိုးရောဂါအထူးကုဆေးရုံကြီး**
**ဥတ္တရသီရိဟိုတယ်ဇုန်အနီး၊ သစ်ဝင်တိုင်းရွာအနီး**
**ဖုန်း-၀၆၇-၄၁၇၁၇၀**

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ခုတင်(၂၀၀)သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ထုတ်ယူရမည့်ရက်** - ၁၃-၆-၂၀၁၆ ရက်
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၇-၂၀၁၆ ရက်(သောကြာနေ့)၊ ညနေ ၄:၀၀ နာရီတိတိ
၄။ တင်ဒါလျှောက်လွှာများကို သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့တွင် ထုတ်ယူနိုင်ပါသည်။
၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး၊ သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့ ဖုန်း-၀၉-၆၅၆၀၆၁၄**

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်
### တည်ဆောက်ရေးလုပ်ငန်းများအတွက်
## တင်ဒါခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြုလိုင်စင်ရလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| ၂။ **တည်နေရာ** | **လုပ်ငန်း** |
|---|---|
| (က) ကယားပြည်နယ်၊ လွိုင်ကော်မြို့ | (၄)ခန်းတွဲ(၃)ထပ်(၁၂ယူနစ်ပါ) (RC)အဆောက်အအုံ(၅)လုံး (ရေ/သန့်၊ လျှပ်စစ်အပါအဝင်) |
| (ခ) ကယားပြည်နယ်၊ ဘောလခဲမြို့ | (၄)ခန်းတွဲ(၃)ထပ်(၁၂ယူနစ်ပါ) (RC)အဆောက်အအုံ(၂)လုံး (ရေ/သန့်၊ လျှပ်စစ်အပါအဝင်) |

၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃၀-၆-၂၀၁၆ရက် (ကြာသပတေးနေ့)
**အချိန်** - ၁၄:၀၀နာရီ
၄။ အဆောက်အအုံတစ်လုံးလျှင် Lot တစ်ခုနှုန်းဖြင့် တင်ဒါလျှောက်လွှာရောင်းချသွားမည်ဖြစ်ပြီး တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁-၆-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ပြည်နယ်ညွှန်ကြားရေးမှူးရုံး**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ကယားပြည်နယ်၊ လွိုင်ကော်မြို့**
**ဖုန်း-၀၈၃-၂၃၀၇၆**

### ပညာရေးဝန်ကြီးဌာန
### အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်
### National Management Degree College နှင့် MPDC Education
### တို့ပူးပေါင်း၍ ဖွင့်လှစ်သော
### Certificate in Marketing Management (CMM)
## အမှတ်စဉ် (၈) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်နှင့် Myanmar Professional Development Center (MPDC) တို့ ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်း အမှတ်စဉ် (၈) ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။
၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။
၂။ သင်တန်းကာလမှာ (၆)လဖြစ်ပြီး၊ ၂၀၁၆ခုနှစ် မေ ၃၀ ရက်တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများကို ဆက်လက်တက်ရောက်နိုင်ပါသည်။
၄။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပါသည်။
၅။ ပညာအရည်အချင်း အထောက်အထား(မူရင်း)နှင့် မိတ္တူ နှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် မိတ္တူ နှစ်စုံ၊ လိုင်စင်ဓာတ်ပုံ (၅)ပုံတင်ပြရမည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

**အသေးစိတ်သိရှိလိုပါက-အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်(လေးထပ်စာသင်ဆောင်၊ MPDC ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၇၉၅၂၇၅၆၈၃၊ ၀၉-၄၂၁၁၀၄၇၇၁**

### တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည့် မြေလမ်း(၁)လမ်း၊ ကျောက်ခင်းလမ်း (၉) လမ်း၊ ကွန်ကရစ်လမ်း(၁)လမ်း၊ သံကူကွန်ကရစ်တံတား(၃၃)စင်း၊ သံကူကွန်ကရစ် ရေပွန်(၇)ခုနှင့် အိမ်ရာဆောက်လုပ်ရေး(၁၁)လုံး၊ သောက်သုံးရေရရှိရေး ကျေးရွာ (၉)ရွာနှင့် ဆိုလာမီးရရှိရေး ကျေးရွာ (၁၁)ရွာ လုပ်ငန်းများအား ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းတင်သွင်းနိုင်ပါသည်-

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်** - ၁-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ရက်မှစတင်၍ ရုံးချိန်အတွင်း
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့) ၁၆:၀၀ နာရီ
**အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆိပ်ကမ်းသာလမ်း၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၂၁၂၆၊ ၀၅၉-၂၃၉၃၄၊ ၀၉-၈၇၆၂၃၆၄၊
**အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၆ရက် (ကြာသပတေးနေ့) ၀၉:၀၀ နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ** - မြို့တော်ခန်းမ၊ ထားဝယ်မြို့

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မြိတ်ဌာနခွဲမှ ခုံအမှတ်-၄ပ-၁၁၈ မအေးအေးလင်း၏ ဖခင် ဦးအာစွတ်နှင့် ဦးအာရွတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအာစွတ်(ခ)ဦးအာရွတ်**
**၆/မအရ(နိုင်)၀၆၈၇၂၃**

### အမည်ပြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်၊ အထက (၁)၊ အဋ္ဌမတန်းမှ မောင်ဖွဲ့ဇေယျာထွန်းအား မောင်ဖွဲ့ဇေယျာဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖွဲ့ဇေယျာ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့၊ သွေးသောက်ရပ်ကွက်၊ အိမ်အမှတ် ၁၅ နေ ဦးရွှေချစ်၏သား ဦးအောင်မြတ်မွန်နှင့် ဦးအောင်မြမွန် ၁၀/မလမ(နိုင်)၁၀၇၈၅၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအောင်မြတ်မွန်(ခ)ဦးအောင်မြမွန်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဖြူမြို့နယ်၊ လဲရောင် အထက (ခွဲ)ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မယဉ်မာစိုးနှင့်သတ္တမတန်းမှ မသက်သက်စိုးတို့၏ဖခင် ဦးစောအောင် ၆/ရဖန(နိုင်)၀၁၀၃၄၁ နှင့် ဦးစိုးအောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

